ဘကြည်ဝေါက်

# ပိုးကောင်များ

## ဒို့အရေး အမျိုးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.foreverspace.com.mm

www.foreverspace.com.mm

# ပိုးကောင်များ

အကြည်တော်

တော်ဝင်မြို့မစာအုပ်တိုက်
အမှတ်(၇၇)၊ ၃၈-လမ်း၊ ကျောက်တံတား။
ဖုန်း - ၃၇၉၅၇၃

www.foreverspace.com.mm

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၀၄၀၅၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၅၈၀၅၀၈

အဖုံးဒီဇိုင်း - ကိုဆန်း

ထုတ်ဝေသူ - ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀)
အမှတ်(၇၇)၊ (၃၈)လမ်း၊
ကျောက်တံတားမြို့နယ်။

မျက်နှာဖုံးနှင့် အတွင်း

ပုံနှိပ်သူ - ဦးထွန်းလင်း (ဖိုးဝပုံနှိပ်တိုက်)
အမှတ်(၁၄၀)၊ (၄၅)လမ်း၊
ဗိုလ်တထောင်မြို့နယ်။

အတွင်းဖလင် - ကိုဦးနှင့်ညီများ

စာအုပ်ချုပ် - ကြူကြူမွေး

ပုံနှိပ်ခြင်း - ပထမအကြိမ်
၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၀၀၀ ကျပ်

www.foreverspace.com.mm

**မင်္ဂလာပါ...ရွှေပိုးကောင်**

မင်္ဂလာပါခင်ဗျာ. . .။

ကျွန်တော်ဒီစာအုပ်နဲ့ပတ်သက်ပြီး အနည်းငယ် ပြောလိုပါ တယ်။ ဒီဝတ္ထုတွေကို အနာဂတ် အလင်းဆိုတဲ့ မဂ္ဂဇင်းမှာ အခန်းဆက် လစဉ်ရေးသားခဲ့ဖူးပါတယ်။ အဲဒီတုန်းကတော့ ခေါင်းစဉ်က မိန်းမပိုးနည်း ဆယ့်ကိုးနည်းဖြစ်ပါတယ်။

အဲဒီဝတ္ထုကိုပဲ လုံးချင်းအဖြစ်ပြန်ထုတ်တဲ့အခါ ဆယ့်ကိုးနည်းလုံး အပြည့်အဝဖော်ပြခွင့်မရပါဘူး။ ဖော်ပြခွင့်မရတဲ့အကြောင်းက စာမျက်နှာ အခက်အခဲကြောင့်ပါ။ ဆယ့်ကိုးနည်းလုံးဖော်ပြရင် စာမျက်နှာငါးရာကျော် ခြောက်ရာ နီးပါးဖြစ်သွားပါလိမ့်မယ်။

ဒါ့ကြောင့် အဆင်ပြေနိုင်သလောက်သာ ခွဲဝေပြီးပရိသတ်လက်ထဲ အရောက်ပို့လိုက်ရပါတယ်။ စာအုပ်ကိုသေသပ်လှပအောင် လုပ်ချင်တာ လည်းပါပါတယ်။

နောက်ပြောလိုတာက စာအုပ်ရဲ့နာမည်ကိစ္စပါ။

ဒီစာအုပ်မှာ ကျွန်တော်ရေးထားတာက မိန်းမပိုးနည်းတွေပါပဲ။ မဂ္ဂဇင်းမှာရေးခဲ့တာက မိန်းမပိုးနည်းဆယ့်ကိုးနည်းပါ။ ဒါပေမယ့် စာအုပ်အဖြစ်ထုတ်ပေးတဲ့အခါ အဲဒီဆယ့်ကိုးနည်းလုံးပါဝင်နိုင်ခြင်းမရှိပါဘူး။ အားလုံးအပြည့်အစုံမပါတဲ့အတွက် မူရင်းနာမည် မိန်းမပိုးနည်းဆယ့်ကိုးနည်းကို ပြန်လည်သုံးစွဲလို့ မဖြစ်နိုင်ပြန်ပါဘူး။ ဒါကြောင့် မတတ်သာတဲ့အဆုံး ဝတ္ထုရဲ့ခေါင်းစဉ်နာမည်ကိုပဲ ပြင်ဆင်သုံးစွဲလိုက်ရပါတယ်။

ဘာပဲဖြစ်ဖြစ် ဒီအထဲက ဝတ္ထုတချို့ကို ပရိသတ်တချို့ကဖတ်ပြီးကောင်းလည်းဖတ်ပြီးဖြစ်နေကြပါလိမ့်မယ်။ မဖတ်ရသေးတဲ့ဝတ္ထုတွေလည်းပါနေပါလိမ့်မယ်။ ကျွန်တော့်အနေနဲ့ကတော့ အားလုံးက တစ်ချက်ကလေးရယ်လိုက်ရတယ်ဆိုရင်ပဲ လွန်စွာဝမ်းမြောက်မိမှာပါ။

လူတစ်ယောက်ရဲ့မျက်နှာပေါ် ဝမ်းနည်းဖို့အတွက် အကြောပေါင်းလေးဆယ့်သုံးခု လှုပ်ရပါတယ်တဲ့။

ရယ်မောပျော်ရွှင်ဖို့အတွက် ဆယ့်ခုနှစ်ကြောပဲလှုပ်ရပါတယ်လို့ဆိုပါတယ်။ လူတိုင်းကို အဲဒီဆယ့်ခုနှစ်ကြောလှုပ်အောင်လုပ်နိုင်ဖို့ဆိုတာ မလွယ်လှပါဘူး။ ဒါပေမယ့် ကျွန်တော့်စာအုပ်ကိုဖတ်ပြီး အဲဒီဆယ့်ခုနှစ်ကြော တစ်ချက်ကလေးလှုပ်သွားတယ်ဆိုရင်ပဲ ကျွန်တော်ဒီစာအုပ်ကိုရေးရကျိုးနပ်ပါပြီ. . .။

ဘကြည်ဝက်

www.foreverspace.com.mm

ကျွန်တော် တို့ ဗုဒ္ဓဘာသာမြန်မာလူမျိုးတိုင်း ဘာသာတရား ကိုင်းရှိုင်းစွာဖြင့် ဘုရားရှိခိုးတတ်ကြပါတယ်။ အထူးသဖြင့် လူကြီးများနှင့် မိန်းကလေးများက ပိုပြီးသက်ဝင်ယုံကြည်ကြတဲ့အတွက် ဘာသာရေးအလုပ်ပိုလုပ်တတ်ကြပါတယ်။

အဲ. . . လူငယ်တွေကတော့ ငယ်တုန်းရွယ်တုန်း မှာ ဘာသာရေး သိပ်မလုပ်ဖြစ်ကြပေမယ့် အသက်ကြီးလာ၊ လူကြီးပိုင်းရောက်လာတဲ့အခါ သူ့အလိုလို ဗုဒ္ဓမြတ်စွာဘုရားကို ကြည်ညိုရမှန်း သိလာတတ်ကြပါတယ်။ အဲ. . . ငယ်ငယ်ရွယ်ရွယ်နဲ့ ကြည်ညိုကြတဲ့လူတွေလည်း ရှိသပေါ့လေ။ ဒါကြောင့် ဘုရားတွေပေါ်မှာဆိုကြည့်ပါလား။ ဘယ်နေရာကြည့်ကြည့် အတွဲတွေချည်းပဲ. . .။ အဲလေ. . . ဟုတ်ပေါင်. . .။


သူတို့ခမျာလည်း ချစ်တယ်ဆိုတဲ့စကားကို ပိုပြီးယုံကြည်ရအောင် ဘုရားကိုသက်သေထားပြီး ကျိန်ပြောခိုင်းချင်ကြလို့နေမှာပေါ့. . . နော။ အဲဒီအတိုင်းဆို ဗုဒ္ဓမြတ်စွာဘုရားလည်း တစ်နေ့တစ်နေ့သမီးရည်းစားတွေအတွက် သက်သေခံလိုက်နေရတာနည်းမှာမဟုတ်ဘူး. . .။

ထားပါတော့။

www.foreverspace.com.mm



www.foreverspace.com.mm



| | | |
|---|---|---|
| အမည် | - | ခိုင်မင်း |
| ပိုးကောင်အမှတ် | - | ပ ◦ က ၀၀၁ |
| အမည်ပေါက်ပိုးနည်း | - | ဘုရားရှိခိုးနည်း |

www.foreverspace.com.mm

**ကျွန်တော့်**မှာ အရမ်းဘုရားရှိခိုးတဲ့ သူငယ်ချင်းတစ်ယောက်ရှိခဲ့ဖူးတယ်။ သူ့နာမည်က ခိုင်မင်းတဲ့။ လူကတောင်တွင်းသား မည်းသမှပြောင်လို့ . . .။

အဲဒီတုန်းက ကျွန်တော်တို့နေတာက ပန်းချီပန်းပုကျောင်းမှာ။ သူကပန်းချီပန်းပုလာ တက်နေတာ။ ကျွန်တော်က ကျောင်းမြောင်. . .။

ပန်းချီပန်းပုကျောင်းဆိုတာကလည်း သိတယ်မဟုတ်လား။ ရွှေတိဂုံဘုရားနဲ့အနီးလေးရယ်။ ကျောင်းက ဗဟန်းမှာဆိုတော့ လမ်းဟိုဘက်ကူးလိုက်တာနဲ့ ဘုရားရောက်ပြီ။

ဖြစ်ချင်တော့ ဆရာသမားက ရွှေတိဂုံဘုရားသွားဖူးရင်းနဲ့ ဘုရားစောင်းတန်းမှာ ရုပ်တုတွေရောင်းတဲ့ဆိုင်တစ်ဆိုင်က ကောင်မလေးကိုကြိုက်သွားတာ။

ကြိုက်ပုံကြိုက်လက်ကလည်း ဆန်းတယ်။ နေ့စဉ်ဘုရားပေါ်တက်ကောင်မလေးကိုခိုးကြည့်။ မှတ်။ ကျောင်းရောက်ရင် ကောင်မလေးရဲ့ပုံကိုပန်းချီပြန်ရေးတာ။ သူ့ခုတင်နားဆို အဲဒီ ကောင်မလေးပုံတူတွေချည်းပဲနည်းတာမဟုတ်ဘူး။ ပုံတူရေးတယ်လို့လည်းမဟုတ်ပါဘူး။ ဒါကအကြောင်း

မဟုတ်ပါဘူး။ သူ့ဖာသာတူနေရင်ပြီးတာပါပဲ။ မရှိဘူးဆို အနည်းဆုံး လေးငါးဆယ်ပျော့ပျော့လောက်တော့ရှိမယ်ထင်တယ်။ အဲဒီလောက်ကို ရှူးမူးတာ။

ဒါနဲ့ ကျွန်တော်တို့က သူ့အဖြစ်ကိုကြည့်ပြီး မနေနိုင်တော့ဘူး။ ဟုတ်တယ်လေ သူ့ခမျာ ကောင်မလေးကိုတွေ့ဖို့ ဘုရားတက်တက်နေရတာနဲ့ ခြေသလုံးလည်း အာနိုးဖြစ်နေပြီ။ ကောင်မလေးက သူ့ကိုကြိုက်နေမှန်းတောင် သိပုံမရဘူး။ ဒါကြောင့်. . .။



www.foreverspace.com.mm

www.foreverspace.com.mm



"**ငါ့ညီ**ပြောင်ဝင်း မောင်ခိုင်မင်း။ မင်းဒီအတိုင်းသွားနေလို့ကတော့ ကောင်မလေးက မင်းကို သတိထားမိမယ်တောင်မထင်ဘူး။ တခြားနည်းလေးဘာလေး ပြောင်းသုံးပါဦး. . ."

ခိုင်မင်း ခေါင်းကိုကုပ်ပြီး. . .

"ငါလည်းဘယ်လိုလုပ်ရမှန်းမသိတော့ပါဘူးကွာ။ သူ့ကိုပိုးချင်လို့ ရွှေတိဂုံဘုရားကြီးတက် တက်ဖူးနေရတာ အာသဝေါတောင်ကုန်နေပြီ။ အဲ. . . တဏှာလေးနည်းနည်းကျန်နေလို့ မင်းတို့ငါ့ကို လူဝတ်နဲ့မြင်ရတာ. . ."

သြော်. . . အာသဝေါကျတော့ကုန်ပြီ. . . တဏှာလေးပဲကျန်သေးလို့တဲ့၊ ပြောပုံ. . .။

"ဒါဆို ဒီလိုလုပ်ပါလား. . ."

"ဘယ်လို. . ."

"သူ့ဆိုင်သွားပြီး သူရောင်းတဲ့ ဆင်းတုတွေသွားဝယ်ပေါ့. . ."

"ဟာ. . . နဂိုကတည်းမှ ခုတင်ကလှုပ်စိလှုပ်စိနဲ့။ မနည်းတောင်းပန်ပြီးခိုင်ခိုင်ထားရတာ။ တစ်နေ့တစ်ရုပ်ပုံမှန်သွားဝယ်တင်ရင် ခုတင်

ကျိုးရချည်ရဲ့. . . ”

“ငါအကြံရပြီ. . . ”

ဘိုအောင်လို့ခေါ်တဲ့ ပန်းချီကျောင်းနှစ်ကြီးသမား ကိုအောင်မျိုးဝင်းက မည်းမှောင်မှောင်မှုန်တုန်တုန်မျက်နှာကို ဝင်းလက်သောမျက်လုံးကောက်ကက်စွပ်ပြီးဝင်ပြောတယ်။

“ဘယ်လိုအကြံရတာလဲ”

“ဒီလိုကွ. . . မင်းလုပ်ရမှာက အင်္ကျီအဖြူအသန့်ဝတ်၊ လည်ပင်းမှာပုတီးတစ်ကုံးကိုဆွဲ၊ လက်မှာကလည်း ပုတီးတစ်ကုံးကိုစွပ်၊ အောင်သပြေပန်းကိုလည်း လက်မှာကိုင်၊ တရော်ကင်ပွန်းကို . . . ”

“ဟုတ်ပါပြီ. . . အဲဒါတွေအကုန်လုံးဝယ်ပြီး ကျုပ်ကရှူးနေပါပြီးဆိုပြီး လမ်းပေါ်လျှောက်ပြေးနေရမှာလား. . . ”

ဘိုအောင်စကားမဆုံးသေးဘူး ခိုင်မင်းကဖြတ်ပြောတယ်။ ဘိုအောင်ကတင်းသွားပြီး. . .

“ဟေ့ကောင် မင်းကိုကောင်းစားစေချင်လို့ အကြံပေးနေတာကွ၊ နားမထောင်ချင်နေ”

ဒီလိုကျတော့လည်း မောင်ခိုင်မင်းပျာပျာသလဲဖြစ်သွားပြီး. . .

“မ. . . မဟုတ်ပါဘူးကွာ. . . ငါက မင်းနောက်နေတယ်မှတ်လို့ဖြတ်ပြောမိတာပါ။ ပြောမှားဆိုမှားရှိရင်ခွင့်လွှတ်ပါကွာ. . . လုပ်ပါဦး ငါဘယ်လိုလုပ်ရမယ်ဆိုတာ. . . ”

“ဟွင်း. . . ”

ဆိုပြီး တစ်ဖက်လှည့်ပြီး မူနေလိုက်တာ. . .

“လုပ်ပါကွာ. . . ပြောပါ. . အားကိုးပါတယ်. . . ”

ဒီတော့မှ ဘိုအောင်က ခွေးဘီလူးအိုကြီး နင်နေတဲ့အရိုးကိုမြိုပြီး အလုံးကြီးကျသွားသလိုမျိုးနဲ့ သက်ပြင်းကိုချလိုက်ပြီး. . .

“နားထောင်. . . မင်းလုပ်ရမှာက. . . ”

♂ ♂ ♂



www.foreverspace.com.mm

www.foreverspace.com.mm

**နောက်**တစ်နေ့မနက်အစောကြီးမှာပဲ ခိုင်မင်းကို စတစ်ကော်လံ အဖြူအသန့်၊ ရခိုင်ပုဆိုး အညို၊ လည်ပင်းမှာ ပုတီးတစ်ကုံး၊ လက်မှာလည်း ပုတီးတစ်ကုံး၊ လက်ထဲမှာအောင်သပြေက တစ်ပွေ့၊ သစ်သီးတစ်ခြင်း၊ ထီးဖြူကုက္ကားတွေမြိုင်မြိုင်ဆိုင်ဆိုင် သိုက်သိုက်မြိုက်မြိုက်နဲ့ ရွှေတိဂုံဘုရားစောင်းတန်းပေါ် တက်လာတယ်။ ခါးကြားမှာလည်း ဖယောင်းတိုင်တစ်ထုပ်နဲ့ ယမ်းမီးခြစ်ကပါသေး။ ဝတ်ထားတာကလည်း ဘိုးတော်ရှူးပုံပေါက်နေတဲ့ အပြင် လက်ထဲမှာလည်း တိုလီမုတ်စတွေနဲ့ ရှုပ်ပွနေတယ်ဆိုတော့ အားလုံးက အထူးအဆန်းလိုဝိုင်းကြည့်ကြနေတယ်။ ဒါပေမယ့် သကောင့်သားက သိတယ်မဟုတ်လား။ လူသေအိပ်မောကျခါနီးရုပ်နဲ့ ခပ်တည်တည်ပဲ ဘုရားလှေကားခါးအတိုင်းဆက်တက်သွားတယ်။

ဘုရားစောင်းတန်းမှာရှိတဲ့ သူ့ကောင်မလေး ရုပ်တုရောင်းတဲ့ဆိုင်ရှေ့လည်းရောက်ရော၊ ဆတ်ခနဲငဲ့ကြည့်တယ်။ ပြီးတော့ လူသေမီးသဂြိုလ်စက်ထဲထည့်ခါနီး မီးဟပ်လို့လက်သွားတဲ့ မျက်လုံးမျိုးနဲ့ ရောင်စဉ်တွေအရင်ဖြာလိုက်သေးတယ်။ ပြီးတော့မှ 'ဟာ' ဆိုတဲ့ အာမေဋိတ်သံနဲ့အတူ အဲဒီဆိုင်ထဲဒရောသောပါးဝင်ရောက်သွားပြီး ရုပ်တုတစ်ခုရှေ့ ဒူးထောက်ထိုင်

ချလိုက်တယ်။ ကောင်မလေးကတော့ ရုတ်တရက်ဒီကောင်ဘာလုပ်ဖို့ ဆိုင်ထဲဝင်လာမှန်းမသိနိုင်ဘဲ ကြောင်ငေးကြည့်နေတယ်။

သကောင့်သားက ကောင်မလေးကိုမကြည့်ဘဲ ရုပ်တုတော်ရှေ့ တွေတွေကြီးစိုက်ကြည့်ကာ လက်အုပ်ချီပြီး. . .

"ကြည်ညိုလွန်းလို့ပါဗျာ. . ."

ဆိုပြီး ပြောင်ကြီးကို ဦးချလိုက်တယ်။ ကောင်မလေးကလည်း သူ့ဆိုင်ထဲက ရုပ်တုကို အင်းဟာ အင်းဟာဆိုပြီး ပယ်ပယ်နှယ်နှယ်လာပြီး ဦးချနေတော့ ဘာပြောလို့ပြောရမှန်း မသိဘူး။ အဝတ်အစားကြည့်တော့ တရားသမားဆွေခုနစ်ဆက်မျိုးခုနစ်ဆက်တော်စပ်ဖူးတဲ့ပဋ္ဌာန်းဆက်ကြီးလို အဝတ်အစား၊ ရုပ်ကြည့်တော့လည်း ဘုရားဒကာကြီး လူလစ်ရင်. . အေးလေ. . . ထားပါတော့ ဘုရားဒကာရုပ်။ဒါကြောင့် ဘယ်လိုမှ မတားနိုင်ပဲ ဒီအတိုင်းကြည့်နေရတယ်။

သကောင့်သားကလည်း ပြီးမယ်ထင်လား. . .

"တကယ်. . . တကယ့်ကိုကြည်ညိုစရာကောင်းလို့ပါဗျာ . . သြော်. . အနိစ္စ အနိစ္စ. . ဘယ်ဟာမှ အမြဲမရှိပါလားနော်. . . အင်း. . သာဓု. . . သာဓု. . . သာဓု. . ."

ဆိုပြီး ဘာတွေရွတ်မှန်းမသိ လက်ထဲကပါလာတဲ့ အောင်သပြေ တွေနဲ့ ရုပ်တုကို အပီအ ပြင်ပူဇော်လိုက်တယ်၊ နောက် ခါးကြားထိုးလာတဲ့ ဖယောင်းတိုင်ထုပ်ကြီးကိုထုတ် သစ်သားမီးခြစ်ကို ခြစ်ပြီး ရုပ်တုရဲ့လက်ပေါ် မီးပူဇော်လိုက်တယ်။ ပြီးတော့ ပြီတီတီနဲ့ ကောင်မလေးဘက်လှည့် လို့. . .

"ဒါနဲ့ နာမည်ဘယ်လိုခေါ်လဲဟင်. . ."

သူ့အမေးကိုကောင်မလေးကလည်း ဘယ်လိုသဘောပေါက်တယ် ရယ်မသိဘူး ပြန်ဖြေတယ်။

"ဘိုးဘိုးအောင်. . ."

"သြော်. . . ဘိုးဘိုးမြင့်အောင်တဲ့လား. . . မို့မို့မြင့်အောင်လိုပဲ နော်. . . နာမည်လေးကလှတယ်နော်. . ."

"ဘာဘိုးဘိုးမြင့်အောင်လဲ. . . ဒီကဒီအရုပ်ကို ဘိုးဘိုးအောင်လို့



www.foreverspace.com.mm

www.foreverspace.com.mm



ပြောတာ. . .”

သူမေးတာက ကောင်မလေးရဲ့နာမည်။ ဒါပေသည့်ကောင်မလေးက သူပူဇော်ပသထားတဲ့ ရုပ်တုနာမည်ကို ပြောတယ်။ ဒါကြောင့် ငတိလည်း ဘာဆက်ပြောရမှန်းမသိတော့ဘဲ. . .

“သြော်. . . ဘိုးဘိုးအောင်. . ဘိုးဘိုးအောင် ကျုပ်ဖြင့်တွေ့ချင်နေတာကြာပြီ။ အခုဘုရား လှေကားမှာမှလာတွေ့ရလေခြင်း . . . သြော် အနတ္တ. . . အနတ္တ ဘယ်အရာမှ အစိုးမရှိပါလား နော်. . . ပျောက်သောသူရှာလျှင်တွေ့တဲ့ အင်း. . . အင်း. . . ဒီစကားမှန်သား. . . အမျှ. . . အမျှ. . . သြော်. . . ဒါနဲ့ မီးထွန်းမယ်နော်. . . သာဓု. . . သာဓု ”

ဆိုတော့ ကောင်မလေးကြောင်တောင်တောင်နဲ့ခေါင်းညိတ်တယ်။ ငတိကလည်း ကောင် မလေးဆီက ခွင့်ပြုချက်ရတာနဲ့ ဘိုးဘိုးအောင်လက်ထဲထီးဖြူတွေ၊ ကုက္ကားတွေ ထည့်ပေးလိုထည့်ပေး၊ အမွှေးတိုင်တွေထွန်းလိုထွန်းနဲ့ အောင်မာ ပါးစပ်ကလည်း ပတွပ်ပတွပ်တွေ လုပ်နေတာ။

ဘေးနားကဆိုင်တွေကလည်း သူ့ရဲ့အထူးအဆန်းအပြုအမူကြောင့် အားလုံးဝိုင်းကြည့်နေကြတယ်။ ငတိကတော့ ဂရုမစိုက်ဘဲခပ်တည်တည်နဲ့ သူလုပ်စရာရှိတာတွေ အကုန်လုပ်နေတယ်။ တစ်ဆိုင်လုံးလည်း ဖယောင်းတိုင်မီးတွေ ပြည့်နေပြီ။ အမွှေးတိုင် နံ့တွေကလည်းပတ်ဝန်းကျင်ကို စူးစူးဝါးဝါးထိခိုက်နေပြီ။ ဒီကြားထဲ မထင်ရင်မထင်သလို အိပ်ထောင်ထဲဆောင်လာတဲ့ စပရေးရေမွှေးကို ‘ပရှ် ပရှ်’ ဆိုပြီး ရုပ်တုကိုလှမ်းပက်လိုက် သူ့ကိုယ်သူပြန်ပက်လိုက်နဲ့ လုပ်နေသေးတာသေးတာ။

သူလုပ်စရာရှိတဲ့ကိစ္စတွေအားလုံးပြီးတော့မှ ငတိကကောင်မလေးဘက်လှည့်လို့. . .

“ကဲ. . . ညီမလေး. . . သွားလိုက်ဦးမယ်နော်. . . နောက်နေ့မနက်မှပဲ တစ်ခေါက်လာပြီးပူဇော်ဦးမယ်. . . ဒါနဲ့ နာမည်လေးက. . . ”

ရမလားဆိုပြီး အလစ်မှာဖြတ်မေးတယ်. . . ဒါကိုကောင်မလေးက သိလို့လား တမင်လားတော့မသိဘူး ခပ်တည်တည်နဲ့ပြန်ဖြေလိုက်တယ်။

“ဘိုးဘိုးအောင်လေ. . . ”

"ဟင်. . ."

ကောင်မလေးရဲ့အဖြေကြောင့် သူတစ်ချက်ကြောင်သွားသေး တယ်။ နောက်မှ. . .

"ဩော်. . ဘိုးဘိုးအောင်. . ဘိုးဘိုးအောင်. . နာမည်လေးက ဆန်းဆန်းလေးနဲ့လှတယ်နော်"

ဆိုပြီး သံယောင်လိုက်တယ်။ နောက်ဆုံး မတတ်သာတဲ့အဆုံးကျ မှ အရပ်ကရေဝိုင်းချိုးပေးမှာကြောက်နေတဲ့ မသာမျက်နှာနဲ့. . .

"ကဲ. . . သွားမယ် နော်. . . နောက်နေ့မှပဲဆုံကြတာပေါ့. . . အင်း. . . ပဌာန်းဆက်တွေ ပဌာန်းဆက်တွေ. . ."



ဆိုပြီး လက်ကလေးနှစ်ဖက်ယှက်ပြီးရုပ်တုဘက်လှည့်လို့. . .

"သားတော်ကို ပြန်ကြွခွင့်ပြုပါဦး ဘဘဘိုးဘိုးအောင် မနက်ဖြန်ကျရင်ဘဘကြိုက်တတ်တဲ့ပန်းသီးတွေ သားဝယ်ခဲ့မယ်. . . ဘဘစားရမယ်နော်ကျန်းမာရေးကို ဂရုစိုက်ပါ. . ဒါပဲနော်. . စိတ်ပူလို့ပြောတာပါ. . ."

ရုပ်တုကို နေမကောင်းဖြစ်နေတဲ့ သူ့ပထွေးလိုသဘောထားပြီး အသေအချာမှာတယ်။ ပြီးမှ ဘုရားပေါ်တောင်မတက်တော့ဘဲ လူသေကို ရှေးခေတ်အဖြူအမည်းခါတ်ပုံနဲ့ရိုက်ထားတဲ့ မျက်နှာမျိုးနဲ့ မှုန်မှုန်မွှားမွှား ဖုန်ဖုန်ဖွှားဖွှားကြီးလုပ်ပြီး ပြန်ဆင်လာခဲ့တယ်။

ဘုရားပေါ်ကလူအားလုံးကတော့ သူ့ကို တွင်းထဲချခါနီးမသာ ထပြုံးပြတာမြင်လိုက်ရသလို တအံ့တဩကိုငေးကြည့်နေရတယ်။

ဝ ဝ ဝ



www.foreverspace.com.mm

www.foreverspace.com.mm

“**ဘယ့်**နှယ်လဲဟေ့ကောင် ကောင်မလေးနဲ့အဆင်ပြေရဲ့လား . . ”

ကျွန်တော့်အမေးကို ငတိကမျက်နှာရှုံ့မဲ့လိုက်ပြီး . . .

“မသိသေးပါဘူးကွာ. . ဘယ်လိုပြောရမှန်းတောင် မသိ ပါဘူး. . .’

“ဟာကွာ. . . မင်းဟာက နာမည်လေးတောင် မသိခဲ့ရဘူး လား. . . ”

ဘိုအောင်ကဖြတ်မေးတယ်။ ဒါကို ငတိက ဖဲဝိုင်းဒုက္ခပေးလို့ အိပ်ရေးပျက်နေတဲ့လူသေရုပ်နဲ့. . .

“ငါလည်းမေးတာပဲ. . . ”

“သူကဘာပြန်ပြောလို့လဲ. . . ”

“ဘိုးဘိုးအောင်တဲ့. . . ”

“ဟာကွာ မင်းဟာကလဲ. . . ”

သူ့စကားကြောင့် အားလုံးပျော့ကျသွားတယ်။ အားလုံးလည်း ဘာပြန်ပြောလို့ပြောရမှန်း မသိတော့ဘူး။ ဒီလောက်တုံးတဲ့ငတိကို ဘယ်လို သင်လို့သင်ရမှန်းလည်းမသိတော့ဘူး။ နောက်တော့မှကျွန်တော်က သတိ

www.foreverspace.com.mm

ရသွားပြီး. . .

“နေဦးကွ. . . မင်းဟာက အခုမှ တစ်ရက်ပဲရှိသေးတာ အခြေအနေကဘယ်ထူးခြားဦးမှာလဲ။ အဲဒီအတိုင်း နေ့တိုင်းသွားရင် ထူးခြားချင် ထူးခြားလာမှာပေါ့. . .”

ကျွန်တော့်စကားကြားတော့ သကောင့်သား မိတ်ကပ်ပြင်ထားတဲ့ မသာမျက်နှာလို ဝင်းတက်သွားပြီး. . .

“အေး မင်းပြောတာလည်းဟုတ်တယ်ကွ နေ့တိုင်းဒီအတိုင်းသွားပြီးပန်းပူဇော်နေရင် သူငါ့အချစ်ကိုအသိအမှတ်မပြုလို့ ဘယ်ရတော့မလဲကွ. . . နော် နော်. . . ဟော့ရောင်နော်. . .”

“ဒါပေါ့. . . မင်းနေ့တိုင်းသွားပြီး ဒီရုပ်တုကိုပန်းသွားဆက်နေရင် ပတ်ဝန်းကျင်ကလည်း မင်းကိုဆတ္တလို ပန်းပြတ်သမားဆိုပြီး. . . အဲလေ. . . ဗျတ္တလိုပန်းဆက်သမားဆိုပြီး ပြောကြမှာ အဲဒါဆို ကောင်မလေးမချစ်ဘဲ ဘယ်နေနိုင်မလဲကွာ. . .”

ထောက်သာထောက်ခံရတာ။ အခြေအနေက သိပ်ပြီးမသေချာ ဘူး။ ဒါပေမယ့် သိတယ်မဟုတ်လား ကိုယ့်သူငယ်ချင်း ကလေးမသာက တော့ အားရသွားလေရဲ့. . .။

နောက်တစ်နေ့မနက်စောစောမှာလည်း ငတိကထုံးစံအတိုင်းပဲ၊ အပေါ်အဖြူ အောက် အညိုနဲ့ သန့်ပြန့်အောင်ဝတ်ဆင်ပြီး၊ လည်မှာပုတီး ဘယ်ညာစီး၍၊ ကုက္ကားတံခွန်၊ အချွန်အတက်တောင်လက် စုံလင်စွာ အောင်သပြေတစ်ခြင်း၊ နှင်းဆီဝါတဝင်းဝင်းနဲ့ လုံးကွင်းမှာဖယောင်းတိုင် အိတ်ထိုင်မှာရေမွှေး၊ နံဘေးမှာမီးခြစ်ညှပ်လို့ ရွှေတိဂုံဘုရားစောင်တန်း လှေကားတစ်လျှောက် မိတ်ကပ်တစ်ထွာလောက်နဲ့ အပြေးရောက်လာပြန်သပေါ့။

သူကြိုက်တဲ့ကောင်မလေးဆိုင်ရှေ့ရောက်တာနဲ့ ဆတ်ခနဲလှည့်ကြည့်လိုက်ပြီး. . .

“ဟာ. . .”

ဆိုပြီး အော်တယ်။ နောက်. . .။

ငတိတကယ်အံ့အားသင့်သွားတယ်။

"ဟင်. . ."

သူအသေအချာပြန်ကြည့်တယ်။ ဟုတ်တယ်၊ အံ့အားသင့်မယ်ဆိုလည်းသင့်စရာ၊ ကောင်မလေးဆိုင်ရှေ့ထောင်ထားတာ မနေ့ကသူကြည်ညိုပါတယ်ဆိုတဲ့ အရုပ်မဟုတ်တော့ဘူး။ နောက်တစ်ရုပ်ဖြစ်နေပြီ။ ဒါပေမယ့်သိတယ်မဟုတ်လား။ ငတိကပေါက်တဲ့နဖူးမထူးတော့ဘူးဆိုပြီး ပိုင်းဖြတ်လိုက်သလားမသိဘူး။ သူသွားရမယ့်ဘုံကိုသိပြီး အံ့အားသင့်သွား တဲ့လူသေမျက်နှာလိုလက်ခနဲပြောင်းလိုက်ပြီး. . .

"အောင်မလေး. . . ကြည်ညိုလိုက်တာ. . . ကြည်ညိုလိုက်တာ. . . ကြည်ညိုလွန်းလိုက်တာ. . ."

ဆိုပြီး ဆိုင်ထဲပြေးဝင်သွားတယ်။ ပြီးတော့ ကောင်မလေးကိုပါစစ်ကူတောင်းတဲ့အထာမျိုးနဲ့. . .

"အောင်မလေး မနေ့ကထက်တောင် ကြည်ညိုဖို့ပိုကောင်းနေပြီ"

ဆိုပြီးပြောတယ်။ သူ့ဒရောသောပါးအပြုအမူကြောင့် ကောင်မလေးယောင်တောင်တောင်နဲ့ခေါင်းညိတ်တယ်။ ဒီတော့မှ ငတိပိုအားတက်သွားပြီး. . .

"အဲဒီလိုကြည်ညိုစရာကောင်းတာကိုမှ ကန်တော့ချင်နေတာအင်းဟာ. . . အင်းဟာ. . မှတ်ပလား. . . ကိုင်း. . . အင်းဟာ. . ."

ဆိုပြီး အပီအပြင်ကိုထိုင်ကန်တော့တော့တာ။ ပြီးတော့မှဇက်ကြောဆွဲသေခါနီးလူလို ခေါင်းကိုမခို့တရို့မော့ပြီး. . .

"ဒါနဲ့. . နာမည်ဘယ်လိုခေါ်လဲဟင်. . . ဟီး. . ဟီး. ."

"ဘိုးမင်းခေါင်. . ."

"ဩော်. ."

ငတိ ဘာပြန်ဖြေလို့ဖြေရမှန်းမသိဖြစ်သွားတယ်။ ဟုတ်တယ်လေမနေ့ကမေးတော့ ဘိုးဘိုးအောင်တဲ့. . . ဟော. . ဒီနေ့ကျတော့ ဘိုးမင်းခေါင်ဖြစ်နေပြန်ပြီ။ ဘာပဲဖြစ်ဖြစ် အံကြိတ်လုံးမယ်ဆိုပြီး စိတ်ဆုံးဖြတ်တဲ့ငတိက သူ့ပကတိလူသေမျက်နှာကိုထုံးသုတ် ချက်ချင်းနန္ဒင်းပုတ်ရောင်

www.foreverspace.com.mm



ပြောင်းလိုက်ပြီး. . .

"အော်. . . ဘယ်လိုပဲပြောပြော. . . ဒီအရုပ်ကလည်း ကြည်ညိုဖို့ကောင်းတာပဲ. . . ဘိုးမင်းခေါင်လေး. . . ဟဲ့. . . ပလူး. . . ပလူး. . . ပလူး. . ."

ဆိုပြီး မျက်နှာပြောင်နဲ့ ရုပ်တုကိုတောင် ကလူနေလိုက်သေး တယ်။ ပြီးတော့ ကောင်မလေးဘက်ကို မျက်နှာရှူးနဲ့လှည့်ပြီး. . .

"ပူဇော်မယ်နော်. . ."

ကောင်မလေးက ဘာမှပြန်မပြောဘူး မျက်နှာမာနဲ့ တစ်ဖက်လှည့်သွားတယ်။ ဒါကို ငတိက သူ့ကို အခွင့်ပေးတယ်များ အောက်မေ့နေလားမသိဘူး။ လုံချည်ပြင်ဝတ်ပြီး သူ့မှာရှိသမျှအကုန်ထုတ်တော့တာပဲ. . .။ ဟိုလေ. . . အောင်သပြေတို့၊ အမွှေးတိုင်တို့ကိုပြောတာ။ ပြီးတော့ ရုပ်တုနား ခွေးသူခိုးခြေလှမ်းမျိုးနဲ့ ကပ်သွားပြီး. . .



"ကြည်ညိုစရာ၊ လေးစားစရာကြီးပါလားနော်. . . ဩော်. . . ရေစက်. . . ရေစက်. . . ဆုံမှဆုံတတ်ပလေတယ်. . ဒီညီမလေးရဲ့ဆိုင်မှာ သာဓု သာဓု. . . သာဓု. . . သုခ. . . သုခ. . . ဒုက္ခနဲ့ ကင်းဝေးရာ သုခပါလားနော်. . . သာဓု. . . သာဓု. . . အင်း သုခ. . ."

ဆိုပြီး အမွှေးတိုင်တွေထွန်းလိုထွန်း၊ သပြေခက်နဲ့ရေပက်လိုပက် တစ်ယောက်တည်း အလုပ်တွေကိုရှုပ်နေတာ။ တံခွန်တွေ၊ ကုက္ကားတွေလည်းရုပတုပတ်ပတ်လည်မှာထိုးထားတာဖြူကောင်ရဲ့ဆူးတွေလို ထိုးထိုး

ထောင်ထောင်တွေကိုဖြစ်ရော။ နောက်ဆုံးလုပ်စရာမရှိတော့တာတောင် အိတ်ထောင်ထဲက ရေမွှေးပုလင်းထုတ်ပြီး 'ပရှိ ပရှိ' နဲ့လုပ်သေးတာ။ အား ရတော့မှ. . .

"ကဲ. . . ပူဇော်လို့လည်းပြီးပြီ သွားလိုက်ဦးမယ်နော်. . ."

ဆိုပြီး မျက်နှာရှုးနဲ့ ကောင်မလေးဘက်လှည့်လို့. . .

"ဒါနဲ့. . နာမည်လေးက. . ."

"ဘိုးမင်းခေါင်. . ."

"ဩော်. . ."

ငတိခမျာ တွင်းထဲချခါနီးမသာလို ဘာမှမလုပ်နိုင်ဘဲ အသာလေး ငြိမ်နေလိုက်ရတယ်။ နောက်မှ သတိရသွားပြီး. . .

"ကဲ. . . ဒါဖြင့်သွားလိုက်ဦးမယ်. . . ဘိုးဘိုးကျန်းမာရေးဂရု စိုက်နော်. . . မနေ့ကဘိုးဘိုးလို ထွက်မပြေးရဘူးနော်. . သားတော်မနက် ဖြန်ကျရင် ပြန်လာခဲ့မယ် နော်. . . ကောင်းကောင်းနေနော်. . . မဆိုးရ ဘူး. . . ပလူး. . . ပလူး. . ."

ဆိုပြီး ကလေးမြှူသလိုတစ်ချက်မြှူပြီး ခပ်တည်တည်ပြန်ဆင်း လာတယ်။ လူတွေကတော့ သူ့ကို တအံ့တဩငေးကြည့်နေကြတုန်း. . .။

ဝ ဝ ဝ

www.foreverspace.com.mm

"**မင်း**နှယ်ကွာ နာမည်လေးတောင်မသိရသေးဘူးဆိုတော့ မဟုတ်သေးပါဘူး၊ နာမည်လေး ဘာလေးလည်း မေးဦးမှပေါ့. . ."

"ငါလည်းမေးတာပဲကွ. . ."

"သူကဘာပြန်ပြောလဲ. . ."

"ဘိုးမင်းခေါင်တဲ့. . ."

"ဟင်. . ."

"တောက်. . မနေ့တုန်းကမေးတာတောင် ဘိုးဘိုးအောင်တဲ့. . . ဒီနေ့ကျမှ ဘယ်လိုဘယ်လို ဘိုးမင်းခေါင်ဖြစ်သွားလည်းမသိဘူး. . ."

ဒီလောက်တုံးတဲ့ငတုံး တစ်သက်လုံးစွံမယ်မထင်ဘူး. . . ကောင်မလေးနာမည်မှန်းမသိ မြေလျှောက်ဝိဇ္ဇာတွေရဲ့ နာမည်မှန်းမသိ. . ."

"ဒါဆိုကွာ မနက်ဖြန်ကျရင် သူကရုပ်တုတွေကိုပြောရင် ပိုင်ရှင်နာမည်ရော ဘယ်လိုခေါ်လဲလို့ ဆက်မေးလိုက်ပေါ့ကွ. . ."

ငတိမျက်မှောင်ကြုတ်သွားတယ်။ လင်းတတွေ့ရလို့ စိတ်ပျက်နေတဲ့ လူသေမျက်နှာနဲ့တူတယ်။

"အဲဒီလိုမေးရင်ရော သူကပြောပါ့မလား. . ."

www.foreverspace.com.mm


“ဟကောင်ရ ပြောမှာပေါ့ကွ နာမည်ပဲ ဘာမပြောစရာရှိမှာလဲ”

“ဒါဆို မနက်ဖြန်တစ်ကြောင်းမှာ နာမည်သိရအောင်လုပ်မယ် ကွာ. . .”

“အေး. . . အောင်မြင်ပါစေကွာ. . .”

ကျွန်တော့်ရဲ့ဆုတောင်းသံ၊ ငတိကတော့ သုဿန်ထဲဝင်ခါနီး လမ်းကြမ်းကြမ်းမှာ ကားပေါ် ပက်လက်ကြီးပါလာတဲ့ မသာလိုခုန်ဆွခုန် ဆွဖြစ်နေတယ်။

www.foreverspace.com.mm

**နောက်**နေ့မနက်မှာထုံးစံအတိုင်းပဲ ထုံးစံအတိုင်းဝတ်စုံနဲ့ ထုံးစံအတိုင်းအဆောင်အယောင်တွေနဲ့ ထုံးစံအတိုင်းလူသေမျက်နှာနဲ့ ထုံးစံအ တိုင်း ဘုရားလှေကားပေါ် ထုံးစံအတိုင်း တစ်ထစ်စီနင်းတက်လာတယ်၊ ထုံးစံအတိုင်း ကောင်မလေးရဲ့ဆိုင်ရောက်တော့ ထုံးစံအတိုင်း ဆိုင်ဘက်ကို ဆတ်ခနဲ ငဲ့ကြည့်တယ်။

"ဟင်. . ."

ထုံးစံအတိုင်းပဲ ငတိကလူသေမသေပဲ ကြက်သေသေသွားတယ်။ ဟုတ်တယ်၊ သေလည်းသေစရာ။ ဒီနေ့မှာ ကောင်မလေးရဲ့ဆိုင်ရှေ့ ဘာရုပ်မှမရှိဘူး။ ရှိတဲ့ရုပ်တုကြီးကလည်းကျွဲကြီး။

ကျွဲရုပ်ကြီးမြင်တော့ ငတိဘာလုပ်လို့လုပ်ရမှန်းမသိဖြစ်သွား တယ်။ လက်ထဲမှာလည်း တံခွန်တွေ၊ ကုက္ကားတွေနဲ့ဆိုတော့။ ဒါပေမယ့် သိတယ် မဟုတ်လား။ ငတိကအခွက်ပြောင်တယ်။ ခပ်တည်တည်နဲ့ကောင်မလေးဆိုင်ထဲ လှမ်းဝင်သွားပြီး မခို့တရို့မေးတယ်. . .။

"ဒါ. . . ဘာအရုပ်ကြီးလဲဟင်. . ."

"ကျွဲ. . ."

ကောင်မလေးကလည်း ဒီကောင်နှစ်ရက်သုံးရက် ဒီပုံစံအတိုင်း လုပ်နေတာဆိုတော့ အကြံအစည်တစ်ခုခုရှိတယ်ဆိုတာသိနေပြီ။ ဒါကြောင့် ခပ်တည်တည်ပြန်ဖြေတယ်။ ဒါကိုငတိက အထွန့်တက်ပြီး. . .

"အထီးလား အမလား ဟင်. . ."

သူ့အမေးကို ကောင်မလေးကရှုသိုးသိုးမျက်နှာနဲ့. . .

"ရှင့်မှာ မျက်လုံးပါတာပဲ ကိုယ့်ဖာသာကြည့်ယူ. . ."

ကောင်မလေးစကားကြောင့် ငတိယောင်ယောင် ကန်းကန်းနဲ့ငုံ့ကြည့်ဖို့လုပ်တယ်။ နောက်မှသတိရသွားပြီး ပါးကိုလက်နှစ်ဖက်နှင့်အုပ်ကိုင်ပြီး. . .

"ဟင့်အင်. . . ကြည့်ရဲဘူး. . . ကြည့်ရဲဘူး မျက်စိရှက်တယ် ကြည့်ရဲဘူး. . ."

ဆိုပြီး ပခုံးလေးကျုံ့ပြီး ရှက်ပြနေသေးတယ်။ သူ့ပါးချောင်နားချောင်ကြီးနဲ့။ နောက်မှ သင်ပေးထားတဲ့အတိုင်း ကောင်မလေးကိုလက်ညှိုးထိုးပြီး. . .

"ဟိုလေ. . . ပိုင်ရှင်နာမည်ကဘယ်လိုခေါ်လဲဟင်. . ."

"ဆိုင်ပိုင်ရှင်နာမည်လား. . . ဦးလေးထွားတဲ့. . ဘာလုပ်ဖို့လဲ"

ဆိုင်ပိုင်ရှင်နာမည်မဟုတ်ဘူးလေ. . ."

ငတိဘာလုပ်လို့ဘာကိုင်ရမှန်းမသိဖြစ်နေတယ်။ နောက်မှ လင်တရှူးရှူးပြီးသေတဲ့ အပျိုကြီးမသာလို ယောင်တောင်ပေါင်တောင်နဲ့ ကွဲကြီးရဲ့ကျောပေါ်လက်ထောက်ပြီး. . .

"ဟုတ်ဘူးလေ. . . ဒီကနာမည်ပြောတာ. . . ဟင်းဟင်း. . . ဟင်း. . ."

"အမေနံကရိုင်း. . ."

"ဩော်. . . မေနံကရိုင်း တဲ့လား. . ."

ငတိရဲ့ ဩော်ဆိုတဲ့အသံက တော်ကလေးကိုတုန်ပြီး အတော်ကလေးကိုရှည်သွားတယ်။ သူ့ခမျာလည်း ဘာလုပ်လို့လုပ်ရမှန်းမသိဖြစ်နေပုံရတယ်။ နောက်မှ ဖြစ်ချင်ရာဖြစ်ဆိုပြီး ဆုံးဖြတ်လိုက် တာလားမသိဘူး။



www.foreverspace.com.mm

www.foreverspace.com.mm

သက်ပြင်းကိုခပ်မှျင်းမှျင်းချပြီး. . .

"ဘာပဲဖြစ်ဖြစ်လေ ကြည်ညိုသင့်တာကိုတော့ ကြည်ညိုရမှာပဲ ဩော်. . ဒုက္ခ. . ဒုက္ခ အမြဲမရှိပါလားနော်. . . အေးလေ. . . ရှိရင်လည်း လွှင့်ပစ်ရမှာပဲနော်. . . "

ဆိုပြီးပါလာတဲ့ပစ္စည်းတွေကို ထုတ်ပြီး ကွဲကြီးကိုအကြီးအကျယ် ပူဇော်နေတော့တာ။ သူလုပ်တာကိုကြည့်ပြီး တကယ့်ကွဲသာဆိုဝင်ခွေလောက်တယ်။ ဘယ့်နှယ် ချိုနှစ်ဖက်မှာ အောင်သပြေ တွေကို စိမ်းနေအောင်ချည်ပေးထား တဲ့အပြင် ကွဲနှာခေါင်းပေါက်ထဲ ထီးဖြူနှစ် ချောင်းစီ ထိုးထည့်ပေးလိုက်တယ်။ ကုက္ကားနဲ့ အမွေးတိုင်ထုပ်ကိုတော့ ပါးစပ် မှာ ပေးကိုက်ထားပြီး ထောင်နေတဲ့ကွဲရဲ့ အမြီးပေါ်မှာ ဖယောင်းတိုင်တွေစီပြီး တော့ကို ထွန်းထားပေးလိုက်သေးတယ်။ သူလုပ်ပုံ ကွဲအသက်မရှိတာပဲ ကံကောင်း ရမယ့်လုပ်ပေါက်မျိုး။ ဒါနဲ့ပြီးမယ် ထင်လား၊ အိတ်ထောင်ထဲဆောင်နေကျ ရေမွှေးပုလင်းကိုထုတ်ပြီး ကွဲရဲ့မျက်လုံးထဲ 'ပရှဲပရှဲ' နဲ့ဖျန်းပြီး အပီအပြင်ပွတ်ပေး နေသေးတာ။ လုပ်နေကျအတိုင်း အားလုံးလုပ်ပြီးမှ. . .



"ကဲ. . . ဒီနေ့ကတော့ ဒီလောက်ပဲ၊ ဒါနဲ့ ပိုင်ရှင်နာမည်က. . . "

ဆိုပြီးဖြတ်မေးတယ်။ ကောင်မလေးကလည်း ခပ်တည်တည် ပဲပြန်ဖြေတယ်။

"အမေနံကရိုင်း . . . "

"ဩော်. . . "

ငတိသေခါနီးဖားပေါင်စင်း ခါးလယ်ကတုတ်နဲ့ဖြတ် အရိုက်ခံရသလို ပါးစပ်ကလေးဟစိ ဟစိနဲ့ငြိမ်နေတယ်။ အတော်ကြာတော့မှ. . .

"ကဲ. . . သွားဦးမယ် ကျွဲကြီးရေ. . နောက်နေ့မှထပ်ဆုံကြတာပေါ့. . . မနက်ဖြန်ကျရင် ကျွဲကြီးကြိုက်တတ်တဲ့ ပလာတာဝယ်ခဲ့ဦးမယ်နော်. . ခွင့်ပြုပါဦး. . ပြီးတော့ ကြုံရင်. . စောင်းလည်းတီးပြဦးမယ်လေ. . . နော်. . . ဝပ်ခရူး. . ဝပ်ခရူး. . . ဝပ်ထရိန်း. . . . ဝပ်ထရိန်း. . . "

ဆိုပြီးကျွဲလိုပါဟောင်ပြလိုက်သေးတယ်။ အနံ့လွန်ပြီးသေတဲ့မသာရုပ်ကြီးနဲ့. . . ။ ပြီးမှ ဘုရားပေါ်ကပြန်ဆင်းခဲ့တယ်။ ဒီနေ့မှာတော့ သူ့ကိုစောင့်ကြည့်သူတွေအတော်များနေပြီ။ ဒါကိုတောင်ငတိက သူ့ကိုရုပ်ချောလို့မင်းသားနဲ့တူလို့ ဝိုင်းကြည့်နေကြတာ အောက်မေ့နေလားမသိဘူး။ ရင်တောင်ကော့ပြီးတော့ တာ့တာလုပ်သွားသေး. . ။

ဝ ဝ ဝ



www.foreverspace.com.mm

www.foreverspace.com.mm

**"ဘယ့်**နှယ်လဲ အဆင်ပြေရဲ့လား ငါ့ကောင်. . ."

"အေး. . ပြေခါနီးပြီကွ. . . နာမည်တော့ ပြောပြလိုက်ပြီ. ."

"ဟ. . ဟုတ်လှချည်လား. . နာမည်ကဘာတဲ့လဲ. . ."

"နာမည်ကတော့ အဆန်းပဲကွ. . ."

"ဘာတဲ့လဲ. . ."

"မေနံ့ကရိုင်းတဲ့. . ."

"ဟာကွာ. . . မင်းကလည်း. . ."

ဘာဆက်ပြောလို့ ပြောရမှန်းမသိ။ သကောင့်သားခမျာ လူမှန်းကျွဲမှန်းတောင် မသိဘူး။

"ဒါဆို မင်းဘယ်လို ဆက်လုပ်မှာလဲ. . ."

ကျွန်တော့်အမေးကို ငတိက စားပွဲခုံကို လက်နဲ့အားရပါးရပုတ်ပြီး

"ဘာလုပ်ရမှာလဲကွ နံ့ကရိုင်းကို မရရအောင်လုပ်ရမှာပေါ့ကွ ဟင်း. . . မေနံ့ကရိုင်းနဲ့ငါ ရည်းစားဖြစ်သွားလို့ကတော့ကွာ. . ."

ကျွန်တော် အတော်စိတ်ပျက်သွားတယ်။ တကယ့်မကိုးမကား ကြီး။ ဘာကိုမှလည်း ဆက်မပြောချင်တော့ဘူး။ ဒီကောင့်ကို အကြံပေးရ တာ သူပြောသလို ကျွဲပလာတာကျွေးရသလိုကြီး. . .။

ဘာပဲဖြစ်ဖြစ် ဒီငတိကတော့ ကာလဝမ်းရောဂါဖြစ်လို့ ချက်ချင်းပု ခက်ထဲထည့်သယ်သွားရတဲ့မသာလို လှုပ်စိလှုပ်စိနဲ့ သဘောတွေကျနေတာ။

သူ့စိတ်ထဲမှာ မေနံ့ကရိုင်းနဲ့သူ ချစ်ရည်လူးပြီး ပန်းခြံထဲပတ် ပြေးနေလားမှမသိတာ။

ဝ ဝ ဝ

www.foreverspace.com.mm

**နောက်**တစ်နေ့မနက်လည်း ထုံးစံအတိုင်းပဲ၊ ထုံးစံအတိုင်းဝတ်စုံ၊ ထုံးစံအတိုင်းအပြင်အဆင်၊ ထုံးစံအတိုင်း ရေမွှေးပုလင်း အိတ်ထောင် ထဲထည့်လို့၊ ထုံးစံအချိန်မှာ ထုံးစံအတိုင်း ရွှေတိဂုံဘုရားပေါ်ကိုချီတက် သွားလေတယ်။

အဲ. . . ထုံးစံအတိုင်းမဟုတ်တာက ထုံးစံအချိန်မှာ ထုံးစံအတိုင်း ပြန်မရောက်တာပဲ. . . ။

ပထမတော့ သတိမထားပေမယ့် ညနေလောက်ကျတော့ သတိ ထားမိလာကြပြီ. . ငတိက ပြန်မလာသေးဘူး။

ဒါနဲ့ မသက်ာလို့ ဘုရားပေါ်တက်ကြည့်တော့လည်း သူကြိုက် နေတဲ့ကောင်မလေးရဲ့ဆိုင်ကလည်း ထူးထူးခြားခြား ပိတ်ထားတာတွေ့ရ တယ်။ ဆိုင်ကြီးပိတ်ထားတော့ ဘယ်လိုမှလည်း စုံစမ်းလို့မရဘူး။

ရဲစခန်းများတိုင်လိုက်လို့ အချုပ်ထဲများရောက်နေပြီလားလို့ သွားစုံစမ်းတော့ ငတိကအချုပ်ထဲမှာလည်းမရှိဘူး။ စိတ်ညစ်ညစ်နဲ့များ ကန်ကြီးထဲသွားခုန်ချလိုက်ပြီးလားဆိုပြီး ကန်ကြီးသွားကြည့်တော့ ဘာမှမထူးခြားဘူး။ရေတောင်မလှုပ်ဘူး။ ဒါနဲ့ အားလုံးစိတ်ပျက်လက်ပျက်နဲ့

ကျောင်းကိုပြန်လာခဲ့ကြတယ်။

ဘယ်လိုလုပ်ရမှန်းမသိဘူး။ ဆရာတွေကိုလည်း မပြောရဲဘူး။ ဘယ်လောက်ထိလဲဆို ဒီကောင်ပျောက်သွားတာ နှစ်ရက်ကြာတယ်။ အဲ. . . ဝမ်းသာစရာသတင်းက သုံးရက်မြောက်မှာ။ ကျောင်းကို သကောင့်သားဖုန်းဆက်တယ်။ ဘယ်ကဆက်လဲဆိုတော့. . .

သူစိတ်ကျန်းမာရေးဆေးရုံရောက်နေတယ်တဲ့. . .။

ကောင်မလေးက သူတို့ဆိုင်ကို ကိုယ်တော်ရှူးတစ်ယောက်လာနှောင့်ယှက်လို့ဆိုပြီးတိုင်လိုက်လို့ စိတ်ကျန်းမာရေးဆေးရုံက သူ့ကိုလာဖမ်းသွားတာတဲ့။ အဲဒါ သူကကျွန်တော်မရူးဘူး ကျွန်တော်ပြန်မယ်ဆိုတော့ ဆရာဝန်တွေက အရူးကြမ်းနေပြီဆိုပြီး အတင်းဝိုင်းဖမ်းပြီး မေ့ဆေးပေးထားလို့ အခုမှသူနိုးတာတဲ့။ အဲဒါ သူမရူးဘူးဆိုတာ အာမခံပေးဖို့ဆိုပြီး ဖုန်းဆက်တာတဲ့။ ကဲ. . .။

အဲဒါနဲ့ ကျွန်တော်တို့ပဲ စိတ်ကျန်းမာရေးဆေးရုံကိုသွားပြီး သူ့ကိုအာမခံနဲ့ပြန်ထုတ်ပေးရတယ်။ အဲ. . ပြောရဦးမယ် သူ့ကိုလာဖမ်းသွားတဲ့နေ့က ကောင်မလေး ဆိုင်မထွက်တော့တာ ဘာမှမဟုတ်ဘူး။ အရူးတစ်ယောက်ရှိကြောင်းသတင်းပေးလို့ ဆေးရုံကဆုငွေရှစ်ရာပေးလိုက်လို့တဲ့။ အဲဒီနေ့ နေ့တွက်ကိုက်သွားလို့ ဆိုင်စောစောပိတ်ပြီးပြန်သွားတာ. . .။

www.foreverspace.com.mm

**ယောကျာ်း** ပျိုလေးတစ်ယောက်၊ သို့မဟုတ် လူပျိုကြီးတစ်ယောက် (ဝါ) အပျိုကြီးတစ်ယောက်ကလေးချီပါပြီဆိုပါတော့။ အကြောင်းကိုရှိပြီ. . ။

ဆိုပါစို့ဗျာ. . . ။

ကလေးဆိုတဲ့သတ္တဝါလေးတွေက အလွန်ချစ်ဖို့ကောင်းတယ်။ ဘယ်သူမဆို(အတော်များများ) ကလေးဆိုချစ်တတ်ကြတယ်။ ယုတ်စွအဆုံး ကလေးဆို ကလေးအချင်းချင်းတောင်ချစ်ကြတယ်။ မယုံရင်ကလေးအချင်းချင်းတွေ့ပေးကြည့်၊ တစ်ယောက်ကိုတစ်ယောက် အထူးအဆန်းတွေဖြစ်ပြီးချစ်ကြတာ။ ဘာလို့လဲဆိုတော့ သူတို့တွေ့ရဲ့မျက်စိမှာ နိစ္စဓူဝ လူကြီးတွေပဲမြင်ဖူးနေကြတာကိုး။ ဒါကြောင့် အရွယ်တူကလေးများတွေ့ပြီဆိုလို့ကတော့ သိပ်ချစ်ကြတာ။

ဒီလိုပဲ ကျုပ်တို့လူကြီးတွေမှာလည်း နေ့စဉ်နဲ့အမျှ အကြီးအကြီးချင်းတွေပဲတွေ့နေရတာဆိုတော့ ကလေးသေးသေးလေး တွေမြင်ရင်မနေနိုင်ဘူး ချီချင်တော့တာပဲ။

ဒီလိုပဲ. . . ကျွန်တော့်သူငယ်ချင်း လူပျိုကြီးတစ်ယောက်ရှိတယ်။

သူ့ကအရင်ကတော့ ကလေးဆိုဖာသိဖာသာပါပဲ။ ဒါပေမယ့် ဖြစ်ချိန်တန်လို့လားမသိဘူး၊ အခုတော့သူလည်းကလေး ဆိုသိပ်ချစ်တတ်နေပြီဆိုပါတော့။ အဲ. . သူချစ်ပုံကနည်းနည်းတော့ဆန်းတယ်၊ ကလေးတစ်ယောက်တည်းကိုပဲကွက်ကွက်ကလေးချစ်တာ။

အဲဒီကလေးကရော တကယ့်ကွက်ကွက်ကလေးချစ်ရလောက်အောင် ချစ်စရာကောင်းလို့လား။ အင်း. . . သူလိုကိုယ်လိုကလေးအမျိုးအစားထဲကပါပဲ။ ဝဝကစ်ကစ်ချစ်စရာလေးပဲပေါ့။ ပြောရမယ်ဆို သူတင်ကိုယ်တင် ကလေးချောချောတယ်ပေါ့။ အဲ ဒါပေမယ့် ကျွန်တော့်သူငယ်ချင်းလူပျိုကြီးက အဲဒီကလေးကိုမှ သွားပြီးကွက်ချစ်တာ။ ကျွန်တော်ပြောခဲ့သလိုပေါ့၊ လူပျိုကြီးတစ်ယောက်ကလေးချစ်တယ်ဆိုတာ အကြောင်းရှိတယ်လို့။ ဟုတ်ကဲ့. . . သူ့မှာလည်းတကယ်အကြောင်းရှိတယ်။

ဝ ဝ ဝ



www.foreverspace.com.mm

www.foreverspace.com.mm

သူ့အမည်က မင်းထွန်းတဲ့၊ အလုပ်ကမူလတန်းပြဆရာ။ အရင်ကတော့ ကလေးဆိုတာမျိုးကို ချစ်ဖို့မပြောနဲ့ သူ့အတန်းကကလေးတွေ တင်ပါးလှန်ကြည့် ကလေးတိုင်းရဲ့တင်ပါးမှာ သူ့လက်ရာရှိတယ်။ ရုပ်ကလည်းရွက်ကြမ်းမီးဖုတ်၊ လက်ကျကလည်းကြမ်းတော့ ကလေးတိုင်း သူ့ကိုကြောက်ကြတယ်။

ရုပ်ကလည်းတူတူတန်တန်ဆိုးပြီး လက်ကျကလည်း တူတူတန်တန်ပြင်းတော့ ဘယ်ကလေးက သူ့ကိုကြည့်ရပါ့မလဲ။

အဲ. . ပြောရဦးမယ်. . . သူ့ရုပ်ကတူတူတန်တန်ဆိုးတယ်ဆိုပေမယ့် တအားကြီးဖရိုဖရဲဖြစ်တာမျိုးမဟုတ်ဘူး။ လူကအသားဖြူဖြူနွဲ့နွဲ့ကလေးပါပဲ။ ဒါပေမယ့် မျက်နှာတစ်ကွက်မှာတော့ ယင်ကောင်တောင်ခြေချစရာမရှိလောက်အောင် ဝက်ခြံတွေမည်းတက်နေတယ်။ နောက်ပြီး သူ့ဝက်ခြံက ဆင်ဝက်ခြံဆိုလား ကျောက်ဝက်ခြံဆိုလား။

သူ့မျက်နှာတစ်ခုလုံး ဝက်ခြံမရှိတာဆိုလို့ မျက်ဆံနဲ့သွားပဲကျန်တယ်။ သွားဖုံးတို့ လျှာတို့တောင်အသေအချာလှန်ကြည့်ရင် မသေချာဘူး။ တကယ့်ဝက်တွေနေတဲ့ခြံဆို သူဌေးဖြစ်လောက်တယ်။



www.foreverspace.com.mm

| | | |
|---|---|---|
| အမည် | - | မင်းထွန်း |
| ပိုးကောင်အမှတ် | - | ပ ၀ ဂ ၀၀၂ |
| အမည်ပေါက်ပိုးနည်း | - | ကလေးချီနည်း |



www.foreverspace.com.mm

ဒါကြောင့် ကလေး တွေက သူ့မျက်နှာကိုကင်ပွန်းတပ်ထားတယ်။

နာနတ်သီး စက်သေနတ်မှန်ထားတဲ့မျက်နှာ. . . တဲ့. . .။

ကျွန်တော်လည်း နာနတ်သီးကို စက်သေနတ်မှန်ထားတာ တစ်ခါမှမမြင်ဖူးတော့ ဟုတ်မဟုတ်မသိဘူး။ ဒါပေမယ့် ကလေးစကားမှန်တယ်ဆိုရင် ထပ်တူမကျရင်တောင် ဆင်တော့ဆင်မယ်ထင်တယ်။

အဲ. . . အဲဒီလူက အခုတော့ကလေးချစ်တတ်ပြီ. . . ချစ်တတ်လာတာကလည်း ကောက်ခါငင်ခါဗျ. . .။

သူကလေးချစ်ပုံကဆန်းတယ် ခုနကျွန်တော်ပြောသလို တစ်ယောက်တည်းကို ကွက်ကွက်ကလေးချစ်နေတာ။

ကလေးနာမည်က ဗုံတစ်လုံးတဲ့၊ တခြားနာမည်ကောင်းလည်းရှိသေးတယ်။ ဒါပေမယ့်ကလေးမိဘတွေကိုယ်တိုင်က ချစ်စနိုးနဲ့ဒီနာမည်ကိုပေးခဲ့တာ။ ကလေးမိဘတွေကိုယ်တိုင်ကခေါ်တော့ တစ်ရပ်ကွက်လုံးကပါ ကလေးကို ဗုံတစ်လုံးလို့ပဲခေါ်တော့တာပေါ့။

ကလေးလေးက ဗုံတစ်လုံးလိုပဲ ဝတိုတိုလေး၊ တစ်တုံးတစ်ခဲကြီး။ မွေးကတည်းက ကိုးပေါင်ရှိတယ်ဆိုလားပဲ။ အခုခြောက်လသားထိကို စားလုံးကကောင်းနေတုန်းဆိုတော့ စဉ်းစားသာကြည့်။ ကောက်ညှင်းထုပ်ကြီးလိုကိုဖြစ်နေတာ။ သူ့ခမျာမှောက်တောင်မမှောက်နိုင်လို့ ပက်လက်ကလေးပဲထားရတယ်။ သူ့ဗိုက်သူမနိုင်လို့။

ကိုယ့်ဆရာက အဲဒီကောက်ညှင်းထုပ်လေးကိုပဲ သွားချစ်နေတာ။ သူချစ်တာက သိတယ်မဟုတ်လား. . . အကြောင်းရှိတယ်. . .။

အဲဒီဗုံတစ်လုံးမှာ သူ့အဒေါ်အပျိုလေးတစ်ယောက်ရှိတယ်။ နာမည်ကမွန်မွန်ချိုတဲ့၊ ဗုံတစ်လုံးအမေရဲ့ ညီမအရင်းပေါ့။ ဗုံတစ်လုံးအမေသိတာချို့ ဗုံတစ်လုံးကိုမွေးတော့ ကူဖော်လောင်ဖက်ရအောင် နယ်ကနေခဏလာနေပေးတာ။ ဗုံတစ်လုံးအမေတောင် နှစ်ဆယ်ကျော်ဆိုတော့ မွန်မွန်ချိုအသက်က ဘယ်လောက်ရှိမှာလဲ ရှိလွန်းလှ ဆယ့်ရှစ်ဆယ့်ကိုးပေါ့။ ရုပ်ကလေးကချစ်စရာလေး၊ လုံးလုံးလေး. . ဗုံတစ်လုံးလိုပဲ ချိုချင် စရာလေး။ ကိုယ့်ဆရာလူပျိုကြီးကလည်း အဲဒါလေးကိုပဲအသည်းယား ပြီးချိုချင်နေတာ

www.foreverspace.com.mm

ထင်ရဲ့။

ဒါကြောင့် ဥပါယ်တံမျဉ်နဲ့ အဒေါ်ချီချင်တာကို ကလေးချီချင် ယောင်ဆောင်ရတော့တာပေါ့။ ပထမတော့ ဗုံတစ်လုံးအမေ သီတာချိုလက်ထဲမှာရှိနေတုန်း မသိမသာဖြတ်သွားပြီး. . .

"ဟ. . . ကလေးလေးကချစ်စရာလေး. . . ဘာလေးလဲ ပူတူတူလေးလား. . ."

ဆိုပြီး စစည်းရုံး တာပေါ့။ ကလေးအမေများကလည်း ခက်သားလား. . သူ့ရင်သွေးများ ချစ်စရာလေးဘာလေးပြောရင် လွှတ်သဘောကျတော့တာကလား။ ပေါင်းရသင်းရတာလည်းသိပ်လွယ်တာ။ ကြည့်လေ ကျောင်းဆရာပေါင်းသင်းနေပုံ။

ကျောင်းကအပြန် အဖြူအစိမ်းတောင်မချွတ်သေးဘဲ ဗုံတစ်လုံးတို့ လမ်းထဲဝင်တယ်။ ဗုံတစ်လုံးကိုချီတဲ့ မသီတာချိုကိုလည်းမြင်ရော ကျောင်းဆရာကသောကမျောပြေးသွားပြီး. . .။

"ဟော. . . ဗုံတစ်လုံးလေးဘယ်သွားမလို့လဲ. . ."

ခပ်တည်တည်နဲ့ကလေးကိုမေးတယ်။ ကလေးကခြောက်လသားလောက်ရှိသေးတာ။ ဘယ်ပြောတတ်မှာတုံး။ ဒါကိုပဲ သူ့အမေကအလိုက်သိစွာကလေးကိုမြှောက်ပြပြီး. . .

"ဟိုဘက်ကိုသွားမလို့. . . ပြောလိုက်လေသားသားရဲ့. . ."

"သြော်. . လည်လည်သွားမလို့လား. . လာပါဦး. . ဦးဦးဆီကို လာပါဦး. . . အောင်မလေးချစ်စရာကောင်းလိုက်တာ. . . ချစ်စရာကောင်းလိုက်တာ. . ."

ဆိုပြီး လက်ဖဝါးနှစ်ဖက်တီးပြီး ကလေးကိုမြှူတယ်။ ကလေးက နာနတ်သီးစက်သေနတ်မှန်ထားတဲ့မျက်နှာကြီးကိုမြင်တော့လန့်ပြီး သူ့အမေကိုဖက်တယ်။ ဒါကိုကိုယ့်ဆရာက မျက်နှာရှုံးနဲ့. . .

"သြော်. . သားသားလေးကချိုကျို့ဖို့လား. . ကျို့ရဘူးနော်. . ဦးဦး ကျို့လိုက်မယ်. . . ဟဲဟဲ. . ပရှုး. . . ပရှုး. . ."

နှုတ်ခမ်းကြီးချွန်ပြီး ပကွဲပကွဲအသံပေးလို့ ခေါင်းကြီးတိုးဝင်

သွားတယ်။ သူ့ကိုကြည့်ပြီး ကလေးအမေလည်းမျက်လုံးပြူးပြီး သူ့ခေါင်းကို အတင်းတွန်းထုတ် ထားရတယ်။ ကိုယ့်လူပုံက နှုတ်ခမ်းချွန်ကြီးနဲ့ မထင်ရင်မထင်သလိုလုပ်မယ့်ပုံမျိုး။

"ခစ်ခစ်ခစ်. ."

ကံကောင်းချင်တော့ ကလေးဆီကရယ်သံကြားရတယ်။ ကလေးရယ်သံကြားတော့ ဆရာသမားမျက်နှာခုနစ်အိုရှစ်အိုကြီး ဝင်းလက်သွားတယ်။ ခုနကအဖြစ်အပျက်တွေကိုလည်း မေ့သွားပုံရတယ်။ ဒါကြောင့် ဝမ်းသာအားရနဲ့. . .

"ဟယ်. . ရယ်တယ်ဗျာ. . . ဦးဦးတကယ်ကျို့လိုက်မှာနော်. . မွားမွားမွား. . ."

ဆိုပြီး နှုတ်ခမ်းကြီးချွန်ပြီးထပ်ကပ်သွားတယ်။ ကလေးအမေလည်းလန့်ပြီး သူ့ခေါင်းကိုလှမ်းတွန်းထားတယ်. . .။

"ခစ်ခစ်ခစ်. . ."

ကလေးဆီရယ်သံထပ်ကြားရတယ်။ ကလေးရယ်သံကြားတော့ ကိုယ့်ဆရာပိုပြီးအားရသွားတယ်။ ဒါကြောင့် ပြောင်လက်တဲ့မျက်လုံးကြီးနဲ့ နှုတ်ခမ်းကြီးတစ်ထွာလောက်ချွန်ကာ ခေါင်းကိုတစ်နာရီမိုင်တစ်ရာနှုန်းနဲ့ ဆတ်ခနဲတိုးသွားပြီး. . .

"ဦးဦးကတကယ်ကျို့မှာနော်. . . နောက်တာမဟုတ်ဘူး. . . မွားမွားမွား. . ."

ဆိုတော့ ကလေးအမေလည်းလန့်သွားပြီး ကလေးကိုကျစ်ကျစ်ပါအောင်ဖက်ပြီး အနောက်ကိုရုတ်ချည်းဆုတ်ကာ. . .

"ဆရာ. . ဆရာ. . . ကလေးမြှူရင် ခပ်ဝေးဝေးကမြှူနော် ဆရာ့ပုံက တကယ်လုပ်မယ့်ပုံကြီး. . . ကျွန်မအသည်းယားလွန်းလို့"

ဆိုပြီးတားယူရတယ်။ ဟုတ်တယ်လေ သူ့ခမျာအသည်းကအတော်ယားနေပြီ။ ကလေးအမေရဲ့စကားကြောင့် ဆရာသမားမျက်နှာခနော်နီခနော်နဲ့ ဖြစ်သွားပြီး ရှက်ကိုးရှက်ကန်းနဲ့. . . .

"ဩော်. . ဟုတ်လား. . ဟီးဟီး. . . ဩော်. . . ဟုတ်လား. .



www.foreverspace.com.mm

ကျွန်တော်က ကလေးမကျို့နဲ့ ကျွန်တော်ကျို့မယ်လို့ . . . ဒီလိုကျို့တဲ့ပုံမျိုး လုပ်ပြီး ကလေးကိုကျို့တဲ့ . . . ”

“တော်ပါ . . . တော်ပါတော့ဆရာကျို့ရယ် . . . အောင်မလေး ရင်တွေတောင်တုန်လာပြီ . . . ဗုဒ္ဓိ . . . ဓမ္မံ . . . သံဃံ . . . ”

ဒီလောက်ဖြစ်နေတာကို သူ့မျက်နှာက ရှုးလို့မပြီးသေးဘူး . . .



“ကလေးကချစ်စရာကောင်းလွန်းလွန်းလို့ပါ . . . ”

ဆိုပြီး ကလေးဘက်လှည့်လို့ . . .။

“သားမေမေချို ဦးဦးကျို့ဘူးနော် . . . သားပဲဆက်ကျို့လိုက်တော့ . . . သားကျို့လို့မကုန်မှသာ . . . အဲ . . ကုန်မှာပါ . . . ကုန်မှာပါ . . . ဟီးဟီး . . . ရော့ကျို့ . . . ”

ဆိုပြီး ကလေးခေါင်းတည့်ပေးလိုက်တယ်။ ပြီးတော့ ရယ်ကျဲကျဲနဲ့ အရှက်ပြေလုံးပြီး လှည့်ထွက်လာတယ်။

အော် . . . ဆရာသမား ကျောင်းဆရာသာဆိုတယ် အပြောက အဲဒီလောက်ကို မချောတာ။

ဒီလိုနဲ့ ကလေးနဲ့တော့ပိုရင်းနှီးလာတာပေါ့။ ဒါပေမယ့် သူလိုချင်တဲ့ပစ် မှတ်ကိုတော့ မရောက်သေးဘူး။ သူလိုချင်တဲ့ပစ်မှတ်က သိတယ်မဟုတ်လား . . .။ ကလေးအဒေါ်ကိုက ကလေးလို ချိုချင်စရာလုံးလုံးကစ်ကစ်လေးကိုး . . .။

ဝ ဝ ဝ



www.foreverspace.com.mm

www.foreverspace.com.mm

**တစ်**နေ့တော့ အဲဒီအခွင့်အရေး ကြုံရပါရောလား. . .။

ဖြစ်ချင်တော့ အဲဒီနေ့မှာ သူ့အမေမအားလို့ ကောင်မလေးက ကလေးကို လမ်းမပေါ် ထွက်ထိန်းနေရတယ်။ ဖြစ်ချင်တော့ ကိုယ့်ဆရာသမားကလည်း ကျောင်းမှာအစည်းအဝေးရှိလို့ ကျောင်းကနေနောက်ကျပြီးမှ ပြန်လာတယ်။ အစည်းအဝေးကပြန်လာတယ်ဆိုတော့ သိတယ်မဟုတ်လား ပြောင်လက်နေတဲ့တိုက်ပုံ၊ အင်္ကျီအဖြူ၊ အုန်းနှစ်ပင်နိုင်လွှန်လုံချည်ချောနဲ့ ကော့ကက်ပြီးပြန်လာတယ်. . .။

လမ်းထိပ်မှာ ကောင်မလေးကို ကလေးချီလျက်လက်ပူးလက်ကျပ်ကြီးမြင်ရတော့ ကိုယ့်ဆရာမျက်လုံး ဖျတ်ဖျတ်လူးပြီး ထိပေါက်သလောက် ဝမ်းသာသွားတယ်။ ပိုင်ပြီး ပိုင်ပြီ။ ဒါမှသိကြားပေးတဲ့အခွင့်အရေးပဲ။ ဟုတ်တယ်လေ ကိုယ်ကြိတ်ပိုးနေတဲ့ကောင်မလေးကိုရင်းနှီးဖို့ကြားမှာ ပေါင်းကူးတံတားကလေးပါရှိနေပြီ မဟုတ်လား။

ဒီအပေးအယူမို့ ဒီကလေးမြူထားတာလေ. . .။

ဒါကြောင့် ကိုယ့်ဆရာ ဝမ်းသာအားရကတုန်ကရင်နဲ့ ပုဆိုးကို ဘုတ်ဘတ်ဘုဘတ်နဲ့ပြင်ဝတ်လိုက်တယ်။ နောက်ကြီးမားကျယ်ပြန့်တဲ့ ခြေလှမ်းကြီးနဲ့ ကောင်မလေးဆီ ချဉ်းကပ်လိုက်တယ်။

ơ ơ ơ

www.foreverspace.com.mm



“**ဟော**. . . ဗုံတစ်လုံးလေးအပြင်ထွက်လည်နေတာလား. . . ”

ကျောင်းဆရာကလေးအဒေါ်ကိုမကြည့်ဘူး။ ကလေးကိုပဲ ချစ်ရည်ရွှမ်းတဲ့မျက်လုံးနဲ့ ပြုံးပြုံးကြီးစိုက်ကြည့်ပြီးပြောတယ်။ သူကပြုံးနေတော့ကလေးအဒေါ်ကပါ လိုက်ပြုံးရတော့တာပေါ့။

“ကလေးလေးကချစ်စရာလေး. . . ဒီကိုလာပါဦးလား. . . ”

ကိုယ့်ဆရာကထုံးစံအတိုင်းပဲ ခေါင်းကြီးရှေ့ထုတ်ပြီးတော့လက်ဆန့်တန်းကာ ကလေးကိုအနီးကပ်စိုက်ကြည့်တယ်။ ကလေးကလည်းသူ့ကိုမြင်တော့ ဂြိုဟ်သားကိုကာတွန်းလိုကယ်ရီကေးချားဆွဲထားတဲ့ရုပ်အောက်မေ့လို့လားမသိဘူးရယ်တယ်. . . ။

“ဟော. . ရယ်တယ်ဗျာ ရယ်တယ်. . . သားလေးရေ ဦးဆီလာပါဦး. . . ”

“ဖတ်. . . ဖတ်. . . ”

ဆိုပြီး ပါလာတဲ့စာအုပ် ချိုင်းညှပ်ပြီး လက်ခုပ်တီးခေါ်တယ်။ ကလေးက ဘာစိတ်ကောင်းဝင်နေတယ်မသိဘူး ဝမ်းသာအားရပဲ။ တခစ်ခစ်နဲ့ရယ်ပြီး သူ့ဆီလက်ကမ်းတယ်။

"ဟော လိုက်မယ်တဲ့ လိုက်မယ်တဲ့. . ဝမ်း. . ဝမ်းသာလိုက်တာ"

ကလေးကအားရဝမ်းသာဖြစ်နေတော့ သူ့အဒေါ်လည်းမငြင်းသာတော့ဘူးပေါ့။ ခဏပေါ့သွား နည်းလားဆိုပြီး ကလေးကိုကျောင်းဆရာလက်ထဲထည့်ပေးလိုက်တယ်။

"ဘယ်လိုချီရမှာလဲဟင်. ."

ကျောင်းဆရာကလည်း ကလေးချီဖူးသူမဟုတ်တော့ ကလေးချီနည်းပြန်မေးတယ်။

"ခေါင်းကိုလက်တံတောင်ကွေးပေါ်တင်. . . အင်း. . . အဲဟုတ်ပြီ. . . ကလေးတင်ပါးကို ဒီဘက်ကနေ ဟောဒီလိုလက်တစ်ဖက်နဲ့ပွေ့အဲ. . . ဟုတ်ပြီ အဲဒီအတိုင်း. . ."

ကလေးအဒေါ်သင်ပြမှုကြောင့် ကျောင်းဆရာလက်ထဲ ကလေးကအတော့်လိုက်ကြီးပါလာတယ်။ ကိုယ့်ဆရာဝမ်းသာသွားတယ်။ ဟုတ်တယ်လေ။ ကလေးကို သူ့လက်ထဲကပြန်မပေးမချင်း သူ့အဒေါ်ကို လွတ်လွတ်လပ်လပ်ပိုးလို့ရပြီကိုး။

ဒါပေမယ့် ကိုယ့်ဆရာက ကျောင်းဆရာပီပီဉာဏ်ကောင်းတယ်။ အခွင့်အရေးရတာတောင် ချက်ချင်းမပိုးဘူး။ ကလေးကိုသာချစ်ရည်လူးတဲ့ပုံစံမျိုးနဲ့ကြည့်ပြီး. . .

"ဦးနဲ့ဆိုပျော်လား. . . ဒါဆိုကြီးရင် ဦးဦးလိုပဲသူငွေးသား ဆရာသမားဖြစ်မယ့်ကောင်လေးပေါ့ ပရှူး ပရှူး. . . မွှားမွှား. . . မွှား. . ."

ဆိုပြီး ကလူတယ်။ ကလေးကလည်းဘာကြောင့်ရယ်မသိဘူး နာနတ်သီးစက်သေနတ်မှန်ထားတဲ့သူ့မျက်နှာကိုကြည့်ပြီး တစ်ခစ်ခစ်နဲ့ ခွက်ထိုးခွက်လန်ကိုရယ်နေတော့တာ။ ဒါကြောင့်ဆရာသမားပိုအားတက်သွားပြီး. . .

"သားလေးက ဦးဦးနဲ့အတူတူနေချင်လို့လား ဒါဆိုအမျိုးတော်မှဖြစ်မှာနော် အမျိုးတော်မှဖြစ်မယ် အမျိုးတော်ရအောင်ကလည်း. . . ဟီးဟီး. . ."

ဆိုပြီးလှည့်ကလိတယ်။ ကလေးကရယ်တယ်။ ကလေးအဒေါ်က



www.foreverspace.com.mm

www.foreverspace.com.mm

တော့ မသိလိုက်မသိဖာသာပဲ ဘေးကပြုံးနေတယ်။ ဒါကိုကိုယ့်ဆရာက မချင့်မရဲဖြစ်သွားပြီး. . .

"အမျိုးတော်ရင် အဲဒီအမျိုးကိုဟောဒီလို. . . ဟောဒီလို. . . ရွတ်ရွတ်. . ."

ကလေးကိုနမ်းတာပါ။ ဒါပေမယ့် မျက်လုံးရွဲရွဲကြီးက အဒေါ်ကို မဟားဒယားကြည့်ပြီး အားရပါးရနမ်းလိုက်တယ်။ ကလေးကယားပြီးတွန်းတယ်။ သူဆက်တိုက်ကြီးနမ်းနေတော့ သူ့နှာခေါင်းမှာကပ်နေတဲ့နှုတ်ခမ်းမွေးကြောင့် ကလေးလည်းယားပြီး ဆတ်ခနဲဆတ်ခနဲအရှုန်း. . .

"ဟင်. . ."

ကလေး အဒေါ်ရဲ့အာမေဋိတ်သံ။ နောက်မျက်နှာကချက်ချင်းရဲတက်သွားတယ်။ ပြီးတော့. . .

"အို. . ဘယ်လိုကြီးလဲ. . ."

ဆိုပြီး ဟိုဘက်လှည့်သွားတယ်။

ကျောင်းဆရာက နှုတ်ခမ်းကြီးချွန်ပြီး ကလေးအဒေါ်ကို ခေါ်တော ရှုံ့ရှုံ့တယ်။ ဒါကိုမြင်တော့ ကလေးအဒေါ်ကြက်သီးထသွားပြီး. . .။

"ဟင်. . . ဘယ်လိုကြီးလဲ. . . အို. . လုပ်ကြပါဦး. . ."

ဆိုပြီး တစ်ဖက်လှည့်သွားတယ်။ ဒီအထိကျောင်းဆရာမသိသေးဘူး။ နှုတ်ခမ်းကိုချွန်လျက် တိုးလို့တန်းလန်းနဲ့ပဲ. . .

"ဘာ. . . ဘာဖြစ်လို့လဲဟင်. . ."

သူ့အမေးကို ကလေးအဒေါ်မဖြေသေးဘဲ လက်ညှိုးကိုနောက်ပြန်ထိုးရင်း ခုန်ဆွခုန်ဆွနဲ့. . .

"မသိဘူး. . မသိဘူး. . . ကိုယ့်ဖာသာပြန်ကြည့်. . . အိုး. . . ဘာတွေလျှောက် ပြောနေမှန်းတောင်မသိတော့ဘူး. . ."

ဆိုတော့မှ ကျောင်းဆရာကလေးကိုမပြီး သူ့ကိုယ်သူပြန်ငုံ့ကြည့်လိုက်တော့. . .

"ဟာ. . ."

သူ့မျက်လုံးထဲမှာ အပေါ်စီးကနေ မြေကြီးထိလှမ်းမြင်နေရတယ်။

"ဟင်. . . ဘယ်လိုဖြစ်တာပါလိမ့်. . ."

ကျောင်းဆရာ မျက်နှာချက်ချင်းနီရဲသွားတယ်။ မသက်ာလို့ အနောက်ပြန်လှည့်တော့ လုံချည်ကခါးမှာရှိနေသေးတယ်။

"အယ်. . . ဘယ်လိုဖြစ်တာလဲမသိဘူး. . ."

ဆိုပြီး ကလေးကိုပြန်မကြည့်တယ်။ ဟုတ်တယ် သူ့ပေါင်ပိန်ပိန် နှစ်ချောင်းနဲ့ မြေကြီးကို အတိုင်းသားမြင်နေရတယ်။ ကျောင်းဆရာမျက်နှာ ပြန်နီလာတယ်။

"ဟင်. . . ဘယ်ရောက်သွားပါလိမ့်. . ."

ကမန်းကတမ်း ကလေးခြေထောက်ကိုမကြည့်လိုက်တော့. . .

"ဟိုက်. . . သေပဟ. . ."

အာမေဋ္ဍိတ်အသံနဲ့အတူ ကျောင်းဆရာအောက်မေးကြီးပြုတ်ကျ သွားတယ်။ ဒူးခွင်သွားတယ်။ မျက်နှာကြီးမည်းတက်သွားတယ်။ ဟုတ်တယ် ကလေးလန့်ပြီးအရှုန်း သူ့ခါးပုံစကကလေးခြေမနဲ့ချိတ်ပြီးပါသွားတာ။

"ဟင်. . . ဘယ်လိုကြီးလဲ. . ."

ဆိုပြီးတစ်ဖက်လှည့်လိုက်တယ်။ နောက်ပျာပျာသလဲနဲ့ သူ့လုံ ချည် စကို ကလေးခြေမကြားကပြန်ဆွဲရင်း. . .

"ဟို. . အိုအို. . က. . . . ကလေးခဏပြန်. . . ပြန်ယူပါဦး. ."

ဆိုပြီး ကလေးကိုကလေးအဒေါ်ဆီပြန်ထိုးပေးလိုက်တယ်။ ဒါကို ကလေးအဒေါ်မျက်လုံးကိုစုံမှိတ်ပြီး ခေါင်းကိုအတင်းခါကာ. . .

"ဟင့်အင်း. . . ဟင့်အင်း. . မယူဘူးမယူဘူး. . . အို. . . ဘယ်နှယ်ကြီးလဲ. . ."

ဆိုပြီး တစ်ဖက်လှည့်သွားပြန်တယ်။ ကလေးအဒေါ်ရဲ့ငြင်းဆန် စကားကြောင့် ဆရာသမားနဖူးကချွေးဥကြီး ခြေမလောက်သီးထလာ တယ်။ လက်တစ်ဖက်က စာအုပ်လေးငါးအုပ်ကို ချိုင်းကြားညှပ်ထားပြီး လုံချည်ကို ကျွတ်မကျရအောင် လက်တစ်ဖက်နဲ့ကိုင် ထားရတဲ့အပြင် ကျန်တစ်ဖက် ကလည်း ကလေးကိုကိုင်ထားရသေးတာကိုး။ အခြေနေက တယ်မကောင်း။ လုံချည် ကမကြာခင်အောက်ပုံကျသွားတော့မှာ. . .။



www.foreverspace.com.mm

"လုပ်ပါဗျာ. . . ခဏလောက်ယူစမ်းပါ. . . ခဏလေးပါ. . . ဒီမှာကျွတ်ကျွတ်. . . "

"ဟင့်အင်း. . . ဟင့်အင်း. . . မယူရဲဘူး. . . ဘယ်လိုလူကြီးလဲမသိဘူး. . . မကြည့်ရဲဘူးရှင် . . "

ကလေးအဒေါ်က ခပ်ဝေးဝေးကိုခုန်ထွက်လိုက်ပြီး အကြောက်အကန် ငြင်းတယ်။ ကလေးအဒေါ်ကိုကြည့်ပြီး ကိုယ်ဆရာလည်းဘာလုပ်ရမှန်းမသိဘဲ ပျာပျာသလဲဖြစ်နေတယ်။ သူ့ခမျာကလေးကိုလည်းလွှတ်ချလို့ကမဖြစ်တော့ လုံချည်က ဘယ်လိုမှပြန်ဝတ်လို့မရဘူး ဖြစ်နေတယ်။ လမ်းပေါ်မှာ တောင်ပြေးမြောက်ပြေးလုပ်နေတုန်းမှာပဲ လမ်းတစ်ဖက်က ဖြတ်လာတဲ့ အဒေါ်ကြီးတစ်ယောက်ကို တွေ့လိုက်ရတယ်။

"အဒေါ်. . . အဒေါ် ကျွန်တော့်ကိုကူညီပါဦး. . . ကူညီပါဦး"

ဆိုပြီးအဒေါ်ကြီးဆီ ကမန်းကတမ်းပြေးသွားတယ်။ သူ့ဆီကမန်းကတန်ပြေးလာတဲ့ ကျောင်းဆရာကိုကြည့်ပြီး အဒေါ်ကြီးမျက်မှောင်ကြုတ်သွားတယ်။ အနားရောက်မှ ခါးထောက်ပြီး. . .

"ကဲပြော. . . ကျုပ်ကဘာကူညီရမှာတုံး. . . "

"ကလေးခဏလောက်ချီပေးပါ. . . ခဏလေးပါ. . . "

အဒေါ်ကြီးမျက်မှောင်ပိုကြုတ်သွားတယ်။ ဘာသဘောလဲပေါ့။ ကိုယ့်ဆရာကလည်းကလေးအောက်က ခါးပုံစကို ပိပိရိရိကိုင်ထားတော့ လုံချည်ကျွတ်နေတာကို မမြင်ရဘူးပေါ့. . .။

အဒေါ်ကြီးကလေးချီပေးဖို့အရေး ဒီလောက်အရေးကြီးနေတဲ့ ကျောင်းဆရာကိုကြည့်ပြီး သက်ပြင်းချကာ. . .

"အင်း. . . ခက်ပါ့. . မချီနိုင်ရင်လည်း အစကတည်းက မချီပဲနေတာမဟုတ်ဘူး. . . ကဲပေး. . . ဒါပေမယ့်. . ခဏပဲနော်. . . "

"ဟုတ်ကဲ့. . . "

"အင်းအင်းရော ပါထားသေးလား. . . "

"မပါထားပါဘူး. . . "

အရေးထဲ ပုလိပ်စစ်စစ်နေရသေးတယ်။ သေချာတော့မှ. . .

"ပေးကလေး. . ."

အဒေါ်ကြီး ကလေးတောင်းတော့ ကျောင်းဆရာဝမ်းသာသွားပြီး ကမန်းကတမ်းပဲ အဒေါ်ကြီးလက်ထဲကိုကလေးထိုးထည့်ပေးလိုက်တယ်။

"ရော့. . ."

ဖြစ်ချင်တော့ ကလေးနဲ့အတူ သူကိုင်ထားတဲ့ခါးပုံစက ပါသွားတာမို့ အဒေါ်ကြီးချက်ချင်းမျက်လုံးပြူးသွားပြီး. . .

"ဟင်. . . နင်. . . နင်ဘာလုပ်တာလဲ. . ရိုင်းလှည့်ချည်လား"

အဒေါ်ကြီးရဲ့စကားကြောင့် ကျောင်းဆရာပြာတောက်သွားတယ်။

"မ. . မဟုတ်. . မဟုတ်ဘူး. . ကျွန်ကျွန်တော်. . မဟုတ်. ."

"ဘာမဟုတ်ဘူးလဲ. . . နင်ပြတာငါမြင်တယ် ပန်းကျင်တဲ့. . ပန်းကျင်ကိုဒီလိုကျောလို့မရဘူး. . . စပါယ်ယာမယားနော် မျက်စိတော့လျင်သလားမမေးနဲ့. . ."

"ဟား. . . မဟုတ်"

အရေးထဲစပါယ်ယာမယားနဲ့မှ လာတွေ့နေပြီ။ ကိုယ့်ဆရာချွေးသီးတွေပိုကြီးလာတယ်။

"ဘာမဟုတ်တာလဲ. . ဘာမဟုတ်တာလဲ. . ပြတုန်းကရှင်းရှင်းပြပြီး ပြောရင်လည်းရှင်းရှင်းပြောစမ်းပါ. . . ပန်းကျင်တဲ့ စပါယ်ယာနော် ဟင်းဟင်း. . . ပန်းကျင်က ငါးစိမ်းဘယ်လောက်မြင်မြင် ငါးကင်ဆိုမှ ငါးကင် အစားထဲကနော်. . ."

"မဟုတ်ဘူး. . ကျွန်တော်ပြတာ. . အဲလေ. . က. . ကလေး"

သူ့စကားကြောင့် အဒေါ်ကြီးပိုဆတ်ဆတ်တုန်သွားတယ်။

"ဘာကလေးလဲ. . . ကလေးအကြောင်းပြပြီး နင်ငါ့ကိုပြတာလေ ဟောဒီမှာကြည့်ကြပါဦးအရပ်ကတို့ရဲ့. . . ဟင်. . ဟောဒီလူ. . . ဟောဒီလူ ကျုပ်ကိုကလေးခဏချီဆိုပြီး ဘာပြတယ်မှတ်သတုံး. . ဘာပြတယ်မှတ်သတုံး. . ."

"ဝါး. . ."

www.foreverspace.com.mm

အဒေါ်ကြီးရဲ့အော်သံကြောင့် ကလေးကလန့်ပြီး သံကုန်ဟစ်ပြီး ငိုတယ်။ အဲဒီငိုသံကြောင့် တစ်ရပ်ကွက်လုံးထွက်ကြည့်တယ်။ ကိုယ့်ဆရာ ကကလေးတစ်ဖက် လုံချည်တစ်ဖက်နဲ့ ဘာလုပ်လို့လုပ်ရမှန်းမသိတော့ဘူး။ ကလေးကလည်းငိုတာမှ တက်မတတ်ချက်မတတ်ပဲ။

လမ်းမကြီးမှာဆိုတော့ ကလေးကိုလည်းပစ်ချလို့မရဘူး။ မတော် လို့ ကလေးတစ်ခုခုဖြစ်သွားရင် သူ့တာဝန်ကျမှာကိုး. . .။ ကိုယ့်ဆရာပြာ ထွက်နေပြီ။ ဟိုမိန်းမကြီးကလည်း အာဘောင်အာရင်းသန်သန်အော် နေတုန်း. .။

"အော်. . . ကိုယ့်မှာတော့ ကလေးကိုရိုးရိုးသားသားပဲပေးချီခိုင်း တယ် မှတ်လို့ နဂိုစိတ်ကောင်းလေးနဲ့ယူမယ်လို့လက်အကမ်း. . . အဲဒီမှာ ယုတ်မာတာ. . . ယုတ်မာတာတော်ရေ့. . . "

မိန်းမကြီးအော်သံကြောင့် တစ်ရပ်ကွက်လုံးထွက်ကြည့်တဲ့အပြင် ဖြတ်သွားဖြတ်လာ ကားတွေပါရပ်ကုန်တယ်။ ကိုယ့်ဆရာလည်းကလေး တစ်ဖက် လုံချည်တစ်ဖက်နဲ့ ဘာလုပ်လို့လုပ်ရမှန်းမသိတော့ဘူး။ အားလုံးက လည်းသူ့ကိုအထူးအဆန်းလိုဝိုင်းကြည့်နေကြတယ်။ နောက်မှသတိရသွား ပြီး. . .

"ဟာဗျာ. . ခင်ဗျားကြီးကလည်း. . . "

ဆိုပြီး ကလေးအမေအိမ်ဒုန်းစိုင်းပြေးသွားတော့တယ်။

သူအိမ်ထဲရောက်တော့ ကလေးအမေကအိမ်ပေါ်ထပ်တက်ဖို့ လှေခါးရောက်နေပြီ။ အိမ်ထဲဒရောသောပါးပြေးလာတဲ့ကျောင်းဆရာကို ကြည့်ပြီးရုတ်တရက်တော့ အံ့အားသင့်သွားတာပေါ့။ သူ့လက်ထဲမှာလည်း သံကုန်အော်ဟစ်နေတဲ့ သူ့ ကလေး ဗိုတစ်လုံးလေးကို. . .

"လုပ်ပါဦး. . . ယူပါဦးကလေးကို. . . ယူပါဦး. . . "

ကိုယ့်ဆရာ ကလေးအမေနားမျက်နှာနီကြီးနဲ့ပြေးသွားပြီး လှေ ခါးအောက်ကနေကလေးကိုသွားပေးတယ်။ ကလေးအမေက လှေခါးပေါ်ကနေ ကြောင်တောင်တောင်နဲ့ ကလေးကိုလှမ်းယူဖို့ လုပ်နေတုန်း အဖြစ်အပျက်ကို အပေါ်စီးကနေရုတ်တရက်ဘွားခနဲမြင်

www.foreverspace.com.mm

ရလိုက်တော့. . .

"ဟင်. . အို. . မယူဘူး. . မယူဘူး. . အယုတ်တမာ ဘာပြနေတာလဲ. . . အဲဒီလိုကြီးဆိုမယူဘူး. . . "

ဆိုပြီးအိမ်ပေါ်ဒုန်းစိုင်းပြေးတက်သွားတယ်။ ကလေးအမေအပြုအမူကြောင့် ကိုယ့်ဆရာပိုငိုချင်သွားတယ်။ ကလေးမလည်းငိုတာများမျက်နှာကြီးကိုနီနေပြီ. . .။

ဘာလုပ်လို့လုပ်ရမှန်းမသိတော့ဘူး။ ကလေးအမေကိုယ်တိုင်ကကလေးကိုမယူတော့ပဲ။ ဒါကြောင့် လှေကားပေါ်ပြေးတက်သွားပြီး. . .။

"ရော့လေဗျာ. . ကိုယ့်ကလေးကိုယ်ယူလေ. . ဒီမှာကျုပ်ကျွတ်ကျွတ်. . "

သူပြေးလာတာနဲ့ကလေးအမေလှေကား ထိပ်ပြေးတက်သွားပြီး. . .

"ဟင့်အင်း. . မယူဘူး. . မယူဘူး. . အို. . . ဘယ်လိုလူကြီးလဲ. . . "

ဆိုပြီးတစ်ဒုန်းဒုန်းနဲ့ သူအခန်းထဲပြေးဝင်သွားပြီး တံခါးကိုဒုန်းခနဲပိတ်ပြီး ဖောက်ဆိုလော့ခ်ချထားလိုက်တယ်။ အဲဒါကိုမြင်တော့ကျောင်းဆရာမျက်ရည်တွေကျလာပြီး. . .

"ဟာ. . ဒုက္ခပါပဲဗျာ. . . ဒုက္ခပါပဲ. . . "

အကူအညီရလို့ရငြား အိမ်နောက်ဖေးပြေးဝင်သွားတယ်။ အိမ်နောက်ဖေးမှာက ထမင်းချက်တဲ့အဘွားကြီးနဲ့ ကူဖော်လောင်ဖက်ကောင်မလေးတစ်ယောက်ရှိတယ်။ သူလည်းနောက်ဖေးကို ဒုန်းစိုင်းဝင်လာတာမြင်ရော နှစ်ယောက်လုံးခုန်ထလာပြီး. . .

"ဟဲ့. . . အို. . . ဘယ်လိုဟာကြီးက ဘယ်လိုလုပ်ဝင်လာတာလဲ . . . "

"လုပ်ပါဦးအမေရဲ့. . . "

"ဘာကြီးလဲတော့်. . . "

ဆိုပြီး နှစ်ယောက်လုံး ယောက်မကိုယ်စီနဲ့ ကြောက်အားလန့်အားနဲ့

အိမ်အပြင်ပြေးထွက်သွားကြတယ်။ အဲဒါကိုလည်းမြင်ရော ကျောင်းဆရာမျက်ရည်တွေရော နှပ်တွေပါထွက်လာပြီး. . .

"ဟာဗျာ. . ဘယ်လို လူတွေလဲဗျာ. . ဟင့် အီး. . . သေတောင်သေချင်လာပြီ. . . သေတောင်သေချင်လာပြီ. . ."

ဆိုပြီး နံဘေးနားဝေ့ကြည့်လိုက်တယ်။ ကလေးကလည်းငိုတာမှဖတ်ဖတ်ကိုမောနေပြီ။ ကံကောင်း ချင်တော့ ဧည့်ခန်းမှာအဆင်သင့်ချိတ်ထားတဲ့ကလေးပုခက်ကို တွေ့ တယ်။ ကိုယ့်ဆရာ ကမန်းက တမ်းပဲပြေးသွားပြီး ကလေး ကိုပုခက်ထဲထည့်လိုက်တယ်။ ကလေးပုခက်ထဲရောက် သည့်ထိ ကိုယ့်ဆရာ ကျွတ်နေတဲ့လုံချည်ကို ပြန်မဝတ်နိုင်သေးဘူး. . .။



မျက်နှာပေါ်ကျနေတဲ့ ချွေးစေးတွေ၊ နှပ်တွေ၊ မျက်ရည်တွေကို အဲဒီလုံချည်နဲ့ပဲ ပင့်သုတ်လိုက်တယ်။ အားလုံးသန့်ရှင်းသွားပြီး လုံချည်ပြန်ဝတ်လိုက်တာနဲ့. . .။

"ခစ်ခစ်ခစ်. . ."

ပုခက်ထဲက ကလေးရယ်သံ။ ကလေးရယ်သံကြားတော့ ကိုယ့်ဆရာ ရယ်ရမလိုငိုရမလိုဖြစ်သွားတယ်။

"ခစ်ခစ်ခစ်. . ."

ကလေးကရယ်ပြီး သူ့နောက်လိုက်ချင်တဲ့ပုံစံမျိုးနဲ့ လက်လှမ်းပေးတယ်။ ကျောင်းဆရာမျက်နှာလွှဲလိုက်တယ်။ ပြီးတော့မှကလေးကိုသေအချာကြည့်ပြီး. . .

"ပူတူတူးလေး. . . တေချင်းဂျိုးလေး. . . လူ့လောကထဲက



www.foreverspace.com.mm

လူတွေကို ဒုက္ခပေးဖို့ရောက်လာတဲ့ ကလေးအိုလေးကိုင်း မှတ်ကရော. . . ”

ဆိုပြီး ဘောက်ဆတ်ဘောက်ဆတ်နဲ့ အပြင်ထွက်လိုက်တယ်။ အပြင်မှာ သူ့ကိုစောင့်ကြည့်နေတဲ့ ယောက်မနှစ်လက်ရယ်၊ ကလေးအဒေါ်ရယ်အပြင် လူတစ်ကျိတ်လောက်ရှိတယ်။ သူလည်းဖြတ်သွားရောအားလုံးရှဲခနဲလမ်း ဖယ်ပေးကြတယ်။

ကျောင်းဆရာက ဘာမှမဖြစ်ခဲ့သလိုနဲ့ ရှူတင်းလိုက်တယ်။ ပြီးတော့ အားလုံးကိုထီမထင်ဟန်နဲ့ မျက်လုံးတစ်လုံးမှေးပြီးဝေ့ကြည့်တယ်။ ဟုတ်တယ်လေ ဒီလိုအဖြစ်အပျက်မျိုးက ရှက်ကြောက်နေရင် ပိုပြီးစလို့နောက်လို့ကောင်းတာကိုး။ ဒါမျိုးကျောင်းဆရာတို့ကနောကျေနေပြီ။

“ဟွင်း. . . ”

ကျောင်းဆရာနှာမှုတ်ပြီး အင်္ကျီလက်ခေါက်တင်လိုက်တယ်။ ပြီးတော့ ခါးကျောမှာတင်းနေတဲ့အင်္ကျီကိုခါးဆန့်ပြီး ချောင်အောင်လုပ်လိုက်တယ်။ အဲဒီတော့မှ အင်္ကျီကြားထဲခေါက်ဝင်နေတဲ့ အုန်းနှစ်ပင်နိုင်လွန်ပုဆိုးက ဖလွတ်ဆိုကျွတ်ကျသွားပြီး အားလုံးဆီက ဟာခနဲ ဟင်ခနဲအသံကြားရတယ်။ အားလုံးကြောင်ပြီးမှင်သက်မိနေတယ်။ ကျောင်းဆရာလည်းဘာမှမပြောနိုင်တော့ဘဲ ပုဆိုးလေးဖုတ်ခနဲကောက်မပြီး ပြေးလိုက်တာလုံးနေတာပဲ။

ပြီးတော့ သူ့နောက်မှခေါင်းတွေက နှစ်လုံးကသုံးလုံး၊ သုံးလုံးကလေးလုံး ပူးပူးပြီး ပတွပ်ပတွပ်နဲ့ ပူးကုန်တယ်။ အတင်းတုတ်နေကြတာဖြစ်လိမ့်မယ်။ဘာတွေပြောကြ တယ်ရယ်မသိဘူး။ ကျောင်းဆရာနားထဲမှာတော့ ပတွတ်ပတွတ်နဲ့ပဲကြားနေရတယ်။

အဲဒီရက်ရဲ့နောက်ပိုင်းမှာတော့ ကျောင်းဆရာကိုမြင်တာနဲ့ ကလေးအမေတွေက ကလေးချီပြီးဝေးရာကိုပြေးကြတော့တယ်။ သူတို့ပြေးလို့သာပြေးရတာပါ။ကျောင်းဆရာကလည်း ကလေးဆိုဟာဟာကြည့်ဖို့မပြောနဲ့ အသံကြားရင်တောင်နားခါးတယ်ဆိုတဲ့အစားထဲကကိုဖြစ်လို့. . . ။

ö ö ö



www.foreverspace.com.mm

www.foreverspace.com.mm

ကျွန်တော့်မှာ အင်မတန်ကြောက်တတ်တဲ့ သူငယ်ချင်း တစ်ယောက်ရှိတယ်။

ဘယ်လောက်ထိကြောက်သလဲဆိုရင် လက်မဓားရှတာ တောင်နာတယ်ထင်ပြီး ခြင်ထောင်ပတ်ထားချင်တဲ့လူ။

သူ့ကိုတစ်ယောက်ယောက်များမန်လိုက်မဲလိုက် ပြီဆိုရင်ကျပြီမျက်ရည်က . . .။ တစ်လုံးတစ်လုံး သုံးနှစ် အုန်းလောက်ရှိတယ် အဲဒီလို . . .။

ဒါကြောင့်သူငယ်ချင်းတွေက သူ့ကိုမိန်းမနဲ့နှိုင်း ပြောတယ်။ အဲဒီလို အပြောခံရတိုင်းလည်းငိုတာပဲ. . .။ ငိုရင်လည်းသိတယ်မဟုတ်လား မျက်ရည်တစ်လုံးက သုံးနှစ် အုန်းလောက်ရှိတယ် . . .။

ဒါပေမယ့် အဲဒီလောက်အသည်းငယ်တာ မိန်းမ စိတ်ပေါက်နေတယ်တော့မထင်နဲ့။ ကျားစိတ်မှကျားစိတ် အပြည့်။ ညကျရင်အရက် သောက်တယ်။ ကောင်မလေး တွေအကြောင်းဆွေးနွေးရင် မျက်လုံးကြီးပြူးပြီး နဖူးချွေး ထွက်အောင်ဆွေးနွေးတယ်။ အဲ. . . ဘယ်သူ့ကိုမှ တော့မယ်မယ်ရရကြိုက်တာတော့မရှိဘူး။ သူ့အပြောအရ ဆိုရင် တော့ သူ့ဖူးစာရှင် အစစ်မတွေ့သေးလို့ ဆိုလားပဲ။ ပြောရဦးမယ်. . . သူ့နာမည်က မျိုးမင်းသန့်တဲ့ . . .။

ဟုတ်သလား မဟုတ်သလားတော့မသိဘူး။ ဒီလို နဲ့ တစ်နေ့တော့ သူ့ဖူးစာရှင်အစစ်အမှန်တွေ့ပါလေရော။




www.foreverspace.com.mm

အမည် - မျိုးမင်းသန့်

ပိုးကောင်အမှတ် - ပ ၀ ဂ ၀၀၃

အမည်ပေါက်ပိုးနည်း - မြေကြီးတုတ်ခြစ်နည်း



www.foreverspace.com.mm

www.foreverspace.com.mm

**သူ**ကြိုက်တဲ့ကောင်မလေးနာမည်ကအိအိခိုင်တဲ့ . . .။ ကောင်မလေးကတခြားရပ်ကွက်ကနေ ကျွန်တော်တို့ရပ်ကွက်ထဲကိုပြောင်းလာတာ။ လှတယ်လည်းမဟုတ်ဘူး။ မလှဘူးလည်းမဟုတ်ဘူး။ ဘယ်လိုပြောရမလဲ။

ဒီကောင်မလေးကိုပဲ ကျွန်တော့်သူငယ်ချင်း တစ်လုံးတစ်လုံးသုံးနှစ်အုန်းကကြိုက်တာ . . .။

အသည်းကလည်းငယ် မိန်းမကလည်းတစ်ခါမှမပိုးဖူးတော့ ကိုယ့်ဆရာဘယ်ကဘယ်လိုစလှော်ရမှန်းကိုမသိဘူး။ ဒါနဲ့ မင်းသားကငတုံးဖြစ်နေတော့မြန်မာဗီဒီယိုကားထဲတွေကအတိုင်း ဘေးလူရှင်တော်တွေ ကဝိုင်းလှော် ပေးရတာပေ့ါ။

ပထမဆုံးကောင်မလေးအိမ်ရှေ့ဖြတ်လျှောက်ခိုင်းရတယ်။ ကောင်မလေးအိမ်ရှေ့ဖြတ်လျှောက်တော့ကောအဆင်ပြေလားဆိုတော့ ငတိက ကျန်တဲ့နေရာဆိုသာမာန်ရယ်။အဲဒီအိမ်ရှေ့ရောက်မှမျက်နှာကြီးနီပြီးလိမ်ဖယ်လိမ်ဖယ်ဖြစ်သွားတာ . . .။ ကြောက်လို့တဲ့လေ. . .။

အိမ်ရှေ့မှာကောင်မလေးများရှိနေလို့ကတော့ ခေါင်းအပေါ်မော့ဖို့မပြောနဲ့၊ အောက်မေးနဲ့ငယ်ထိပ်ချိတ်ပိနေတာမှ နိုပ်စိကျနေတာပဲ။ မျက်

www.foreverspace.com.mm

လုံးသေကြီးနဲ့ သွားဖြဲပြနေတာအာဠာဝကဘီလူးမစားဖူးတဲ့ ရေခဲပေါက်စီ ပါးစပ်ထဲအထည့်ခံထားရတဲ့အတိုင်း ဟစိဟစိကိုဖြစ်လို့။

နောက်တစ်ဆင့်အနေနဲ့၊ ကောင်မလေးနဲ့မျက်နှာချင်းဆိုင်ရင် ပြုံးပြခိုင်းရတယ်။ ကိုယ့်လူကပြုံးပြရှာပါတယ်။ ဒါပေမယ့်ပြုံးတာနဲ့မတူဘူး သွားဖြဲပြီး နှာခေါင်းပွပြတာလိုပဲ . . .။ဘာပဲပြောပြော ဘယ်သွားမလို့လဲ စားပြီးပြီလား လောက်တော့တိုးတက်လာတယ်ဆိုရမှာပေါ့ . . .။

အဲဒီအတောအတွင်းလောက်မှာပဲ ကိုယ့်လူကောင်မလေးကို ကြိုက်တာ တစ်ပိုင်းတောင်သေချင်နေပြီ . . .။

"ဟေ့ကောင် . . ငါ ကောင်မလေးနဲ့နှစ်ယောက်ထဲတွေ့ချင်လို့ အဲဒါအကြံပေးစမ်းပါဦး . . ."

တစ်နေ့တော့ အဲဒီစကားအစချီပြီး ထွန်းနိုင်နဲ့သန်းအောင်ခေါ်ပြီး တိုင်ပင်တယ်။ ဟိုကောင်တွေကလည်းသိတယ်မဟုတ်လား ကြွပ်တွေ။

"ဟ. . . ဟေ့ကောင်ရ . . . နှစ်ယောက်ထဲတွေ့ပြီးတော့ဘာလုပ် ဦးမှာမို့လဲ . . ."

"ဟို . . . ဟိုလေကွာ. . . အဟဲ. . . ငါ. . . ငါသူ့ကိုရည်းစား စကားအစမ်းပြောကြည့်ချင်လို့ . . ."

"ဟမ်. . ."

ကြည့်ဦးပြောပုံက. . .။ ရည်းစားစကားအစမ်းပြောကြည့် ချင်လို့တဲ့။ ပြောချင်လည်းပြောချင်တယ်ပေါ့ . . .။အခုတော့ဟုတ်ပေါင် ရည်းစားစကားပြောချင်တာကို စရံအရင်သတ်ထားပေးချင်တယ်ဆိုတဲ့ သဘောမျိုးဖြစ်နေတာ. . .။ ဘာပဲပြောပြောလေ. . . ကိုယ့်လူ အခုလို ကိလေသာစိတ်ဝင်လာတာကိုပဲ တွန်းပို့ GROUP ကဝမ်းသာလှပါပြီ။ ဟုတ်တယ်လေ တော်တော်တန်တန်တော့ တိုးတက်လာရမပေါ့။

"ဟေ့ကောင်ရ . . . မင်းကရည်းစားစကားပြောကြည့်ချင်တယ်ဆို တော့၊ မင်းပြောရောပြောရဲလို့လား . . ."

ကိုယ့်လူခေါင်းကုတ်တယ် . . .။

"ငါလည်းဒါပဲစဉ်းစားနေတာ . . . ငါသူ့ကိုရည်းစားစကားပြောလို့

www.foreverspace.com.mm

သူဟောက်ထည့်လိုက်ရင် ဘယ်လိုလုပ်မှာလဲ . . . ”

သူ့စကားကိုဘေးကနေပြီးအားမလိုအားမရဖြစ်နေတဲ့ ထွန်းနိုင်က

“ဟာကွာ. . . သူဟောက်ကိုယ်ဟောက်ပေါ့ ငါဆိုငါရည်းစားစကားလိုက်ပြောလို့ မချေမငံပြန်ပြောတဲ့မိန်းမဆိုရင် ပြန်ဆဲထည့်လိုက်တာပဲ. . . ”

ထွန်းနိုင်စကားကြောင့် ကိုယ့်လူတွန့်ဝင်သွားတယ်။ ဟုတ်လည်းဟုတ်တယ်၊ ထွန်းနိုင်ဆိုတဲ့ကောင်ကအဲဒါမျိုးဆို ယောက်ျားတန်မဲ့နှစ်ပြားမတန်အောင် ကက်ကက်လန်ရန်တွေ့တတ်တာ . . .။ ခါးတို့မိလို့ယောင်တာတောင် အဆဲလေးနဲ့မှအာထိတဲ့ကောင်မျိုး။

ကိုယ့်လူခေါင်းကုတ်ပြန်တယ်. . .။

“ဟာကွာ . . . ငါကပြန်ဆဲဖို့မပြောနဲ့၊ စကားတောင်မပြောရဲ့လို့ ဘယ်ကစပြောရမလဲစဉ်းစားနေတာ . . . ”

“အေးလေကွာ. . .။ ဟုတ်သား. . . ဒီကောင်ကအစထဲကအသည်းငယ်နေရတဲ့ကြား. . . ”

သန်းအောင်က ဖြတ်တားလိုက်တယ်။ ဟုတ်တယ်၊ ကြာရင် ထွန်းနိုင်ဆိုတဲ့ကောင်လမ်းပြမှုနဲ့ . . . မတော်မတည့်တွေဖြစ်ကုန်မှာ။

“ဒီလိုလုပ်ကွာ. . . ”

“ဘယ်လို . . . ”

သန်းအောင်စကားကြောင့်အားလုံး စိတ်ဝင်စားကုန်တယ်။

“ဒီလိုကွာ. . . မနက်ဖြန်ညကျရင် ဟိုဘက်ရပ်ကွက်မှာပွဲရှိတယ် အဲဒီကို သူ့ကိုခေါ်သွားမယ်. . . ”

သန်းအောင်စကား ငတိမျက်နှာရှုံ့မဲ့လိုက်ပြီး . . .

“ဟာကွာ . . . မင်းခေါ်တော့သူကလိုက်မှာလား . . . ”

“အာ. . .။ ငါတော့ဘယ်သွားခေါ်မှာလဲကွ. . . ထွန်းနိုင်ကောင်မလေးရှိတာပဲ. . . ထွန်းနိုင်ကောင်မလေးနဲ့ သူနဲ့ခင်နေတာပဲ . . .။ သူ့ကိုပဲအကူအညီတောင်းပြီးသွားခေါ်ခိုင်းရမှာပေါ့. . . ပွဲဈေးရောက်ရင်ရှောင်ပေး. . . အဲဒီတော့ကျရင်သာမင်းအပီကိုင်နိုင်ပါစေ . . . ”

သန်းအောင်ရဲ့အားတက်သရောစကားကြောင့် ငတိတွန့်ဝင်သွားတယ်။ ပြီးတော့ကတုန်ကရင်နဲ့ . . .

"ဟို. . ဟိုလေအကြာကြီးတော့ မရှောင်ပေးကြနဲ့ပေါ့ . . စတိလောက် . . ရင်ဖွင့်လို့ရရင်ဖြစ်ပြီ . . နော် . . ဟေ့ကောင်. . ."

ငတိကပြောရင်းနဲ့ထွန်းနိုင်ပခုံးကို ဖျတ်ကနဲပုတ်ပြီး စစ်ကူတောင်းတယ် . . . ထွန်းနိုင်ကအာထိလျှာထိယောင်တယ်ပေါ့လေ၊ ထားပါတော့။ သန်းအောင်ကသာသက်ပြင်းချရင်း သူ့ကိုစိတ်မသက်မသာကြည့်နေရတော့တယ်. . .။

ံ ံ ံ



www.foreverspace.com.mm

www.foreverspace.com.mm

**ဒီလိုနဲ့**ပွဲညလည်းကျရော၊ သန်းအောင်ရယ်၊ ထွန်းနိုင်ရယ်၊ သူ့ကောင်မလေးရယ်၊ သူတို့နှစ်ယောက်ရယ်ပေါင်းငါးယောက် ခြေလှမ်းမှန်မှန်နဲ့ပွဲဈေးကိုအတူလျှောက်လာကြတယ်။

လမ်းလျှောက်တာတောင်ကိုယ့်လူက မျက်နှာနီကြီးနဲ့၊ ကောင်မလေးနဲ့တစ်လံကွာက ကတုန်ကရင်လျှောက်နေလို့မနည်းဆွဲကပ်ပေးရတယ်။ ရည်းစားစကားပြောဖို့ဆိုတာဝေးရော . . . ဒါနဲ့ ဟိုအလှော်ကောင်တွေကပဲ. . .

"အိအိခိုင်. . . ရဟတ်စီးဦးမလား . . . "

ထွန်းနိုင်အမေးကို ကောင်မလေးက မျက်မှောင်ကြုတ်ပြီး . . .

"ဟင့်အင်း . . . ရဟတ်တော့မစီးချင်ဘူး . . . မူးမှာစိုးလို့ . . မခိုင်ကမူးတတ်တယ်လေ . . . "

"ဒါဆိုလည်းလိုက်ခဲ့လေ . . . သမီးတို့စီးချင်လို့ . . . "

ထွန်းနိုင်ရဲ့ကောင်မလေး သော်တာကဝင်ပြောတယ်။ အမှန်တော့အကွက်ထွင်တာပါ။ ဟိုရောက်ရင်သူတို့နှစ်ယောက်ကို တစ်တွဲတင်ပေးမယ်ပေါ့. . .။

"အင်း. . . သော်တာတို့စီးချင်ရင်သွားလေ . . . ခိုင်တော့မစီးချင်ဘူး . . ."

ကောင်မလေးက သိပ်တော့မငြင်းဘူး . . .။ ဒါပေမယ့်နည်းနည်းတော့ငြင်းတယ်။ ရဟတ်နားရောက်တော့သော်တာက . . .

"လာလေ . . . မခိုင်တူတူစီးရအောင် . . ."

သော်တာ့စကားကို အိအိခိုင်ကခေါင်းကိုတွင်တွင်ခါပြီး . . .

"ဟင့်အင်း . . . ဟင့်အင်း . . . ခိုင်မစီးချင်ဘူး။ သော်တာတို့ဖာသာသော်တာတို့စီး . . . မခိုင်အောက်ကပဲစောင့်နေမယ် . . ."

ဆိုပြီးအတင်းငြင်းပြန်တယ်။

ဘယ်လိုမှ ခေါ်မရတဲ့အဆုံး သန်းအောင်ကပဲကြားဝင်လို့. . .။

"ကဲ. . ဒါဆိုလည်း. . မခိုင်အဖော်ရအောင်တစ်ယောက်စောင့်ကျန်ခဲ့. . . မျိုးမင်းသန့်. . . မင်းပဲစောင့်နေခဲ့ . . . ငါတို့ရဟတ်စီးလိုက်ဦးမယ်. . ."

ဆိုပြီး သုံးယောက်သားရဟတ်ဆီပြေးထွက်လာရတယ်။ ကိုယ့်လူကတော့ကောင်မလေးနား တုတ်ကွေးနာတာရှည်ကြက်ကြီး လည်လိမ်ထားသလို စင်းစင်းကြီးနဲ့ကျန်ခဲ့တာ။

ဝ ဝ ဝ



www.foreverspace.com.mm

**"ဟို**သုံးယောက်ကလည်းကြာလိုက်တာနော် . . . "

မခိုင်က သူ့ဖာသာသူရေရွတ်သလိုနဲ့ပြောတယ်။

"လာလေ . . . မခိုင် . . . ဒီကစောင့်ရတာပျင်းနေရင်။ ဘုရားဘေးညောင်ပင်အောက်ကစောင့်ကြတာပေါ့ . . . "

အိအိခိုင်တစ်ချက်တွေသွားတယ် . . . ပြီးမှခေါင်းညိတ်ပြီး . . .

"အင်း. . . သွားချင်သွားလေ. . . "

ကိုယ့်လူ ဝမ်းသာသွားတယ်။ ဒါကြောင့်သူကပဲဦးဆောင်ပြီး ပွဲဈေးနဲ့ခပ်လှမ်းလှမ်းမှာရှိတဲ့ ဘုရားဘေးကညောင်ပင်အောက်ကို ကတုန်ကရင်တစ်ပိုင်း ဖောက်ဖောက်တစ်ပိုင်းနဲ့ ချီတက်သွားတယ်။

ဘုရားညောင်ပင်အောက်ရောက်တော့ မျိုးမင်းသန့် ဘယ်ကဘယ်လိုစရမှန်းမသိဖြစ်နေတယ်။ ဒါနဲ့ပဲ ညောင်ပင်ကိုင်းခြောက်တစ်ခုကိုချိုးပြီး၊ မြေပြင်ကိုအဲဒီသစ်ကိုင်းခြောက်နဲ့ ထိုင်ခြစ်နေလိုက်တယ်။ ညဘက်မို့လို့အေးတယ်ဆိုရမှာပဲ . . . ။ နောက်ပြီးလေပြည်ကလည်းနွဲ့နွဲ့လေးတိုက်နေတယ်လေ . . . ။ ခပ်ဝေးဝေး ဘုရားပွဲဈေးက မီးမှိန်မှိန်လေးတွေကြည့်ရတာကလည်း လွတ်ကြည့်ကောင်းတာ။ ဒါပေမယ့်မျိုးမင်းသန့်က ဒီ



www.foreverspace.com.mm


www.foreverspace.com.mm

အလှအပတွေကိုမခံစားနိုင်သေးဘူး။ သူ့ရင်ထဲကခံစားချက်အတုံးအခဲကြီးကို သူ့ကောင်မလေးအိအိခိုင်သိအောင် ဘယ်လိုဖွင့်အံရမယ်ဆိုတာ မြေကြီးပေါ် တုတ်နဲ့ ခြစ်ပြီးအကြံထုတ်နေတုန်းပဲ . . .။ အဲဒီအချိန်မှာပဲ အိအိခိုင်ဆီက ကြားရတဲ့ အသံက . . .

"ကိုမျိုးမင်းသန့် မခိုင်ကိုချစ်တယ်ဆို . . ."

"ဟင် . . ."

အဲဒီအသံလည်းကြားရော ငတိဆံပင်တွေပါထောင်တက်သွားတယ်။ မျက်နှာကြီးရဲပြီး ဘာလုပ်လို့လုပ်ရမှန်းမသိဖြစ်နေတယ်။ နောက်ပြီး သူက ချစ်ကြောင်းကြိုက်ကြောင်းဘာမှ မစရသေးခင် ကောင်မလေးကမဆီမဆိုင်ဒဲ့ကြီးမေးလိုက်တော့ အံ့အားသင့်သွားတာလည်းပါမှာပေါ့ . . .။ ဒါကြောင့် ကတုန်ကရင်နဲ့ပဲ . . .



"ဘယ်သူပြောလို့လဲ . . . မအိအိခိုင်. . ."

ကောင်မလေးဆီက သက် ပြင်းချသံကြားတယ်။

"သော်တာတို့ပြောတာပါ. . ."

"ဩော်. . ."

အခုမှ ထွန်းနိုင်ကောင်မလေး သော်တာလျှော်ထားမှန်းသိရတယ်။ ဟုတ်လည်းဟုတ်နေတာမို့ ဒီအတိုင်းပဲမျှောလိုက်နေလိုက်တယ်။

ကောင်မလေးက သူ့ခေါင်းပေါ်က ညောင်ရွက်တစ်ရွက်ကိုခူးပြီး

"ဘာပဲဖြစ်ဖြစ်ပေါ့လေ . . . ယောကျ်ားလေးတစ်ယောက်ကမိန်းကလေးတစ်ယောက်ကိုချစ်တာ. . . ချစ်ခွင့်ရှိပါတယ်. . . ဟုတ်တယ်မဟုတ်လားကိုမျိုးမင်းသန့် . . ."

မခိုင်ရဲ့အမေးကိုကိုယ့်လူက မျက်နှာနီကြီးနဲ့ မြေကြီးကိုတုတ်နဲ့ခြစ်ရင်း. . .

www.foreverspace.com.mm

"ဟုတ်. . . ဟုတ်တယ်မခိုင်. . ."

"ဂလု"

ကောင်မလေးကခပ်ဟဟရယ်တယ်. . .။

"ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်ပေါင်းသင်းကြပြီဆိုရင်လည်း အဓိကအချက်က တစ်ယောက်ကိုတစ်ယောက် မေတ္တာရှိကြဖို့ပဲ မဟုတ်လား. . ."

ကိုယ့်လူက လက်ထဲကသစ်ကိုင်းခြောက်ကိုယောင်ပြီး မြေကြီးလှန်းထိုးလိုက်တာ 'ဖျောက်' ခနဲမြည်သံနဲ့ကျိုးသွားတယ်. . . သစ်ကိုင်းခြောက်မို့လားမသိဘူး။ သစ်စိမ်းချိုးထက်ကိုအကျိုးမြန်တယ် . . . ။

"မေတ္တာရှိမှလည်း တစ်ယောက်ကိုတစ်ယောက် ရေရှည်ပေါင်းဖက်လို့ရမှာပေ့ါ. . ."

စကားအသွားအလာကို သိနေတဲ့ကိုယ့်ဆရာက တံတွေးကိုဂလုခနဲမြိုချလိုက်ပြီး . . .

"ကျွန်တော်. . . ကျွန်တော်မခိုင်ကို အမှန်တကယ်ကြီးမားတဲ့မေတ္တာတောင်ထုရှိပါတယ်. . ."

သူ့စကားကြောင့် ကောင်မလေးပြုံးသွားတယ်. . .။

"ကျွန်မသိပါတယ် . . . ဒါပေမယ့် . . ."

ကောင်မလေးက စကားထပ်မဆက်ဘူး။ အတော်ကြာမှသူ့ကိုဝေ့ကြည့်ပြီး. . .

"အေးလေ လူအမျိုးမျိုးစိတ်အထွေထွေပေါ့ ကျွန်မကတော့ လေကိုမျိုးမင်းသန့်ကို ဘယ်လိုမှကြိုးစားပြီးမေတ္တာရှိလို့မရဘူးသိလား . . ."

"အန်. . ."

ကိုယ့်လူ တုတ်တိုကြီးကိုင်ပြီး ငုတ်တုတ်ကြီးမေ့နေတယ်။ အဖြေကတစ်ထိုင်တည်းရှင်းသွားပြီ . . .။ကောင်မလေးကသူ့ကိုမေတ္တာမရှိဘူးဆိုတော့ ဘာဆက်ပြောစရာလိုသေးလို့လဲ . . .။ပြီးပြီ . . .။ ဇာတ်လမ်းကပြီးပါပြီ စာတမ်းထိုးနေပြီပေ့ါ။

"ဟုတ်တယ် . . . ကျွန်မ ကိုမျိုးမင်းသန့်ကိုလုံးဝမေတ္တာမရှိဘူး

ဘယ်လောက်ထိမေတ္တာမရှိသလဲဆို ကိုမျိုးမင်းသန့်ရဲ့ အသံကိုရော၊ ဟန်ကိုရော၊ ကိုမျိုးမင်းသန့်ရဲ့ နှုတ်ခမ်းထူထူကြီးကိုရော ပြီးတော့ ဟောဒီ မေးရိုးကားကားကြီးကိုရော မျက်နှာပေါ်ကညှင်းတွေ ဝက်ခြံတွေကိုရော အောက်ပိုင်းကတင်ပါးရှုံ့ကြီးကိုရော အားလုံးကိုဘယ်လိုမှ မေတ္တာထားလို့ မရတာပါ. . . ဒါ. . မခိုင်ရဲ့မှန်သောသစ္စာစကားဆိုတာယုံပါ။ ကျွန်မ မေတ္တာရှိတဲ့သူက ဟိုဘက်ရပ်ကွက်မှာနေတဲ့ ကိုမျိုးမြင့်ထွန်းကိုပဲ. . .”

ကောင်မလေးစကားကြားတာနဲ့ ကိုယ့်လူမျက်လုံးထဲ မျက်ရည်များ ချက်ချင်းဝိုင်းတက်လာတယ် . . .။ သူမေတ္တာရှိတာကဟိုဘက်ရပ်ကွက်မှာ နေတဲ့ ကိုမျိုးမြင့်ထွန်းတဲ့ . . .။ ဒါဆိုသူ့မှာရည်းစားရှိတယ်ပေါ့. . .။ ကိုယ့်ဆရာဘာပြန်ပြောလို့ပြောရမှန်းမသိတော့ဘူး။ တော်တော်လေးကြာ အောင် လင်းတတုတ်ကွေးသေ သေနေတယ်. . .။

“အဲဒီလိုတော့ ပြတ်ပြတ်ကြီးမပြောလိုက်ပါနဲ့မခိုင်. . . ကျွန် တော့်ရဲ့မေတ္တာတောင်ထုဟာ. . .”

“ပလောက်” (မျက်ရည်ကျသံ)

“ဟိုမျိုးမြင့်ထွန်းဆိုတဲ့သုနက္ခလောင်းကြီးကို မမီတာတောင်. . .”

“ပလောက်”

“အလုံးရောအရပ်ရောလျော့မယ်မထင်ပါဘူး. . . မ. . . မခိုင် ”

ပြောရင်းပြောရင်းနဲ့ ကိုယ့်လူမျက်လုံးထဲက သုံးနှစ်အုန်းတွေ ‘ပလောက်ပလောက်’နဲ့တစ်လုံးပြီးတစ်လုံးထွက်ကျလာတယ်။ ကောင်မလေး ကလည်းသူ့တစ်သက်မှာ ဒီလောက်ကြီးတဲ့ မျက်ရည်လုံးတွေကို ယောကျ်ား တစ်ယောက်ဆီက ဒီလိုအလွယ်တကူကျလာတာမမြင်ဖူးတော့ တအံ့တ ဩကိုဖြစ်နေတာပါ။ ကိုယ့်လူက ဖီးလ်တက်နေပြီ။ မရတော့ဘူး။

“ဒ့ါကြောင့် မခိုင်အနေနဲ့ . . ကျွန်တော့်မေတ္တာကိုသက်ညှာစွာ စဉ်းစားလို့ဆုံးဖြတ်ပေးပါ . . လို့ . . ကျွန်တော်တောင်းပန်ပါတယ်။ ဒါကလည်း မခိုင်ရဲ့မေတ္တာနဲ့ထိုက်သင့်သူရဲ့ ပထမဆုံးအကြိမ်နဲ့ နောက် ဆုံးအကြိမ်တောင်းပန်ခြင်းပါပဲ . . စဉ်းစားပြီးဆုံးဖြတ်ပေးပါမခိုင်ရယ် . . အဟင့် . .”



www.foreverspace.com.mm

"ပလောက်"

ကောင်မလေးက ယောကျ်ားစစ်စစ်ကြီး သူ့ရှေ့မှာလာငိုနေတာ ကြည့်ပြီးအံ့သြနေတုန်းပဲ။ ငိုတဲ့အချိန်ဘယ်လောက်မှမကြာပေမယ့်ဆီးရွှင်သူ ဆီးဆေးစားပြီး ဆီးမခိုင်ဘဲထွက်ကျသလို လုံချည်တစ်ထည်လုံးရွှဲနေပြီ။

ကောင်မလေးက ပါးစပ်အဟောင်းသားနဲ့ တအံ့တသြကြည့်နေ ပြီး အတော်ကြာမှသကောင့်သားကိုအားနာလာလို့ထင်တယ်. . . တင်း ထားတဲ့သံမဏိမျက်နှာကို သတ္တုမျက်နှာလောက်လျှော့ သက်ပြင်းကို မာယကြီးချချရင်း. . .

"အင်းလေ . . . ကိုမျိုးမင်းသန့် မခိုင်ကိုတကယ်မေတ္တာရှိတယ်ဆို တာကိုယုံပါပြီ။ ဒါမေမယ့် မခိုင်ကမိန်းမသားမဟုတ်လား။ မခိုင်အနေနဲ့ ကိုမျိုးမင်းသန့်ကိုပြန်ပြီးမေတ္တာထားရမရကို ပြန်ပြီးစဉ်းစားမယ်လေ . . "

ကောင်မလေးကဘာစိတ်ကောင်းဝင်သွားတယ်မသိဘူး။ သူ့စကား ကိုသူပြန်လျှော်ပေးတယ် . . . ။အဲဒီစကားလည်းကြားရော၊ ကြီးတော်ဆုံး လို့အားရပါးရငိုနေတဲ့ တူတော်မောင်အမွေရလိုက်သလိုမျက်နှာမျိုးနဲ့ ချက် ချင်းပြုံးတက်လာပြီး . . .

"တ . . . တဒယ်လားဟင် . . . "

ကိုယ့်လူ စကားတောင်ကောင်းကောင်းမပီတော့ဘူး။ ချက်ချင်းအ ငိုတိတ်ပြီး ကောင်မလေးကိုသာ အမွေပေးတော့မယ့်ကြီးတော်သေကို လတ် လတ်ဆတ်ဆတ်ကြီးမြင်လိုက်ရသလိုမျိုး ရွှန်းရွှန်းစားစားကြည့်တယ်။ ကောင်မလေးက သက်ပြင်းချပြီး . . .

"ကျွန်မ မလိမ်တတ်ပါဘူး . . . "

"ဒါ . . . ဒါဆို ကျွန်တော်ဘယ်တော့လောက်အဖြေသိရမှာလဲ ဟင်. . . "

ကောင်မလေးက ခေါင်းမော့ပြီးစဉ်းစားလိုက်တယ် . . . ။ ပြီးမှ

"အင်း . . . မနက်ဖြန်လောက်ပေါ့ . . . ။ မနက်ဖြန်ညပဲ ပွဲဈေး တန်းလာရင်းနဲ့ ဒီမှာထပ်ဆုံကြတာပေါ့ . . . "

"ဟုတ် . . . ဟုတ် . . . ဟုတ် . . . "



www.foreverspace.com.mm

www.foreverspace.com.mm



ကိုယ့်လူခေါင်းညိတ်တာ ပုတ်သင်ညိုရှုံးလောက်တယ်။ မျက်နှာကြီးကလည်းဖြီးလို့၊ ခုနကလိုမ့်ပိန့်ငိုနေတာများသူမဟုတ်သလို။ ဖိုးသဲနှယ် ပုဆိုးရွဲမှအားမနာလို့ပြောရမလားပဲ. . .။

ဝ် ဝ် ဝ်

**နောက်**မနက်မှာပင် အိအိခိုင်က မျိုးမင်းသန့်ကိုအဖြေပေးတော့မယ်ဆိုတဲ့သတင်း ရပ်ကွက်ထဲကလူကြီးလူငယ်တွေအားလုံးဆီ ဗျိုင်းအုပ်ကျသလို ဖျိုးဖျိုးဖျပ်ဖျပ်နဲ့ပျံ့လာတယ် . . . ဘယ်သူဖွတယ်မှတ်တုံး . . .။ ဘယ်သူမဖွ မိမိဖွဗျ . . .။

ဘယ်လိုဖွတယ်မှတ်တုံး။ ညပွဲဈေးကပြန်လာကတည်းကတစ်ညလုံးမအိပ်ဘဲ ခင်ရာဆွေမျိုးတွေအိမ်တက်ပြီး၊ တွေ့ကရာလူနှိုးပြောတာ။ ဒါကြောင့်မနက်နေတောင်ဟဟမပွင့်သေးဘူး။ မျိုးမင်းသန့်ကညောင်ကိုင်းခြောက်နဲ့ မျက်ရည်ရွှဲနေတဲ့မြေကြီးကိုဘယ်နှချက်ခြစ်လိုက်တာ၊ အိအိခိုင်ကဘယ်လိုညောင်စေးကျ. . . အဲလေ. . . အရည်ပျော်ကျသွားတာအဆုံးအကုန်လုံးသိကုန်ပြီ။

အားလုံးကလည်း မျိုးမင်းသန့်လိုအငိုထူတစ်ကောင်ကို အိအိခိုင်က အဖြေပေးတော့မယ်ဆိုတော့ အံ့လည်းအံ့သြ ဝမ်းလည်းဝမ်းသာနေကြတယ်လေ. . . ရည်းစားသနာရသွားလို့ လူရှေ့သူရှေ့အငိုလျော့သွားလည်းမနည်းဘူးပေါ့။ တစ်လုံးတစ်လုံးသုံးနှစ်အုန်းကြီးမမြင်ရနည်းတဲ့ ကုသိုလ်လား။ ပြီးတော့ ဘာမျက်ရည်ဘယ်မကျကောင်းဘူးဆိုလား. . . ဒါကြောင့်



www.foreverspace.com.mm

အားလုံးကဝမ်းသာနေကြတာ။

ကိုယ့်လူကရော နေမယ်ထင်လို့လား။ သူသာအိအိခိုင်နဲ့ညားခဲ့ရင် ကောင်းကောင်းမွန်မွန်လုပ်ကျွေးတော့မယ်ဆိုတဲ့အကြောင်း၊ အရင်ကလိုအငိုမထူတော့ကြောင်း၊ သာကြောင်းမာကြောင်းအပြင်၊ ကလေးတွေကအစ ဘယ်လိုဂရုစိုက်မယ်ဆိုတဲ့အကြောင်း၊ ကလေးတွေကိုလည်းမွေးနိုင်သလောက်မွေးပြီး၊ မလိမ္မာလျှင် အမွေဖြတ်မည်ဆိုတာကအစ စုံစေ့အောင်လျှောက်ကြွားနေတော့တာ။

ဒီလောက်ပဲလား . . . ဒါတင်ဘယ်ကမလဲ. . . သူ့အမေကိုတောင်သူက မကြာခင်မိန်းမတောင်းတော့မှာမို့ ကန်တော့ပွဲကိုဘယ်လိုပြင်၊ သူဝတ်မယ့်ပုဆိုးကိုဘယ်လိုဝယ်၊ သတို့သမီးအတွက်မင်္ဂလာဆောင်မှာဘယ်ပန်းပန်ဖို့မှာပေး၊ သူပြောတာမလုပ်လျှင်၊ သူမိန်းမရ၍မိန်းမလုပ်စာနဲ့ကြီးပွားလျှင်မိဘသောဘာသောနားမလည်ဘူး၊ အမွေဖြတ်သင့်ဖြတ်ပစ်မည်ဟူ၍လည်းကောင်း စသည်ဖြင့်ဗျာစုံစေ့နေအောင်ကြွားပစ်တာ။

ကောင်မလေးမှာက အဲဒီနေ့မှာ ဘယ်လိုမျက်နှာနဲ့နေမယ်မပြောတတ်ဘူး။ ပွဲဈေးကပြန်လာကတည်းကအိမ်ထဲအိမ်ပြင်မထွက်တော့ဘူး။ သူ့ခမျာလည်းကိုယ့်လူ သုံးနှစ်အုန်းအတွက် ဘယ်လိုအဖြေပြန်ပေးရမယ်ဆိုတာ အကြိတ်အနယ်စဉ်းစားနေရမှာပေါ့။ စဉ်းစားတယ်ဆိုတာက ဘာဘာညာညာရယ်မဟုတ်ပါဘူး၊ အဖြေကလည်းရှိပြီးသားပဲ။ဒါပေမယ့်အဲဒီစကားကို ဟိုငတိခံသာအောင်ဘယ်လိုပြောရမယ်ဆိုတာစဉ်းစားနေတာ။ ကိုယ့်လူကလည်းသိတယ်မဟုတ်လား။ အသည်းကထိတ်လွယ်လန့်လွယ်ယုန်သူငယ်ကို။မထင်ရင်မထင်သလိုသံပြဲကြီးနဲ့ထထငိုလိုက်လို့ ဟုတ်ပေ့ဆိုကျော်နေဦးမယ်။ . . .။ ဒါကြောင့်သူအဖြေပေးတဲ့အချိန်ကိုယ့်လူ ညောင်ရေမသွန်းရအောင်ဥပါယ်တံမျဉ်နဲ့ဘယ်လိုပြောရမယ်ဆိုတာ အသေအချာစဉ်းစားနေရတော့တာပေါ့။

ဒီလိုနဲ့ အဖြေပေးမယ့်ညရောက်ရောဆိုပါတော့. . .။

အဲဒီညမှာလည်း ထုံးစံအတိုင်းပဲ . . .။သန်းအောင်ရယ်၊ ထွန်းနိုင်ရယ်၊ သူ့ကောင်မလေးသော်တာရယ်၊ သူတို့နှစ်ယောက်ရယ်ပွဲဈေးဘက်



www.foreverspace.com.mm

လျှောက်လာကြတယ်။ ကိုယ့်လူကတော့ အူမြူးနေတာကြည့်တောင်မကောင်းဘူး။ မဆီမဆိုင် ကလေးကစားတဲ့ဘောလုံးအရှည်ကြီးဝယ်ပြီး ကောင်းကင်ကိုပစ်တင်ပြီး ပေါးလားဝေးဝါးလုပ်နေတော့တာ။ မခိုင်ကတော့ တစ်ခုခုကို အလေးအနက်စဉ်းစားနေပုံနဲ့ စကားကိုမပြောဘဲ ဒီအတိုင်းကို အတောင့်ကြီးလိုက်လာတာ. . .။ လျှောက်ရင်းလျှောက်ရင်းနဲ့ မနေ့ညက ရဟတ်နားရောက်လာတယ်၊ ကိုယ့်လူကမနေနိုင်တော့ဘူး. . . ဟုတ်သလား။ ဒါမျိုးဆိုတာက မြန်လေစိတ်ချရလေမဟုတ်လား. . .။

"ဟေ့ကောင်တွေ. . . ဒီနေ့မင်းတို့ရဟတ်မစီးကြတော့ဘူးလား"

သူအကြံနဲ့မေးတယ်ဆိုတာအားလုံးကသိတယ်။ အားလုံးပြုံးပြုံးစေ့စေ့ဖြစ်သွားကြတယ်။ ဒါပေမယ့် အားလုံးမသိချင်ယောင်ဆောင်ပြီး. .

"မစီးတော့ပါဘူးကွာ. . . ပိုက်ဆံမှမရှိတာ . . ."

"အေးလေ. . . ငွေကုန်လူမူးကြီး. . ."

သူတို့စကားလည်းကြားရော သကောင့်သားမရှိုးမရွဖြစ်သွား တယ်။ ပြီးမှာသူ့အိတ်ထဲပြန်စမ်းပြီး. . . .

"ဟိုလေကွာ ငါ့မှာပိုက်ဆံပါပါတယ်ဟ . . . မင်းတို့စီးချင်ရင်ငါ ပိုက်ဆံစိုက်ပေးမယ်. . . ."

အခြေအနေက အခြောက်တိုက်ရဟတ်စီးရမယ့်အခြေအနေမျိုး ဖြစ်နေပြီ။ ဒါမေမယ့် အားလုံးကရစ်ပြီး. . .

"ခေါင်းမူးတယ်ကွာ . . . ပြီးတော့ အသည်းလည်းယားတယ်. ."

"ဟုတ်တယ်. . . ရဟတ်တက်ရင်သိပ်မဟုတ်ပေမယ့် ဆင်းရင် တလှပ်လှပ်နဲ့. . . ငါတော့ကြောက်တယ်. . ."

သူတို့စကားကြောင့် ငတိပိုပြီးနေမထိထိုင်မသာဖြစ်သွားတယ်။ ဘာဆက်ပြောရမှန်းမသိ ကျီးကြည့်ကြောင်ကြည့်ဖြစ်နေတယ်. . . နောက်မှ. . .

"ဟိုလေကွာ . . ဖြစ်နိုင်ရင်တစ်ခုခုရောမကြည့်ချင်ဘူးလား. ."

သူစကားကိုအားနာတတ်တဲ့ သော်တာကပဲ. . .

"သမီးစတိတ်ရှိုးသွားကြည့်ချင်တယ်. . ."



www.foreverspace.com.mm

ဆိုပြီးပြောတယ် ။ ငတိက. . .

"အေး . . . ကောင်းတယ်"

ဆိုပြီးထောက်ခံတယ်။ ဒါကို သော်တာ့ကောင်ထွန်းနိုင်က. . . ။

"ဘယ်မှာလဲစတိတ်ရှိုး၊ အပေတွေဆို မကြည့်ချင်ဘူး . . ."

ဆိုပြီးကန့်ကွက်တယ်ကိုယ့်လူရဲ့ ချိတ်ထဘီလိုဝင်းပသွားတဲ့မျက်နှာအရှုံးပုဆိုးလို ပြန်ညှိုးသွားတယ်။ ဒါနဲ့ နည်းနည်းအားနာတတ်တဲ့ သန်းအောင်က. . .

"လာပါကွာ. . ကလေးပီပီဟန်ချီချီ ရဟာတ်ပဲသွားစီးရအောင်"

ဆိုပြီးကြားဝင်စေ့စပ်လိုက်ရတယ်။

"မခိုင်ရောလိုက်ဦးမှာလား . . ."

မခေါ်မဖြစ်လို့သာခေါ်ရတာ။ ခေါ်ရတာလည်းအခက်။ တော်ကြာလိုက်ချလာမှဖြင့် ဟိုကောင်ငတ်နေဦးမယ်။ အဲလေ . . . ဘာဆိုင်လို့လဲ. . ။ ဒါပေမယ့်ငတိကံကောင်းပါတယ်။

"ဟင့်အင်း မခိုင်မလိုက်ချင်ဘူး. . ."

"ဒါဆို မျိုးမင်းသန့်. . . မင်းမခိုင်ကို အဖော်နေပေးလိုက်"

ငတိသွားကြီး အစွမ်းကုန်ဖြဲပြီးခေါင်းညိတ်တယ်။ ဝမ်းသာတဲ့မျက်နှာကြီးကပန်းသီးမှည့်မှည့်ကြီးလို ရွှန်းလို့ပြောင်လို့. . . ။

"ပေး . . . ပိုက်ဆံ"

"အမ်"

ရုတ်တရက်ပြောလိုက်သောထွန်းနိုင်စကားကြောင့် ငတိကြောင်သွားတယ်။

"ခုနကပဲမင်းပြောတယ်လေ. . . ငါတို့ရဟာတ်စီးရင်မင်းပိုက်ဆံပေးမယ်ဆိုပြီး . . ."

"သြော် . . . အင်းအင်း . . . ရော့ယူသွား . . ."

ငတိကြောင်တောင်တောင်နဲ့ခေါင်းညိတ်ပြီး သူ့အိတ်ထဲလက်နှိုက်လို့ လက်ထဲပါလာသမျှပိုက်ဆံအကြွေတစ်ကြုံးကြီးကို ရေတောင်မရေပဲ အင့်ဆိုပေးလိုက်တယ်။



www.foreverspace.com.mm

"ကဲ . . . ဒါဆိုလည်းသွားရအောင် . . . "

ကျွန်တော်တို့ လှည့်ထွက်လိုက်သည်နှင့် မျိုးမင်းသန့်က

"ကုန်အောင်သုံးခဲ့နော် . . . "

ဆိုပြီး လှမ်းမှာသံကြားတယ် ။

သဘောကတော့ပိုက်ဆံကုန်မှပြန်လာ . . . ကြာရင်ကြာပေ့စေ ပေါ့ . . .။ သကောင့်သားတွေကလည်း စရိတ်ရပြီဆိုတာနဲ့ ဘာမှပြန်မပြောတော့ဘဲလှည့်ထွက်သွားကြတာများလုံးလို့။ သူတို့ရဟတ်ဆီရောက်မသွားခင်မှာပဲ မခိုင်ကဦးဆောင် ပြီးညောင်ပင်ဘက် လှည့်ထွက်လိုက်ကြတယ်. . .။

ကိုယ့်လူတစ်ယောက် ဝင်စုတ်. . . အဲလေ. . စုတ်ဝင်ပြီပေါ့။

ဝ ဝ ဝ



www.foreverspace.com.mm

www.foreverspace.com.mm

**ဒီည** . . . မနေ့ညကထက်အေးတယ်။

မခိုင်အနွေးထည်ဝတ်လာတော့မသိသာပေမယ့် မျိုးမင်းသန့်ကတော့ညောင်ပင်အောက်မှာကုပ်နေပြီ။

သူလည်းမနေ့ညကအတိုင်း ညောင်ကိုင်းခြောက်ကလေးတစ်ခုကိုင်ပြီး၊ မြေပြင်ပေါ်တောင်ခြစ်မြောက်ခြစ်နဲ့ခြစ်နေတယ်။ လူကအရမ်းစိတ်လှုပ်ရှားနေတာလေ . . . ဒါကိုမသိသာအောင်ခနော်ခနဲ့မျက်နှာကြီးနဲ့တောင်လုပ်မြောက်လုပ်တွေ လုပ်နေတာ . . . ။

မခိုင်ကတော့ ညောင်ပင်မှီပြီး ခပ်ဝေးဝေးက ပွဲဈေးကိုလှမ်းမျှော်ကြည့်နေတယ်။ ပွဲဈေးကိုဒီကကြည့်ရင် မီးငွေ့ရိပ်ရိပ်လေးနဲ့။ လင်းတဲ့နေရာလင်း၊ မှောင်တဲ့နေရာမှောင်ဆိုတော့ အရမ်းကိုပသာဒဖြစ်တာ။

ညောင်ကိုင်းဖျောက်ခနဲချိုးသံကြားရတယ် ။ မခိုင်ချိုးလိုက်တာပါ သူ့ခမျာလည်းမနေ့က ကတိပေးထားတဲ့ကိစ္စအတွက် အသေအချာစဉ်းစားနေပုံရတယ်။ အတန်ကြာမှာသက်ပြင်းဆတ်ဆတ် ဘတ်ခနဲချလို့ . . .

"ကျွန်မအသေအချာစဉ်းစားပြီးပြီ . . . ကိုမျိုးမင်းသန့် . . . "

မခိုင်ဆီကအသံကြားတော့ ကိုယ့်လူခေါင်းထောင်သွားတယ်။သ

www.foreverspace.com.mm



တိလက်လွတ်နဲ့ ညောင်ကိုင်းခြောက်ကိုမြေကြီးပေါ် ဆွဲချလိုက်တာ ဖုန်မှုန့်တွေပါအူထသွားတယ်။

"ကျွန်တော့်လူတွေ ဒီကိစ္စမျိုးမှာ ဘယ်လိုဆုံးဖြတ်မယ်ဆိုတာတော့ ကျွန်မမသိဘူး။ မခိုင်ကတော့ မေတ္တာတရားကိုတန်ဖိုးထားတယ်လေ . . ."

စကားသံတိတ်သွားတယ်။ ကိုယ့်လူရဲ့စိတ်ထဲကျလိကျလိဖြစ်သွားပုံရတယ်။

"တစ်ယောက်နဲ့တစ်ယောက်ချစ်သူရည်းစားဖြစ်ဖို့ဆိုတာ တစ်ယောက်ကိုတစ်ယောက် စစ်မှန်တဲ့မေတ္တာရှိဖို့က အဓိကကျတယ်လို့ မခိုင်ထင်တယ် . . . ဟုတ်ဘူးလား . . ."

"ဟုတ် . . . ဟုတ်ကဲ့ . . ."

ကိုယ့်လူက ကြောင်တောင်တောင်နဲ့ခေါင်းညိတ်တယ်။သူ့ခမျာခုချိန်ထိငိုရမှာလားရယ်ရမှာလားမှမသိသေးတာ။ ဒါကြောင့် ယောကျ်ားတန်မဲ့ ရှက်ရမ်းရမ်းပြီး ဒူးနှစ်လုံးရင်ဝယ်ပိုက်လို့ ဟိုကပြောသမျှဖိုးသိုးဖတ်သတ်နဲ့ ခေါင်းညိတ်နေရတယ် . . .။

"ကျွန်မအသေအချာစဉ်းစားပြီးပါပြီ . . ."

ငတိခေါင်းထောင်သွားတယ်။ ပြီးတော့ကောင်မလေးကိုဝေ့တယ်ဆိုရုံလေးဝေ့ကြည့်တယ်။ ကောင်မလေးဆီကစကားသံကိုလည်းငံ့လင့်နေပါ၏ပေ့ါ။

"ကျွန်မ. . ကိုမျိုးမင်းသန့်ကို ဘယ်လိုမှချစ်လို့မရဘူး. . ."

"အန်"

ငတိကြက်သေသေသွားတယ် ။ပြီးတော့ကြောင်တောင်တောင်နဲ့ ပြန်မော့ကြည့်တယ်။ ကောင်မလေးကသူ့ကိုမကြည့်ဘဲ ညောင်ပင်ကြီးကိုမော့ကြည့်ပြီး . . .

"ဟုတ်တယ် . . . ကျွန်မ ကိုမျိုးမင်းသန့်ကိုဘယ်လိုမှ ချစ်လို့မရဘူး. . . ဒါ. . . ကျွန်မရဲ့သစ္စာစကားပါ. . ."

ငတိမျက်ရည်ဝိုင်းသွားတယ်။ ဝိုင်းလာတဲ့မျက်ရည်က ရေကာတာတာကျိုးသလိုချက်ချင်းလျှံတက်သွားတယ် . . .။ကောင်မလေးကသူ့ကိုမ

www.foreverspace.com.mm

ကြည့်ဘူး . . . ခေါင်းကိုမော့ထားပြီး . . .

"ကျွန်မရဲ့ချစ်ခြင်းတရားတွေက ကိုမျိုးမြင့်ထွန်းဆီမှာစုပြုံထားခဲ့ပြီလေ။ ဒါကြောင့်ကိုမျိုးမင်းသန့်ကိုဘယ်လိုမှချစ်လို့မရတော့ဘူး။ ကုန်ကုန်ပြောမယ်ဆိုရင် ကိုမျိုးမင်းသန့်ရဲ့အသံကိုမျိုးမင်းသန့်ရဲ့ဟန်. . . "

"ဒါတွေထားပါ. . ဟင့်. . . မနေ့ညကတည်းကပြောပြီးပြီ. . "

"အဟင့်"

ငတိရဲ့ရှိုက်သံ . . . အဲရှိုက်သံနဲ့အတူ မျက်ရည်သုံးနှစ်အုန်းက 'ပလောက်' ခနဲကျလာတယ်။ ကောင်မလေးကသူ့ကိုမကြည့်သေးဘူး . . .

"ကျွန်မအနေနဲ့ကတော့ ရည်းစားတစ်ယောက် လင်ကောင်တစ်ယောက်ပဲဖြစ်ချင်တယ်။ ဘာလို့လဲဆိုတော့ မေတ္တာတရားကိုကျွန်မအလေးအနက်ထားလို့ပဲ. . . "

"ရှူ"

မျိုးမင်းသန့်ဆီက နှပ်ရှုံ့သံ . . . ။ပြီးတော့မှမျက်ရည်သုတ်ပြီးထရပ်လိုက်တယ်။

"လေးစားပါတယ်မခိုင်. . . ။ မခိုင်လိုမေတ္တာတရားကိုတန်ဖိုးထားတတ်သူကိုကျွန်တော်အရမ်းလေးစားသွားပြီ . . . "

သူ့စကားကြောင့်ကောင်မလေးပြုံးသွားတယ်။ သူ့စိတ်ထဲမှာ ဒီပြဿနာက ဒီလောက်လွယ်လွယ်နဲ့မပြီးဘူးထင်ထားတာ။ ဟုတ်တယ်လေ ဒီကောင်ကမထင်ရင်မထင်သလိုဗြဲခနဲပြူးခနဲ အောက်အက်ငိုတတ်တာကိုး။ ဒီလိုလွယ်လွယ်ကူကူပြောပြီး. . .

"ဟင်. . . ဘာလုပ်တာလဲ. . . "

အဲဒီအချိန်မှာပဲ ငတိက ဒူးထောက်ထိုင်ချလိုက်ပြီး . . .

"မေတ္တာတရားကို တန်ဖိုးထားသူတစ်ယောက်ကို ချစ်သူဖြစ်ခွင့်မရတာတောင် လေးစားသောအားဖြင့် နောက်ဆုံးအနေနဲ့ ကျွန်တော်ထိုင်ကန်တော့ပါရစေ . . . ။ ကျွန်တော်ပြောမှားဆိုမှားပစ်မှားမိသည်ရှိသော် ခွင့်လွှတ်ပေးပါလို့တောင်းပန်ရင်း . . . "

ဆိုပြီးလက်အုပ်ချီလိုက်တော့ . . . ။ကောင်မလေးမျက်လုံးပြူး

တက်သွားတယ်။ အဲဒီအချိန်မှာပဲ မျိုးမင်းသန့်ကငိုသံပါကြီးနဲ့ဆက်ပြောတယ်။ ကန်တော့ခဲ့ပါရစေ။ သူ့စကားကိုမခိုင် ပျာပျာသလဲဖြစ်သွားပြီး နွားကလေးနို့တောင်းသလို ငွေ့တော့မတတ် ပြေးကပ်နေတော့တာ။

"ဟင်. . . ကန်တော့မယ်. . . အို. . . မလုပ်ပါနဲ့. . . ကျွန်မငရဲကြီးကုန်လိမ့်မယ် . . . မလုပ်နဲ့ . . . မလုပ်နဲ့ . . . . အိုလုပ်ကြပါဦး. ဟော ဒီမှာကျွန်မကို ထိုင်ကန်တော့နေလို့ . . . "

ဆိုပြီး တောင်ဘက်ပြေးမလိုမြောက်ဘက်ပြေးရမလိုနဲ့ ပြာပြာသလဲတောင်းပန်ရတော့တာ။ ဒါကိုငတိကလည်းမလျှော့ဘူး။ မခိုင်ပြေးတဲ့ဘက်လက်အုပ်ချီပြီး. . .

"ဟင့်အင်း . . . ဟင့်အင်း . . . လုပ်မှာပဲ . . . ကျွန်တော်လေးစားတဲ့သူမို့ ကျွန်တော်ကန်တော့တာ ဘာဖြစ်လဲ . . . ကန်တော့မှာပဲ ဒါပဲနော် ကန်တော့ရမှကျေနပ်မှာ. . . အင်းဟာ. . . အင်းဟာ. ကိုင်းပြတ်ကရော . . . . "

ဆိုပြီးမြေပြင်မှာ ပုဆိန်ပေါက်ဦးချနေတော့ ကောင်မလေးကပျာပျာသလဲနဲ့ လက်ကိုလိုက်ဖမ်း ခေါင်းကိုဆွဲမထားရတယ်။ ဟုတ်တယ်လေ မချစ်ဘူးပြောရုံနဲ့ အကန်တော့ဘယ်ခံချင်ပါ့မလဲ ငရဲတွေငအုံတွေကြီးကုန်မှာပေါ့ . . . ။ ဒါကြောင့်သူ့လက်ကိုဖမ်းဆုပ်လိုက်ပြီး . . .

"အဲ . . . အဲဒီလိုမလုပ်ပါနဲ့ရှင် . . . ရှင်လုပ်တာနဲ့ ကျွန်မငရဲကြီးကုန်တော့မယ် . . . ကျွန် . . . ကျွန်မတောင်းပန်ပါတယ် . . . မကန်တော့ပါနဲ့တော့ နော် . . . နော် . . . "

ငတိက ခေါင်းကိုတွင်တွင်ခါရမ်းရင်း . . .

"ဟင့်အင်း . . . ဟင့်အင်း . . . ကန်တော့မှာပဲ . . . ။ကျွန်တော်လေးစားတဲ့လူကိုကန်တော့မှာပဲ။ မလေးစားရင်မကန်တော့ဘူးဗျ . . . အမေကလည်းမှာထားတယ် လေးစားတဲ့လူဆို နူနူဝဲဝဲ ကျိုးကျိုးကန်းကန်းကန်တော့ရမယ်တဲ့. . . လေးစားလို့ကန်တော့တာ . . . အင်းဟာ . . . အင်းဟာ . . . ကန်တော့မှာပဲ ကိုင်း . . . အင်းဟာ . . . အင်းဟာ . . . "

ဆိုပြီး အတင်းရုန်းကန်ပြီး ကန်တော့ဖို့လုပ်နေတော့တာ။ ကောင်




www.foreverspace.com.mm

မလေးကလည်း အကန်တော့မခံရဖို့အရေး ငတိရဲ့နောက်စေ့ကဆံပင်ကို ဖမ်းဆုပ်ထားရင်း. . .

"မ. . . မလုပ်ပါနဲ့ကိုမျိုးမင်းသန့်ရယ် . . . ကန်တော့တော့မကန်တော့ပါနဲ့နော် . . .။ ကျွန်မခြေသလုံးဖက်ပြီးတောင်းပန်ပါတယ် . . . ခြေသလုံးဖက်ပြီးတောင်းပန်ပါတယ် . . . နော် . . . နော် . . . "

ဆိုပြီး ဆံပင်ကိုင်ထားတဲ့လက်ကိုလွှတ်ပြီး ခွပ်ဆိုခြေသလုံးလှမ်းဖက်လိုက်တယ်။ ကောင်မလေးလည်းခြေသလုံးလည်းဖက်လိုက်ရော ငတိမျက်လုံးပြူးသွားပြီး . . .



"ဟာ. . . ခြေသလုံး တော့မဖက်နဲ့လေဗျာ ကျုပ်လေးစားစွာကန်တော့ရသူက ကျုပ်ကိုခြေသလုံးဖက်ထားတော့. . . ကျုပ်. . . ကျုပ် "

ဆိုပြီးအတင်းပြန်ရုန်းတယ်. . . ဒါကိုကောင်မလေးကလည်းခြေသလုံးကို မလွှတ်တမ်းဖမ်းဆွဲထားပြီး. . .

"ဟင့်အင်း . . . ဟင့် အင်း . . . ဖက်မှာပဲ . . . . ရှင်တောင်ကျွန်မကို ထိုင်ကန်တော့သေးတာပဲ. . . ကျွန်မပြန်တောင်းပန်ရမှာပေါ့။ နောက်မဟုတ်ရင် ကိုမျိုးမင်းသန့်ကန်တော့ထားတာ ကျွန်မမှာအကြွေးတင်နေလိမ့်မယ်။ ဒီတော့ အဲဒီလက်အုပ်ချီကန်တော့တာကိုချေတဲ့အနေနဲ့ ခြေသလုံးတော့ပြန်ဖက်မှာပဲ. . . "

"ဟင်. . . ခင်ဗျားခြေသလုံးဖက်ရင် ကျုပ်ကန်တော့ထားတာတွေကျေသွားလိမ့်မယ်။ ခင်ဗျားဖက်ထားရင်ကျုပ်ကတော့ ပြန်ကန်တော့ရမှာပဲ။ ကျုပ်လည်းပြန်ကန်တော့မယ်ဗျာ . . .။ အင်းဟာ . . . အင်းဟာ"

"ဟင်. . . ရှင်ကန်တော့တယ်. . . ဒါဆိုကျွန်မလည်း ခြေသလုံးဖက်မယ် . . . ကိုင်းဟာ . . . ကိုင်းဟာ . . . "



www.foreverspace.com.mm

ဆိုပြီး တစ်ယောက်ကခြေသလုံးဖက် ၊တစ်ယောက်ကကန်တော့ပြီးလုံးနေတော့တာ။ နှစ်ယောက်လုံးကလည်းမာနခဲတွေမို့ အနိုင်မခံအရှုံးမပေးစိတ်နဲ့ အလျှော့မပေးဘူး။

"လွှတ်ပါဗျာကျွန်တော့်ခြေသလုံးကိုလွှတ်ပါ။ မလွှတ်ရင်ကန်တော့မှာပဲနော်. . ."

"အင်းဟာ. . . အင်းဟာ. . ."

"ဟင်. . . ရှင်ကန်တော့ရင်ကျွန်မခြေသလုံးမလွှတ်နိုင်ဘူး ဖက်ထားမယ်ဖက်ထားမယ်။ ဟောဒီလိုခေါင်းနဲ့ပါဖွဲ့တယ်ဟာ. . ."

"အင်းဟာအင်းဟာ. . ."

"ဟင်. . . မခိုင်. . ခြေသလုံးမှား. . . မှားနေ. . အဲလေ. . . ကန်တော့ဗျာ. . အင်းဟာ. . ."

ဆိုပြီး ရုန်းရင်းဆန်ခတ်တွေဖြစ်နေတော့တာ. . .။

ဖြစ်ချင်တော့အဲဒီအချိန်မှာပဲ ပွဲခင်းလုံခြုံရေး တာဝန်ထမ်းဆောင်နေတဲ့ ပတ္တရောင်အဖွဲ့ရောက်လာပါရော. . .။ ညောင်ပင်အောက်မှာလုံးနေတဲ့ သူတို့နှစ်ယောက်ကိုတွေ့တော့ အားလုံးလန့်သွားပြီး . . .

"ဟေ့ . . . ဘာလုပ်နေကြတာလဲကွ . . . ဟေ . ."

အော်သံကြားတော့ နှစ်ယောက်လုံးကြောင်ပြီးငြိမ်သွားတယ်။ သူတို့ရဲ့ကိုယ်ပေါ်မှာလည်း လုံခြုံရေးအဖွဲ့ရဲ့ဓာတ်မီးရောင်တွေ ထိန်ငြီးသွားတယ်။ အားလုံးကလည်းသူတို့ဆီပြေးလာပြီး

"ဟေ့. . . ဖုတ်တွေသဲတွေလူးပြီး ဘာဖြစ်နေတာလဲပြောကြလေကွာ . . ."

လုံခြုံရေးအရာရှိရဲ့အမေးကြောင့် နှစ်ယောက်လုံး တစ်ယောက်ကိုတစ်ယောက်လက်ညှိုးထိုးကာ . . .

"သူ . . . သူ . . . ကျွန်မကိုထိုင်ကန်တော့နေလို့ . . ."

"မဟုတ်ဘူး . . . ကျွန်တော်က ဓမ္မတာအရလေးစားတဲ့သူကိုကန်တော့နေတာ။ သူ. . သူကသာဘာမဆိုင်ညာမဆိုင် ကျွန်တော့်ခြေသလုံးကိုဖက်နေတာ ခြေသလုံးကိုဖက်နေတာ . . ."



www.foreverspace.com.mm


www.foreverspace.com.mm



သူတို့ရဲ့စကားများကြောင့် လုံခြုံရေးအဖွဲ့သားတွေ ကြောင်သွားတယ် . . . နှစ်ယောက်လုံးကိုကြည့်လိုက်တော့လည်း အမှိုက်တွေဖုတ်တွေ ပေပွနေတာကလွဲရင် နှစ်ယောက်လုံးကအမျိုးကောင်းသားတွေ။ ဒါကြောင့် ဆုံးဖြတ်ရခက်ပြီ . . .

"ကဲ . . . ဘယ်ကဘယ်လိုစပြီး နပန်းလုံးကြတယ်ဆိုတာစပြော စမ်း . . ."

ဆိုတော့ မျိုးမင်းသန့်က. . .



"နပန်းလုံးတာမဟုတ်ပါဘူးခင်ဗျာ . . ."

"ဟေ . . ."

သူ့ စကားကြောင့် အားလုံးမျက်မှောင်ကြုတ်သွားတယ်။

"ဒါဆို . . . ဘာလုပ်နေတာလဲ . . ."

လုံခြုံရေးအဖွဲ့ရဲ့ အမေးကို မျိုးမင်းသန့်က ခေါင်းကိုငုံ့ပြီး . . .

"ကျွန်တော် သူ့ရဲ့မေတ္တာနဲ့သစ္စာအပေါ်ထားတဲ့ စိတ်ဓာတ်ကို လေးစားလွန်းလို့ထိုင်ရှိခိုးနေတာပါ. . ."

"ဟမ် . . . ဘယ်လိုကြီးလဲဟ . . ."

"အေးလေ . . သူက ဟိုကောင်မလေးကိုထိုင်ရှိခိုးနေတာတဲ့ "

"အေးလေ . . . ကြံ့ဖူးပေါင် ဂုဏ်ထူးဆောင်ပါဗျာ . . ."

စသည်ဖြင့် အာမေဋ္ဌိတ်သံများ ဆူညံသွားတော့တယ်။ အတန်ကြာမှ လုံခြုံရေးအရာရှိက ကောင်မလေးဘက်လှည့်ပြီး . . .

"သူပြောတာ ဟုတ်သလား . . ."

ကောင်မလေးက ခေါင်းညိတ်ထောက်ခံပြီး

www.foreverspace.com.mm



"ဟုတ်ပါတယ်ရှင် . . ."

လုံခြုံရေးအဖွဲ့ မျက်မှောင်ကြုတ်သွားကြပြန်တယ် ။အတော်ကြာမှ အရာရှိက . . .

"ဒါဆိုမင်းကရောဘာလုပ်နေတာလဲ . . ."

အရာရှိကြီးရဲ့ အမေးကိုကောင်မလေးကမျက်လွှာချပြီး . . .

"ကျွန်မကသူ့ကိုမကန်တော့ပါနဲ့လို့ ခြေသလုံးဖက်ပြီး တောင်းပန်နေတာပါ . . ."

"ဟင် . . . ဘယ့်နှယ်ဟာကြီးလဲ"

"အို . . . သူတို့ဟာကြီးက . . ."

"အလို . . . သူကခြေသလုံးဖက်ပြီးတောင်းပန်နေတာတဲ့ . . ."

အားလုံး အဖြေမရှင်းဘူးဖြစ်သွားကြတယ် . . . ဒါကိုအရာရှိက ပဲ . . .

"ကိုင်း . . . ဖြစ်ပုံလေးကိုအစအဆုံးပြောကြစမ်း. . ."

ဆိုတော့မှ မျိုးမင်းသန့်က . . .

"ဒီလိုပါခင်ဗျာ . . ."

အစချီပြီး အဖြစ်အပျက်အစုံကို ဇာတ်စုံခင်းပြလိုက်တယ်. . .

"အဲဒီလိုဖြစ်တာပါပဲဗျာ . . ."

"ဟားဟားဟားဟား . . ."

သူ့စကားလည်းဆုံးရော အားလုံးဆီက ကျယ်လောင်တဲ့ရယ်သံကြားရတယ်။ နှစ်ယောက်လုံးလည်း ရှက်ကိုးရှက်ကန်းနဲ့ ဘာဆက်လုပ်လို့လုပ်ရမှန်းမသိဘဲတစ်ယောက်ကိုတစ် ယောက်ယောင်ပေပေကြည့်ကာ၊ ငုတ်တုတ်ကြီးငြိမ်နေကြတယ်။ အတော်ကြာမှ လုံခြုံရေးအရာရှိကြီးက ရယ်ကြောကိုသတ်ပြီး . . .

"ဟားဟား . . မင်းတို့အဖြစ်ကလည်းကွာ . . . တကယ်ပဲ . . ."

"ကဲကဲကဲ . . . တစ်ယောက်ကိုတစ်ယောက်လေးစားရင်လည်း အပြုအမူနဲ့မလေးစားကြနဲ့ . . . တစ်ယောက်ကိုတစ်ယောက် ရင်ထဲက ပဲလေး စားကြ . . . ဟုတ်ပလား . . . ."

www.foreverspace.com.mm

ဆိုတော့ နှစ်ယောက်လုံး အူအူတူတူနဲ့ ခေါင်းညိတ်ကြတယ်။

"ကဲ . . . ကဲ . . . နောင်ဆိုဒါမျိုးမဖြစ်စေနဲ့၊ နှစ်ယောက်လုံးအိမ်ကိုပြန်ကြတော့ဟုတ်လား . . ."

ဆိုတော့ နှစ်ယောက်လုံးခေါင်းညိတ်ကြတယ်။ ပြီးမှ မျိုးမင်းသန့်က ဆောင့်ကြောင့်ပြန်ထိုင်လိုက်ပြီး. . .။

"အခုလို ကျွန်တော်တို့ပြဿနာကို လူကြီးလူကောင်းဆန်စွာဖြေရှင်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဦးတို့ရဲ့ဆုံးမစကားကလည်းလေးစားဖို့ကောင်းပါတယ်။ ဒါကြောင့် ကျွန်တော်လေးစားတဲ့အနေနဲ့ နောက်ဆုံးအနေဖြင့်ကန်တော့ခွင့်ပြုပါ . . ."

ဆိုပြီလက်အုပ်ထချီတော့ လုံခြုံရေးအရာရှိမျက်လုံးပြူးသွားပြီး

"ဟ . . . ဟော့ဟော့ကောင်မလုပ်နဲ့လေ . . . မလုပ်နဲ့ . . . ."

ဆိုပြီး သူ့ကိုပုဆိန်ပေါက်ထိုင်ကန်တော့တော့မယ့်ငတိကို ဆီးဖမ်းပြီးပွေ့ထားလိုက်ရတော့တယ်။ ပြီးတော့မှငတိကျောကိုသပ်ပြီး . . .

"စိတ်လျှော့ပါကွာ. . . စိတ်လျှော့ပါ။ လေးစားရင်လည်းရင်ထဲကပဲ လေးစားပါ. . . ဒီလိုကိုယ်ထိလက်ရောက်ကြီးတော့မလေးစားပါနဲ့ . . ."

"မဟုတ်ပါဘူးကျွန်တော်လေးစားလွန်းလို့ပါ. . အမေကလည်းမှာထားတယ်လေ"

"အေးပါကွာ . . . ငါသိပါတယ် . . ."

"သမီးရော ခြေသလုံးဖက်ပြီးတောင်းပန်ရဦးမှာလားဟင် . . ."

ကောင်မလေးကပါ တစ်စခန်းထလာပြန်တယ် . . . လုံခြုံရေးအရာရှိက . . .

"မလိုပါဘူးသမီးရယ် . . .။ကဲကဲ . . . နှစ်ယောက်လုံးလေးစားသမှုတွေရင်မှာပိုက်ပြီး ပြန်ကြတော့ဟုတ်လား. . ."

ဆိုပြီး မနည်းအချိုသတ်ပြန်လွှတ်လိုက်ရတယ်။

ဒီလိုနဲ့ အဲဒီပြဿနာပြီးသွားတယ်ဆိုပါတော့။

အဲဒီပြဿနာဖြစ်ပြီး သုံးလလောက်ကြာတော့အိအိခိုင်က သူ့ချစ်သူမျိုးမြင့်ထွန်းနဲ့ ညားကြလေသတည်းပေါ့ဗျာ . . .။ အဲ . . . မင်္ဂလာ

ပွဲတော့ကြီးကြီးကျယ်ကျယ်မကျင်းပကြဘူး။ ဘာလို့လဲ မေးကြည့်တော့၊ ဟိုကောင်မေတ္တာတရားကို လေးစားတယ်ဆိုပြီးလာကန်တော့မှာစိုး လို့တဲ့လေ . . . ။ ဟုတ်ပ. . သူ့အမေကလည်းမှာထားတာကိုး။

ဝံ ဝံ ဝံ



www.foreverspace.com.mm

ကျွန်တော့် တွင် "ချက်" ဟုအမည်တွင်သောသူငယ်ချင်းနှစ်ယောက်ရှိသည်။ တစ်ဦးကချက်ဖောင်းဖြစ်၍ တစ်ဦးကချက်ကြီးဖြစ်သည်။

ထိုနှစ်ဦး၏တူညီသောအချက်မှာ၊ အမြဲတစေဝိုက်မြည်းနေသော မျက်လုံးများကိုပိုင်ဆိုင်၍၊ အရယ်အပြုံးနည်းခြင်းတို့ပင်ဖြစ်သည်။ နှစ်ဦးစလုံးမှာ အသားအရည်ညိုမောင်း၍ပုပြတ်သောအရပ်ကိုလည်းကောင်း၊ ကောက်ကွေးသောဆံပင်ကိုသော်လည်းကောင်း၊ သူမတူအောင်ကျဲပါးသော မျက်ခုံးကိုလည်းကောင်းအသီးသီးအသက ပိုင်ဆိုင်ကြလေသည်။ ထိုနှစ်ဦးသည် လှုပ်ရှားမှုလွန်စွာနည်းပါးလှသော်လည်း ခေတ်အခေါ်အရ ပြောလျှင်လူလည်ချည်းများသာ။ ဘယ်နေရာထပ်ခနဲအသံမြည် သူတို့သိ၏။ ဘယ်နေရာစွပ်ခနဲအသံကြားသူတို့ရောက်၏။သည့်အပြင်မျက်နှာမှုန်မျက်နှာသုန်ကြီးနှင့် မည်သို့လှည့်ရမည်၊ မည်သို့ပတ်ရမည်ကိုမူကောင်းစွာနားလည်ကြ၏။ ဤသည်ကသိပ်မထူးခြားသေး။ အထူးခြားဆုံးအဖြစ်အပျက်များမှာ ဤရပ်ကွက်တွင်းသို့ မည်သို့သောမိန်းမချော၊ မိန်းမလှ မည်သည့် အချိန်ကစရောက်သည်ကိုမူ၊ ထီးကောက်ရှာမလို၊ ဖိနပ်စီးရန်မလို အနံ့ရရုံနှင့်ပင် သူတို့၏မူလဘူတအဖွဲ့တွမှာကိုပင်ထင်ထင်လင်းလင်း သိမြင်နေခြင်းပင်ဖြစ်၏။ ဤသည်ကားသူတို့၏မဟာထူးခြားချက်ကြီးပင်ဖြစ်ချေတော့သည်တမုံ့ . . . .။



www.foreverspace.com.mm



www.foreverspace.com.mm

www.foreverspace.com.mm

| | | |
|---|---|---|
| အမည် | - | ချက်ကြီး |
| ပိုးကောင်အမှတ် | - | ပ ၊ ဂ ၀၀၄ |
| အမည်ပေါက်ပိုးနည်း | - | ဖိုသံပေးနည်း |



**ယခု**ကျွန်တော်ဆက်တင်ပြမည်မှာ ကျွန်တော့်သူငယ်ချင်းနှစ်ချက်ထဲမှ ချက်ကြီးဆိုတဲ့ကောင် အကောင်းစားကြီးရဲ့ မိန်းမပိုးနည်းပဲဖြစ်သည်။

ချက်ကြီးမိန်းမပိုးချိန်တွင် ကျွန်တော့်တို့အားလုံးမှာ ကန်ထရိုက်တိုက်တစ်လုံး အမြင့်ဆုံးအလွှာဖြစ်သော စတုတ္ထအလွှာတွင် စုပေါင်းငှားရမ်းနေထိုင်ချိန်၌ဖြစ်၏။ ချက်ကြီးမှာ ထိုအချိန်ကအိမ်စားဖိုမှူး တာဝန်ကိုယူရသည်။ နေ့စဉ်ဆယ်ယောက်လောက် စားလို့ရအောင်မျက်နှာသေကြီးနှင့် ဒိုင်ခံချက်ပြုတ်ရသည်။ ထိုအထဲမှနည်းပါးလှသောအချိန်ကို အသုံးပြု၍ မိန်းမပိုးခြင်းအမှုကို ပြုခဲ့လေ၏။

သူကြိုက်သောကောင်မလေးမှာ ကျွန်တော်တို့နေထိုင်ရာ လေးထပ်တိုက်၏ မျက်စောင်းထိုးမြေညီထပ်မှဖြစ်သည်။

ကျွန်တော်တို့ နေထိုင်သောထိုတိုက်တန်းမှာ မွေးကင်းစကလေး နှင့် အဘိုးအိုအဘွားအိုများ အများဆုံးတိုက်တန်းဖြစ်သည်။ ကလေးမွေးကြတာလည်းအပြိုင်အဆိုင်၊ ဟိုဘက်အိမ်က ဒီနေ့ကလေးတစ်ယောက်မွေးလျှင် နောက်တစ်အိမ်ကလည်း နောက်တစ်ယောက်ကို နောက်တစ်နေ့မှာမွေး

သည်။ တိုက်တန်းကအခန်းပေါင်းသုံးရာကျော်ရှိသည့်အတွက်၊ တစ်နှစ်ပတ်လုံးထိုတိုက်တန်းတွင် ကလေးမမွေးသောရက်ဟူ၍ အတော်ရှားပါးသည်။ ထို့ကြောင့်အိမ်တိုင်းလိုလိုပင် အိမ်ဖော်အမျိုးသမီးများခေါ်ထားကြရသည်။ များသောအားဖြင့်တော့ အသက်ကြီးကြီးအမျိုးသမီးများကိုသာ ဦးစားပေး၍ခေါ်ကြသည်။

ထိုကောင်မလေးမှာထိုတိုက်သို့ရောက်လာသည်မှာမကြာသေး။ ထိုတိုက်ပိုင်ရှင်မသောင်းမြကလေးမွေးပြီးနှစ်ခါလည်ကျော်ကျော်မှ ရောက်လာခြင်းဖြစ်သည်။ ထိုအိမ်ထဲတွင်မသောင်းမြတို့လင်မယားနှင့် သားလေးအပြင် မသောင်းမြယောက်ျား ကိုကျော်စိန်၏ တစ်ဦးတည်းသော အမေအိုကြီး တစ်ဦးလည်းရှိသေးသည်။

ထိုအမေအိုကြီးမှာ အသက်အရွယ်ကြီးရင့်ရှုံသာမက သွားရည်မခိုင် ဆီးမခိုင်သည့်အနေအထားပင်ဖြစ်နေပြီ။ တစ်ခါတရံလည်းကလေးနှင့်အတူဆော့ရင်း သူပါ ဘောင်းဘီတွေဝတ်လိုဝတ် နှုတ်ခမ်းနီတွေဆိုးလိုဆိုးနှင့် သူငယ်ပြန်လုပြန်ခင် အနေအထားပင်ဖြစ်နေပြီ။

တိုက်ပိုင်ရှင်မသောင်းမြခမျာလည်း ကလေးတစ်ဖက်၊ ယောက္ခမကြီးတစ်ဖက်နှင့် တစ်ယောက်တည်းဘယ်လိုမှမနိုင်တော့၍ထင့် ကူဖော်လောင်ဖက်ရရန် ထိုမခင်လှဆိုသော ကလေးမကိုခေါ်ယူထားပုံရသည်။

မခင်လှသည်တောသူပီပီ၊ တုတ်ခိုင်သော အဆစ်အပေါက်နှင့် ရွက်ကြမ်းရေကျိုရုပ်မျိုးသာဖြစ်သော်လည်း သူ့ဟာနှင့်သူတော့ကပ်ပါနေတာပဲဟုပြောရလောက်အောင် အတော့်ကိုကြည့်ပျော်ရှုပျော်ရှိလှသည်။ အမြဲတစေ ကပိုကရိုအဝတ်အစားနှင့် အလုပ်မနားတမ်းလုပ်နေတတ်သူလေးဖြစ်သဖြင့် ဤတိုက်တန်းလေးတွင် လူချစ်လူခင်ပေါလှ၏။ မည်သူမဆိုအလုပ်နှင့်ခိုင်းနှိုင်းပြောလျှင် "ကြည့်စမ်းမခင်လှလေးတို့ အလုပ်လုပ်တာများဇယ်စက်ထားသလားတောင်အောက်မေ့ရတယ်" ဟူ၍ပင်ခိုင်းနှိုင်းပြောတတ် ကြသည်။

ဒါကိုပဲ ကျွန်တော့်သူငယ်ချင်းချက်ကြီးက မခင်လှလေးကိုတွေ့ဖန်မြင်ဖန်များလာသောအခါ ချစ်ချင်စိတ်များယိုဖိတ်ကြီးထွားလာရခြင်း



www.foreverspace.com.mm

ဖြစ်သည်။

ဆိုခဲ့သလို လူကသာလူလည် . . .၊ မိန်းမကိုနဖူးတွေ့ဒူးတွေ့ပိုးရသောအခါ ရှက်ကိုးရှက်ကန်း ဝက်သိုးကြမ်းသလို အဲလေ. . . တကယ် တော့ မပိုးရဲဘဲရှိနေလေတော့၏။ ထို့ကြောင့်ကောင်မလေးနားလည်း မကပ်ရဲ၊ စကားလည်းလိုက်မပြောရဲ၍၊ လေးထပ်သောတိုက်ပေါ်မှသာ ထိုမိန်းကလေးအား ရွဲ့ရွဲ့စိုစိုရွဲ့ရွဲ့ယိုယို မျက်လုံးကြီးနဲ့ မည်သို့ပိုးပန်းရမည်ကိုသာ ကြိတ်ကြံနေရလေတော့၏။

ö ö ö



www.foreverspace.com.mm

www.foreverspace.com.mm

## ရှူး . . .

ရှူး . . . ရှူး . . . . ။

မနက်အစောကြီး ဝေလီဝေလင်းမှာပင် လေးထပ်တိုက်ပေါ်မှအထက်ပါအော်မြည်သံကြီးကြောင့် တိုက်တန်းမှလူများအားလုံး လိပ်ကလေးတွေလို ခေါင်းပြူထွက်ကြည့်ကြသည်။

ရှူး . . .

ရှူး . . . ရှူး . . .

ထိုမြည်သံကိုပြုလုပ်သူကား ကျွန်ုပ်၏ သူငယ်ချင်းချက်ကြီး . . . ။ သူကမည်သူ့ကိုမှမကြည့်၊ လေးထပ်တိုက်အပေါ်စီးမှနေ၍ အောက်ကိုသာငုံ့၍၊ အထက်ပါအသံကိုသာပြုလုပ်နေခြင်းဖြစ်သည်။ သူ၏အော်သံမှာမည်မျှကျယ်လောင်သည်မသိ။ တိုက်တန်းတစ်ခုလုံးသူ့ကို အထူးအဆန်းသဖွယ်ထွက်ကြည့်နေကြသည်။ များသောအားဖြင့် အဖော်ခေါ်ထားသောအမျိုးသမီးများသာ။ သူပြုနေသောအသံကလည်းသံတိုမဟုတ်၊ သံရှည်ချက်ကြီးကတော့မည်သူ့ကိုမှဂရုမစိုက်၊ ပစ်မှတ်ကိုသာတွေတွေကြီးဒဲ့ကြည့်၍၊ အပီအပြင်အသံပြုနေသည်။

ရှူး . . .

ရှူး . . .

မခင်လှထွက်လာသည်နှင့် ချက်ကြီး စားဖားမြင်သော မြွေတစ်ကောင်တွန်သလိုထ တွန်၏။ မခင်လှလေးကတော့ သူ့ကိုမော့၍ပင်မကြည့်၊ ထဘီတစ်ထည်လာထွက်လှန်းပြီး အိမ်ထဲခပ်သုတ်သုတ်ပြန်ဝင်သွားသည်။ ကျန်တဲ့အိမ်မှ လူများကလည်း အချိန်အခါမဟုတ် အဝတ်ထွက်လှန်းကြသည်။

ရှူး . . . ရှူး . . . . ။

မခင်လှပြန်ထွက်လာတာတွေ့သည်နှင့် ချက်ကြီးအသံပြုပြန်၏။ မခင်လှကသူ့ကိုမော်၍ပင်မကြည့်၊ ကလေးဘောင်းဘီတစ်ထည်လာထွက်လှန်းပြန်သည်။ ကျန်သည့်အိမ်ဖော်အမျိုးသမီးများကသာ အဝတ်ထွက်လှန်းရင်းသူ့ကိုမော့ကြည့်ကြသည်။ နောက်သူ့အလုပ်နှင့်သူ ခပ်သုတ်သုတ်အိမ်ထဲဝင်သွားသည်။

ရှူး . . .

ရှူး . . .

ရှူး . . .

ချက်ကြီးထံမှပို၍ကျယ်သောအော်မြည်သံ. . .။ ကိုယ့်လူကမျက်နှာပါနီသည်။ တိုက်ခန်းပေါ်မှ လူများပါးစပ်အဟောင်းသားနှင့်ငေးကြည့်နေဆဲ . . .၊ ကိုယ့်လူကမျက်နှာသေနှင့် . . .။

ꩦ ꩦ ꩦ



www.foreverspace.com.mm

www.foreverspace.com.mm

**ချက်ကြီး**ထိုသို့ပြုလုပ်ချိန်အတွင်း မခင်လှလေးမှာပို၍အလုပ်များလာလေသည်ကိုတွေ့ရလေသည်။ ခဏလေးထဘီထွက်လှမ်းလိုက်၊ ခဏကြာ ကလေးဘောင်းဘီထွက်လှန်းလိုက်နှင့်ရှုပ်ရှက်တွေခပ်နေသည်။ မခင်လှ လေးပိုအလုပ်လုပ်၍လားမသိ ကျန်သည့်အိမ်မှအိမ်ဖော်များကလည်း အလုပ်ပိုလုပ်လာကြသည်။ ဒါကိုပဲကိုယ့်ကောင်က သူ့ကိုမခင်လှလေး ကမကြာခဏလူလုံးထွက်ပြသည်ဟု ထင်မြင်လာသည်။ ဟုတ်လည်း ဟုတ်သည်။ မခင်လှမှာလည်း ဆယ်မိနစ်ကိုတစ်ကြိမ်ခန့် အပြင်ထွက် ထွက်လာမြဲ။

မခင်လှအပြင်ထွက်လာလျှင်လည်းချက်ကြီးကတရှူးရှူးနှင့် အသံပြုလိုက်သည်နှင့် ထဘီသို့မဟုတ်ကလေးအနှီးတော့လာထွက်လှန်းမြဲပင် . ။ ဤသည်ကိုပဲချက်ကြီးအတွက် အခြေအနေတိုးတက်လာသည်ဟုပင်ဆိုရပေမည်ပင် . . . . ။

တိုက်ခန်းနေလူများမှာလည်း ချက်ကြီး၏တွန်သံကိုသိပ်မထူးဆန်းတော့သော်လည်း ထိုအသံကြားလျှင်ဘာဖြစ်ပြန်ပြီလဲဟူသောသိချင်စိတ်နှင့်ကိုယ်စီမိသားစုလိုက်တအံ့တသြထွက်ကြည့်ကြစမြဲပင်။

ဤသို့နှင့် တစ်လခန့်ကြာသည်ဆိုပါတော့။

ထိုတစ်လအတွင်းမှာပင် ကိုယ့်လူလည်းအာခေါင်အတော်ကျယ်လာသလို၊ မခင်လှလည်းလူလုံးပြရ အဝတ်လှမ်းရနှင့် ခြေသလုံးပင်အတော်ထွားလာပြီ . . .။ ကျန်သည့်အိမ်ဖော်များကလည်း သူ့ကိုမော့ကြည့်၍ပွစိပွစိဖြစ်ကုန်ပြီ။

အခြေအနေကတော့သိတဲ့အတိုင်း ပတ်ဝန်းကျင်ကသာအားလုံးကသိနေပြီ။ ကာယကံရှင်မခင်လှခမျာ သိရှာလား၊မသိရှာလားပင်မသိရသေး သူ့အလုပ်သူပုံမှန်လုပ်နေဆဲပင် . . .။ ချက်ကြီးကလည်းမခင်လှကိုတွေ့သည်ဖြစ်စေ မတွေ့သည်ဖြစ်စေ တရှုးရှုးနှင့်အသံပြုဆဲ . . .။ သူအသံပြုလိုက်လျှင်လည်း မခင်လှလေးလူလုံးပြသည့်အနေနှင့်လားတော့မသိ တစ်ခုခုထွက်လှန်းမြဲ . . .။ ကျန်သည့်အိမ်မှအိမ်ဖော်များကအချင်းချင်းဆုံလျှင်လက်တို့မေးကြ မေးငေါ့ကြနှင့်ချက်ကြီးကိုမော့ကြည့်ကြနှင့် ဖြစ်နေကြသည်။ တစ်ခါတစ်ရံ မခင်လှကလေးနှင့်ဆုံပြီး တီးတိုးတီးတိုး သဖန်းပိုးတွေထိုးနေကြပြီ၊ ဘာအကြောင်းကိုတော့မသိရသေး။

ဘယ့်နှယ်လဲငါ့ကောင်ကြီး အဆင်ပြေခါနီးပြီလား . . .။

ကျွန်တော်တို့ရဲ့အမေးကိုလွန်စွာစကားနည်းသော သကောင့်သားကတစ်ခွန်းတည်းပြန်ဖြေသည်။

အနေအထားကတော့ရွှေပြားပဲ . . .။

အောင်မာ ကဗျာတောင်ဆန်နေသေး . . .။

နေပါဦးသူကရောသိပြီလား . . .။

ငတိမျက်မှောင်ကြုတ်လိုက်ပြီး

ကျန်တဲ့အိမ်ဖော်တွေကိုတိုင်ပင်နေတာကိုတော့တွေ့တာပဲ၊ ကျွန်တော့်အကြောင်းပဲဖြစ်မှာပါ။ ဒါမှမဟုတ်မင်္ဂလာရက်ရွေးနေတာဖြစ်မယ်။

ငတိက ဖိတ်စာတစ်ခြမ်းရိုက်ထားသလောက်ကို အတိအကျပြောသည်။

ဒါဆိုမင်းက ဘာလုပ်မှာလဲ . . .

ကျွန်တော်တို့အမေးကို ချက်ကြီးက ငုတ်စိသာရှိသော သူ့မုတ်


www.foreverspace.com.mm

www.foreverspace.com.mm

ဆိတ်မွေးကိုပွတ်ပြီး . . .

"ကျွန်တော့်ဘက်ကတော့ သူကိုယ်တိုင်အိမ်ပေါ်တက်ပြီးလာပြော တဲ့အခြေအနေမျိုးပဲလိုချင်တယ်။ ကျန်းမာရေးကသိပ်မကောင်းဘူးလေ. . ခြင်ထောင်ထဲကပဲစောင့်ဖမ်းရမှာပဲ . . .။ ဟောဟိုမှာလာပြီ . . . ရှူး. . ရှူး . . . ရှူး . . ."

စကားပြောရင်းနှင့်ပင် မခင်လှကိုမြင်သည်နှင့် ထုံးစံအတိုင်းထ တွန်သည်။



သူ့စကားက အတော်ကြီးကို ကျယ်ပါသည်၊ ဖြစ်နိုင်မဖြစ်နိုင်တော့ မသိပါ။ ငတိကဈေးသွားပြီး ပန်းနု ရောင် ဇာခြင်ထောင်ကြီးတစ် လုံး သွားဝယ်တာတွေ့ရသည်။

ဤသို့ဖြင့်တစ်နေ့ မှာ တော့ . . .။

မခင်လှလေးထွက် လာသည်ကို မြင်သည်နှင့်ချက် ကြီးထတွန်သည်။ မခင်လှဖျပ်ခနဲဝေ့ကြည့်သည်။ ချက်ကြီးဝမ်းသာ အားရပြုံးပြလိုက်သည်။

မခင်လှ မျက်မှောင်ကြုတ်သွား၏။ ပြီးနောက်သူ့အိမ်ထဲမသွားဘဲ၊ ကျွန်တော်တို့ ဆီတက်သောလှေကားကိုအတန်ကြာကြည့်သည်။နောက်မှသူ့ အိမ်ထဲဆီကို လှမ်းဝင်လိုက်တာတွေ့ရ၏။ မခင်လှ၏အပြုအမူကြောင့် ချက်ကြီးဝမ်းသာသွားသည်။ မခင်လှသူ့ကိုစိတ်ဝင်စားနေပြီကိုး။ နောက်နေ့ တွင်လည်း မခင်လှမြင်သည်နှင့် ချက်ကြီးထတွန်ပြန်သည်။

ရှူး . . . ရှူး . . . ရှူး . . .

ထိုအသံကြားသည်နှင့် မခင်လှ ဆတ်ခနဲဝေ့ကြည့်ပြန်သည်။ ချက် ကြီးပြုံးပြီး တာ့တာပြသည်။ မခင်လှမျက်မှောင်ကြုတ်သွားပြန်သည်။ နောက်

www.foreverspace.com.mm



မနေ့ကအတိုင်းသူ့အိမ်ထဲမဝင်သေးဘဲ တိုက်တန်းလှေကား ကိုအတန်ကြာ စိုက်ကြည့်နေပြန်သည်။ ကျန်သည့်အခန်းမှအိမ်ဖော်များအားလုံးကလည်း အိမ်ထဲ ကအိမ်ပြင်ထွက်ပြီး မခင်လှကိုထွက်ကြည့်ကြသည်။ နောက်ဘယ်လို သဘောရလဲဟူသောသဘောမျိုးနှင့် မေးငေါ့ကြသည်။

"ရှူး . . . ရှူး . . . ရှူး . . . "

ချက်ကြီးအသံပြုပြန်သည်။ မခင်လှချက်ကြီးကိုမော့ကြည့်လိုက်၊ အိမ်ထဲငေ့ကြည့်လိုက်နှင့် ဇဝေဇဝါဖြစ်နေပုံရသည်။ နောက်အိမ်ထဲကမန်း ကတန်းဝင်သွားသည်။ နောက် ထမီတစ်ထည်ကိုင်ပြီးလာထွက်လှမ်းပြန် သည်။

"ရှူး . . . ရှူး . . . ရှူး . . . "

မခင်လှငေ့ကြည့်ပြန်သည်၊ ချက်ကြီးက ပြုံးဖြီးဖြီးနှင့်ကြာကူလီ ကြည့်သည်။သူအိမ်ထဲမသွားဘဲ ကျွန်တော်တို့တိုက်တန်းလှေခါးဆီ လှမ်းဝင် လိုက်သည်ကိုတွေ့လိုက်ရသည်။ သူ့နောက်မှ တခြားအိမ်ဖော်များ . . . ။

"ဟေ့ဟေ့ . . . ကိုယ့်လူတို့ထထ . . . ဟိုမှာမခင်လှလေးတက် လာပြီ"

ချက်ကြီး၏ ကမျောသောပါးစကားကြောင့် ရှိရှိသမျှအားလုံးလန့် ပြီးထခုန်မိကြသည်။

"ဘယ်မှာလဲ . . . ဘယ်မှာလဲ . . . "

"ဟာ . . . ဒါဆိုဘယ်လိုလုပ်ကြမလဲ . . . "

"ကိုကြည်ကခြင်ထောင်ထောင်၊ ကိုလွင်ကလုံချည်ရုပ်၊ ကိုသန်း အောင်ကဖျာခင်း၊ ကိုမောင်ကကန်တော့ပွဲပြင် . . . "

သူ့စကားနှင့်အတူ တစ်ခန်းလုံးတဝုန်းဝုန်းနှင့် ရှုပ်ရှက်ခတ်သွား သည်။

သိပ်မကြာလိုက်။

"ဒေါက် . . . ဒေါက် . . . ဒေါက် . . . "

အဆက်မပြတ်သောတံခါးခေါက်သံကြောင့် ချက်ကြီးပို၍ပြာ တောက်သွားသည်။

www.foreverspace.com.mm



"ဟာ . . . ရောက်လာပြီ။ ရောက်လာပြီ။ ဘယ်လိုလုပ်ရမှာလဲ. ."

"တံခါးဝမှာ ဒူးထောက်နေလိုက်ကွာ . . ."

ကြေပ်သန်းအောင်ကကြပ်ပေးသည်။ ငတိကလည်းဝမ်းတွင်းရှူး မို့ တံခါးချက်ကိုအသာဖြုတ်ပြီးဒူးထောက်ထိုင်နေလိုက်သည်။



ကျွီခနဲ တံခါးဖွင့်သံနှင့်အတူ ငတိကလွမ်းလွမ်းဆွေးဆွေးရင်ကွဲ နာအပြည့်ပေးမည့်ရုပ်မျိုးနှင့် အသာအယာမော့ကြည့်လိုက်သည်။

"ဟာ . . ."

မြင်လိုက်ရသောမြင်ကွင်းကြောင့် ချက်ကြီးကြက်သေ သေသွားသည်၊ သူမြင်ရသည်က ပြုံးရွှင်သောမခင်လှမျက်နှာမဟုတ်၊ အခဲမကြေနိုင် သောမျက်လုံးများနှင့် ခါးထောက်ရပ်ကြည့်နေသော တစ်ရပ်ကွက်လုံးမှအိမ်ဖော်များ။ မခင်လှကအရှေ့တိုးထွက်လာပြီး. .

"နေ့တိုင်းဒီအပေါ်ထပ်ကနေ တရှုးရှုးလုပ်နေတာ နင်လား"

ချက်ကြီးကြောင်တောင်တောင်နှင့်ခေါင်းကို တရစပ်ညိတ်၏။ ဒါကိုမခင်လှက . . .

"ဩော် . . . နေ့တိုင်းတရှုးရှုးလုပ်ပြီး ငါတို့ကိုဒုက္ခပေးနေတာနင်ကိုး . . ."

"ခင်ဗျာ . . ."

အားလုံးထံမှ သံပြိုင်ထွက်လာသော ထိုအသံကြောင့်ချက်ကြီး ကြောင်သွားသည်။ ပြီးနောက်ယောင်တောင်တောင်နှင့် . . .

www.foreverspace.com.mm

"ဘာ . . . ဘာများဖြစ်လို့ပါလဲခင်ဗျာ . . ."

သူ့ရဲ့ကြောင်တောင်တောင်အမေးကို အားလုံးအကျီလက်ဆွဲတင်လိုက်ကြပြီး . . .

"ဟောဒီမှာကြည့်စမ်း . . ."

"ဟာ . . ."

အားလုံးရဲ့လက်မောင်းကိုမြင်တော့ ချက်ကြီးအံ့အားသင့်သွား သည်။ ဟုတ်ပါသည်။ မိန်းမလက်နှင့်ပင်မလိုက်အောင် ဖုထစ်ကြွားဝါနေသောလက်မောင်းများ၊ ထိုအထဲတွင် မခင်လှကအကြီးဆုံး . . . ချက်ကြီးကအားလုံးကိုလက်ညှိုးထိုးပြီး

"အဲ . . . အဲဒါတွေက . . ."

"ဘာဖြစ်ရမှာလဲ . . . အဲဒါနင်လုပ်တာလေ . . ."

"ခင်ဗျာ . . ."

သူ့စကားမဆုံးမီ အားလုံးဖြတ်ပြောလိုက်သောကြောင့် ချက်ကြီးပါးစပ်ဟာပြီးငြိမ်သွား၏။ အတန်ကြာမှခေါင်းကုပ်ပြီး . . .

"ကျွန်တော် . . . ကျွန်တော်ဘာလုပ်မိလို့လဲခင်ဗျာ . . ."

သူ့ရဲ့ ဇဝေဇဝါအမေးကို အသက်အကြီးဆုံးအိမ်ဖော်က . . .

"ဘာလုပ်မိလို့လဲဟုတ်လား။ နင်ဒီအပေါ်ထပ်ကနေ တရှုံးရှုံးလုပ်နေတာ . . . ငါတို့ကို ဒုက္ခပေးနေတာပေါ့ . . ."

"ခင်ဗျာ . . ."

"ဒီတိုက်တန်းမှာ အခန်းတိုင်း ကလေးရှိတယ်ဆိုတာနင်မသိဘူးလား . . ."

"ဟုတ် . . . သိသိပါတယ် . . ."

ချက်ကြီးက ယောင်တောင်တောင်နှင့်ခေါင်းညိတ်သည်။ ဒါကိုထိုအမျိုးသမီးကြီးက မျက်နှာကိုရှစ်ခေါက်ချိုးလိုက်ပြီး . . .

"အေး . . . နင်အဲဒီလိုတရှုံးရှုံးလုပ်နေတာ၊ အိမ်ကကလေးတွေကသေးထွက်ထွက်ကျလို့၊ ငါတို့မှာသူတို့သေးဝတ်တွေလျှော်ပြီး ဒီလက်မောင်းမျိုးဖြစ်လာတာပဲ . . ."

www.foreverspace.com.mm

"ဗျာ . . ."

ချက်ကြီးရဲ့ဗျာသံက ဝမ်းနည်းမှုနဲ့လှိုက်နေတယ်၊ ဒါကိုမခင်လှက တစ်စခန်းထပြီး

"အို . . . အန်တီတို့ကတော်သေးတာပေါ့။ ကျွန်မမှာ သူငယ်ပြန်နေတဲ့အဘွားကြီးတစ်ယောက်နဲ့ ကလေးတစ်ယောက်ရှိနေတော့ သူတရှူးရှူးလုပ်တိုင်း ကျွန်မှာသူတို့သေးဝတ်လျှော်နေရတာနဲ့တင်၊ လက်မောင်းတစ်ခုထဲမောင်မြန်မာပြိုင်လို့ရနေပြီ . . . ဟောဒီမှာကြည့်စမ်း . . ."

ဟုဆို၍ လက်မောင်းကိုညှစ်ပြသည်။

"အယ် . . ."

ဟုတ်ပါသည်။ အတော်ကလေးကြီးပါသည်၊ ဖုသင့်သောနေရာ ဖု၊ ထစ်သင့်သောနေရာတွင်ထစ်နေသည်၊ ထိုလက်မောင်းတစ်ခုတည်းဓာတ်ပုံရိုက်လျှင်ဒါဘယ်သူ့လက်မောင်းလည်းဟုမေးသော်၊ ရမ်ဘိုမင်းသားစတားလုံးလက်မောင်းဟုသာ ဆိုကြမည်မလွဲ . . . . ဤသည်ကိုအိမ်ဖော်အမျိုးသမီးကြီးတစ်ဦးက

"အို . . . ဒါတွေပြောနေလို့လည်းမထူးတော့ပါဘူး . . . ကဲဒီတော့"

ဟုဆို၍ အရှေ့မှနေ၍ လက်သီးလက်မောင်းတန်းပြီး. . .

"တရှူးရှူး . . ."

ဟုအော်လိုက်ရာ မခင်လှအပါအဝင်အိမ်ဖော်အားလုံးက . . .

"အလိုမရှိ . . ."ဟုလိုက်အော်ကြသည်။

"တရှူးရှူး"

"အလိုမရှိ"

"ကလေးသေးတည်သူ"

"အလိုမရှိ"

"မြွေလိုတွန့်သူ"

"အလိုမရှိ"

"မိန်းမပိုးသူ"

www.foreverspace.com.mm

"အလိုမရှိ"

ဟူသောအသံများရပ်ကွက်တွင်း ဆူညံသွားတော့၏။ ထိုအသံ လည်းကြားရော၊ရပ်ကွက်လူကြီးနှင့်၊ လုံခြုံရေးများအပြေးအလွှားရောက်လာပြီး . .

"ဟေ့ဟေ့ . . . ဘာဖြစ်ကြတာလဲ . . . အော်ကြီးဟစ်ကျယ်နဲ့ . . ဟင် . . . "

အပေါ်ရောက်လာတော့ အားလုံးအံ့အားသင့်သွားကြသည်။အံ့အားသင့်မယ်ဆိုလည်းသင့်စရာ။

အိမ်ဖော်များဝိုင်းရံထားသည့်အလယ် ကြောင်စီစီမျက်လုံးနှင့်ငုတ်တုတ်ထိုင်နေသောချက်ကြီး . . . ။ အိမ်ဖော်အားလုံးကသူ့ကိုဝိုင်းရံထားကြသည်။

"ဘာဖြစ်တာလဲပြောစမ်း . . . "

ဟုဆိုလိုက်ရာ၊ အသက်အကြီးဆုံးအိမ်ဖော် ဒေါ်တင်စိန်က . . .

"ဒီကောင်လေ . . . ဒီအိမ်ပေါ်ကနေတရှူးရှူးလုပ်ပြီးကလေးသေးတယ်ပေးနေတာ"

"သူ . . . သူပဲ . . . "

အဘွားကြီးစကားကို ဟိုကောင်ကအားကိုးရလိုငြား

"ကျွန်တော်ပါပဲ. . . "

ဟုဆိုကာသွားဖြဲပြလိုက်သည်။ငတိကိုမြင်သောအခါရပ်ကွက်လူကြီးမျက်နှာချက် ချင်းမာတက်သွားပြီး . . .

"ဩော် . . . ဒီအိမ်ပေါ်ကနေ တစ်ရပ်ကွက်လုံးကလေးသေးတယ်ပေးတာမင်းကိုး . . . "

ဟုဆိုလိုက်ရာ ငတိကသွားဖြဲပြီး

"ဟုတ် . . . ဟုတ်ကဲ့ . . . ရပ်ကွက်လူကြီးကယ်ပါဗျာ . . . "

ဟုမျက်နှာချိုသွေးလိုက်ရာ၊ ရပ်ကွက်လူကြီးမျက်နှာကြီးနီတက်လာပြီး . . .

"ဘာလို့ကယ်ရမှာလဲကွဟေ . . . မင်းလုပ်လို့၊ အိမ်ဖော်မငှားနိုင်

www.foreverspace.com.mm

တဲ့ငါ၊ ကလေးအနှီးလျှော်ရတာ ဟောဒီမှာကြည့်စမ်း၊ ငါ့လက်မောင်း”

“ဟင် . . .”

ရပ်ကွက်လူကြီးလက်မောင်းကလည်း မခင်လှနှင့်မတိမ်းမယိမ်း၊ လူကောင်ငယ်သော်လည်းလက်မောင်းကကြီးသည်။

“မြင်တယ်မဟုတ်လား . . . ဒီလက်မောင်းက မင်းကောင်းမှုနဲ့ရထားတာ . . .”

“ကဲ. . . လာ . . . ပတ်ဝန်းကျင်ကိုတရှုံးရှုံးနဲ့လုပ်ပြီး ဒုက္ခပေးနေတဲ့ကောင် . . .”

ဟုဆို၍ ကုတ်ကနေဆွဲမကာ၊ ခြေလှမ်းကျဲကြီးနှင့် ထွက်ခွာသွားလေသည်။ သူတို့နောက်မှာမှ မခင်လှနှင့် တစ်ရပ်ကွက်လုံးက အိမ်ဖေါ်များ။ သူတို့၏နှုတ်မှလည်း . . .

တရှုံးရှုံး အလိုမရှိ. . .

ကလေးသေးတယ်သူ အလိုမရှိ. . .

မြွေလိုတွန်သူ အလိုမရှိ. . .

မိန်းမပိုးသူ အလိုမရှိ. . .

ဟူသောအသံများစီညံသွားလေသည်။

ံ ံ ံ


www.foreverspace.com.mm



ခေတ်ကာလသားသမီးများ၏ မိန်းမပိုးနည်းများထဲတွင် မပါမဖြစ်ပိုးနည်းမှာ ဂစ်တာတီးတာသာဖြစ်ပေလိမ့်မည်။

ညဖက်ညဖက် ကောင်မလေးတွေအိမ်ရှေ့၊ အဆောင်ရှေ့အုတ်ခုံကလေးများတွင်ကိုကိုကာလသားမားတန်းစီထိုင်၍၊ ဂစ်တာထိုင်တီးနေတာကိုတွေ့ရလိမ့်မည်၊ ကောင်လေးတွေ၏ဂစ်တာတီးသံကြားလျှင်၊ ကောင်မလေးများကလည်း၊ အဆောင်ပေါ်၊ အိမ်ပေါ်မှနေ၍ မယောင်မလည်နှင့်လူလုံးထွက်ပြနေတာကိုလည်း တွေ့ကြရပေလိမ့်မည်။

www.foreverspace.com.mm




ရှေးယခင်ခေတ်က ကာလသားများကတော့ မိန်းကလေးအိမ်ရှေ့ တယော၊ ဘင်ဂျို၊ မယ်ဒိုလင်၊ ဘာဂျာစသည်တို့ တီးခတ်၍ မခင်နှင်းဆီ၊ ရွှေမင်းဂံစသည်များကိုတီးခတ်၍ ဂေါ်ကြသည်ဟုသိရပါသည်။ သို့သော် ခေတ်ကာလပြောင်းလာသည်နှင့်အညီ တီးခတ်သည့်တူရိယာ၊ သီဆိုသည့် သီချင်းများလည်း ကာလအလျောက်ပြောင်းလဲလာခဲ့လေပြီ၊ ဟုတ်ပေသည်။ ယခုခေတ်သည်ဂစ်တာခေတ်၊ ဂစ်တာတီးတတ်မှ ခေတ်လူငယ်ပီသသည့်ခေတ်။ ထို့ကြောင့်ပိုးကောင်များထဲတွင် ဂစ်တာတီးသော ပိုးကောင်များကို ချန်လှပ်ထား၍မရစကောင်းပါ။ ထိုနည်းတူစွာ ကျွန်တော်တို့ ရပ်ကွက်ထဲမှ ကျော်ဇောဆိုသောလူငယ်လေးမှာလည်း မိန်းမကိုဂစ်တာနှင့် ပိုးချင်နေသူတစ်ဦး ဖြစ်ပေ၏။

www.foreverspace.com.mm

**အမှန်တော့**ကျော်ဇောဆိုသည့်ကောင်နှင့်ဂစ်တာမှာလားလားမှ မသက်ဆိုင်ချေ၊ ကက်ဆက်လေးဘာလေးတော့နားထောင်တာတော့ရှိသပေါ့လေ။ မိဘကဝါးခနိုဆိုင်ဖွင့်ထားသည့်အတွက် တစ်နေကုန်ဝါးလုံး ပုံကြားအချိန်ကုန်နေရရှာသူတစ်ဦးဖြစ်သည်။ ထို့ကြောင့်ကျော်ဇောနဲ့ဂစ်တာ၊ ဂစ်တာနဲ့ကျော်ဇောမှာ 'Nearly The Buffalo Playing The So Do Do' ဆိုသလို ကွာချင်တိုင်းကွာ၊ လှမ်းချင်တိုင်းလှမ်းနေပါသည်။

အဲ. . . ဖြစ်ချင်တော့သူတို့အိမ်နား မလှမ်းမကမ်းတွင် တခြားရပ်ကွက်မှပြောင်းလာပြီး ထမင်းဆိုင်လာဖွင့်သော ကောင်မလေး တစ်ယောက်ကို အသေအလဲ ကြိုက်မိရာမှ ထိုသို့ဂစ်တာတီးချင်စိတ်တွေ တဖွားဖွားပေါ်လာရခြင်းဖြစ်သည်။

သူဂစ်တာတီးချင်မယ်ဆိုလည်း တီးချင်စရာ ထိုကောင်မလေး၏ဆိုင်ရှေ့ ညညဂစ်တာလာတီးကြသည့် ကာလသားတွေကနည်းမှမနည်းဘဲကိုး . . . . ။ ဒါကြောင့်ကျော်ဇောလည်း အချစ်စိတ်တွေကြွပြီး ဂစ်တာအသည်းအသန်တီးချင်နေရခြင်းဖြစ်သည်။

တစ်နေ့တော့ထူးထူးဆန်းဆန်း သတင်းတစ်ခုကိုကြားရသည်။

ကျော်ဇော ဂစ်တာဝယ်လိုက်ပြီတဲ့ . . . ။

သူ့ဂစ်တာက သာမန်သုံးလေးထောင်တန်မဟုတ်ဘူးတဲ့၊ တစ်သောင်းခွဲတောင်တန်သတဲ့ . . . ။

ဒီရပ်ကွက်ထဲမှာ ဒီလိုတစ်သောင်းခွဲတန်ဂစ်တာကိုကိုင်နိုင်ရန်ဝေးစွ၊ လူငယ်ဆယ်ယောက်မှာ သုံးထောင်တန်ဂစ်တာတစ်လုံးရှိရန်ပင်ခပ်ခက်ခက်. . . ။

ယခုတော့ ကျော်ဇောဆိုသည့် ဝါးလုံးသည်မသားက တစ်သောင်းခွဲတန် ဂစ်တာကြီးဝယ်ပြီး ပယ်ပယ်နယ်နယ်တီးနေသတဲ့ . . . . ။

ထိုအချိန်မှစ၍ စနိုးပွိုက်တို့ ထမင်းဆိုင်ရှေ့၊ ကျော်ဇော၏အသံသေးအသံကြောင်များ နားမဆံ့အောင်ကြားနေရတော့၏။

အခြားသောကာလသားများအားလုံးကလည်း ကျော်ဇော၏လုပ်ပေါက်ကိုအံ့အားသင့်သွားကြပြီး၊ နောက်တဖြည်းဖြည်းမကျေနပ်သံများထွက်လာသည်။

"ဘာလဲကွ . . . ဒီကောင် . . . ဒါငါတို့ကိုတမင်ကျောတာ "

"ဟုတ်ပကွာ၊ တစ်သောင်းခွဲတန်ဂစ်တာကြီးတီးရတယ်ဆိုပြီး ထင်တိုင်းလုပ်နေတာ . . . "

"အေးလေ . . . ဆုံးမရတာအထာကိုမကျဘူး . . . "

စသည်ပြောဆိုသံများ ဟိုတစ်စသည်တစ်စထွက်ပေါ်လာလေတော့၏။ မည်သို့မည်ပုံသဘောထားမတိုက်ဆိုင်၍ သည်ကဲ့သို့အသံထွက်လာသည်ကိုတော့မသိ။ ဂစ်တာပဲ သူလည်းတီးကိုယ်လည်းတီးပြီးတဲ့ဟာ . . ဟုတ်ဘူးလား . . . ရပ်ကွက်သားအချင်းချင်းဘာမှမပြေလည်စရာမရှိ။ထိုအသံထွက်တာနှစ်ရက်ခန့်အကြာ နံနက်စောစောတစ်ခုတွင် ကိုယ့်လူချွေးတလုံးလုံးနှင့် ဂစ်တာပိုက်၍ပျာပျာသလဲနှင့် ကျွန်တော့်ထံရောက်လာတော့၏။

"လုပ် . . . လုပ်ပါဦး . . . ကိုယ့်ဆရာ . . . ကျွန်တော့်ကိုကူညီပါဦး . . . ကူညီပါဦး . . . "

သူ့အလန့်တကြားစကားကြောင့် ကျွန်တော်မျက်လုံးပြူးသွားပြီး



www.foreverspace.com.mm

www.foreverspace.com.mm

"ဟကောင်ရ. . ဘာဖြစ်လာတာလဲ. . ဘာဖြစ်လာလို့လဲ. . "

ဆိုတော့ကျော်ဇောက မျက်နှာငယ်လေးနှင့် . . .

"ကျွန် . . . ကျွန်တော့်ကို ရပ်ကွက်ထဲကလူတွေဝိုင်းပြောကြကုန်ပြီဗျ . . ."

"အင်း . . . ဆိုပါဦးဘာပြောကြလို့လဲ"

"ကျွန်တော့်ကိုဂစ်တာမတီးတတ်တဲ့ကောင်တဲ့ . . . "

သူ့စကားကြောင့်ကျွန်တော်မျက်လုံးပြူးသွားပြီး . . .

"ဟကောင်ရ မင်းကကောတီးတတ်လို့လား . . . "

ကျွန်တော့်အမေးကိုကျော်ဇောက မျက်နှာရှစ်ခေါက်ချိုးချလိုက်ပြီး

"ဂစ်တာတော့တီးတတ်ပါတယ်ဗျာ ကျွန်တော်ညတိုင်း စန္ဒီးဗိုက်တို့အိမ်ရှေ့ဂစ်တာသွားတီးနေတာပဲ . . . "

"အင်း . . . ဒါဆို . . . "

"လက်ကွက်ပဲမနှိပ်တတ်တာဗျ . . . လက်ကွက်ပဲမနှိပ်တတ်တာ"

"ဟမ် . . . "

သူ့စကားကြောင့် ကျွန်တော်ဘာပြန်ပြောလို့ပြောရမှန်းမသိတော့၊ ဂစ်တာတော့တီးတတ်တယ်တဲ့ လက်ကွက်ပဲမနှိပ်တတ်သေးတာတဲ့ . . .၊ လက်ကွက်မနှိပ်တတ်ရင် ဂစ်တာဘယ်လိုတီးမတုံး . . .၊ဒါကိုငတိက

"ဘာလဲ . . . ကိုယ့်လူကမယုံလို့လား . . . ဒီမှာကြည့်ကျွန်တော်တီးပြမယ်. . . "

ဆိုပြီးဂစ်တာကို သံပုံးတီးသလိုဂလွမ် . . . ဂလွမ်နှင့်ခေါက်ပြ ၏။ ဒီတော့မှ ရပ်ကွက်ထဲမှလူငယ်များ သကောင့်သားကိုခါကြတာ ဒါကြောင့်ကိုးဟု သိရတော့၏။ ဟုတ်တယ်လေ . . . ဂစ်တာကော့ဒ်မကိုင်တတ်ဘဲ ဂစ်တာကို ဂလွမ်ဂလွမ်နဲ့တီးပြီး သံသေးသံကြောင်နှင့် သီချင်းတွေအော်ဆိုနေမည်သူကို ဘယ်သူကများကြည်လင်တော့အံ့နည်း။ ကိုယ်ဆိုလျှင်ရောသည်းခံနိုင်မည်လား . . .။

"အဲဒါ . . . အဲဒါ . . . ကျွန်တော့်ကို ဂစ်တာလက်ကွက်နှိပ်နည်းလေးသင်ပေးပါလား . . . "

ကျွန်တော်သက်ပြင်းချလိုက်မိသည်။

"အေးလေ . . . ကောင်းပြီ . . . သင်ပေးတာကသင်ပေးလို့ရပါ ရဲ့ . . . ဒါနဲ့နေပါဦး . . . မင်းကိုဘယ်လိုသီချင်းမျိုးကိုသင်ပေးရမှာလဲ. . "

ကျော်ဇောခေါင်းကုပ်လိုက်သည်။

"ဟိုလေ. . သင်လို့လည်းလွယ်ရမယ်. . ခေတ်လည်းမီရမယ်။ အဲ. . . အဲဒီလိုသီချင်းမျိုး . . . ဟိုဗျာ. . . အခုလက်ကွက် သင်အခုဆိုလို့ရတဲ့သီချင်းမျိုး . . . "

သူ့စကားကြောင့်ကျွန်တော်ခေါင်းတောင်ခြောက်သွား၏။ ကြည့်လေခေတ်လည်းမှီရမယ်။ တီးလို့လည်းလွယ်ရမယ်တဲ့။ အခုခေတ်ထဲ ထိုကဲ့သို့သီချင်းမျိုးဘယ်လိုရှာ၍ရမည်နည်း။ နောက်မှ လက်ခနဲ စဉ်းစားမိပြီး. . .

"ဟိုကွာ . . . ဒါဆို . . . ဟယ်ရီလင်းရဲ့ . . . အဆိပ်ငွေကြေးသီချင်းဆိုပေါ့။ အဲဒါကိုငါသင်ပေးလိုက်မယ်။ ဟုတ်ပြီလား . . . တီးလွယ်ဆိုလွယ်ပေါ့ . . . "

ကျွန်တော့်စကားကြောင့် ငတိဝမ်းသာသွားသည်။

"ကြိုက်တယ်ဗျာ . . . . အဲဒီသီချင်းက အရမ်းဂေါ်တယ်။သင်ပေးစမ်းပါ။မြန်မြန်သင်ပေးစမ်းပါ ဒါမှဟိုကောင်တွေကိုပြန်ဆုံးမလို့ရမှာ "

ဆိုပြီးဝမ်းသာအားရပြော၏။

ဝ ဝ ဝ



www.foreverspace.com.mm

www.foreverspace.com.mm

**ကိုယ့်လူ**ကလည်းတစ်ပုဒ်ရတော်ပြီ အောက်မေ့၍လားမသိ။ ညနည်းနည်းနက်ပြီဆိုသည်နှင့်

"ဟေး . . . ချစ်သူလေးရေ . . . ဘယ်မှာမင်းအချစ်တွေ သိမ်း ထား . . ."

ဟူသောအသံကို ညစဉ်ကြားနေရလေတော့သည်။ အဲဒီသီချင်းပြီးတော့ရော ဘာဆက်ဆိုတယ်အောက်မေ့သလဲ . . .

"ဟေး . . . ချစ်သူလေးရေ . . . ဘယ်မှာမင်းအချစ်တွေသိမ်းထား . . ."

ဒါပဲ။ သူလက်ကွက်နှိပ်တတ်တာဆိုလို့ ဒီတစ်ပုဒ်ထဲရှိတာ။ ဒါကြောင့်တစ်ညလုံး မအိပ်မချင်းကို ထိုသီချင်းတစ်ပုဒ်ကိုပဲ ထပ်ခါထပ်ခါသီဆိုနေခြင်းဖြစ်သည်။ သည်ကြားထဲ ကောင်မလေးကမတော်တဆသူတို့အိမ်ရှေ့ဖြတ်လျှောက်မိလျှင်ပင်

"ဟေး . . . ချစ်သူလေးရေ . . ."

ဆိုပြီးထအော်တတ်သေး၏။

ကြာတော့ ကောင်မလေးမိဘတွေသည်းမခံနိုင်တော့။

www.foreverspace.com.mm



ငါ့သမီးကိုဘယ်လိုအစားထဲကမှတ်လို့လဲ . . . သူ့ဘဝသူရောင်းဈေးတင်ရအောင်၊ ငါ့သမီးကဘာဖြစ်နေလို့လဲ ဆိုပြီးလာကောယူရတဲ့ အဆင့်ကိုဖြစ်လာတယ်။ ဒါကိုပဲကိုယ့်ကောင်က တစ်သောင်းခွဲတန်ဂစ်တာကြီးပိုက်ပြီး ပြုံးဖြီးဖြီးနေတာ . . .။ မသိရင် သူဆိုတာကောင်းလို့ဩဘာပေးတယ်ဆိုတဲ့ပုံစံမျိုးကိုဖြစ်နေတာ . . . .။

ဒီလောက်ပြောတာတောင် ကိုယ့်လူကမမှတ်ဘူး။ အချိန်မှန်တဲ့ ကြက်ဖကြီးလို ညနက်တာနဲ့ ဟေးချစ်သူလေးရေဆိုပြီး ထထတွန်တုံး မည်မျှထိဆိုသော် ရပ်ကွက်ထဲမှလူများကပင် သူ့နာမည်ကျော်ဇောကို ပျောက်ပြီး. . .

"ဟေးချစ်သူလေး . . . ဘယ်သွားမလို့လဲ . . . "

"ကိုချစ်သူလေးဘယ်တုန်းဗျ . . . "

"မောင်လေး ဟေးချစ်သူလေး . . . စားပြီးပြီးလား . . . "

စသည်ဖြင့် နာမည်အရင်းကိုပင်မည်သူမျှ အသိအမှတ်မပြုတော့ပဲ ဟေးချစ်သူလေးဟုပင်ခေါ်တွင်ရလောက်အောင် တွန်ချက်ကကမ်းကုန်သွားတော့၏။ မည်မျှထိဆိုသော်မိဘများကပင် . . .

"သားချစ်သူလေးဘယ်နားသွားလိုက်ပါဦး . . . သားကြီးချစ်သူလေးရေး ဘာလေးလုပ်လိုက်ပါဦး. . . "

ဟုကိုယ်ပိုင်ပေးထားသောနာမည်ရင်းကို မေ့ပြီး ဟိုနာမည်ယောင်ပြီးခေါ်မိသည်အထိဖြစ်လာသည်။ ဤမျှလောက် ဖြစ်နေတာကို ကိုယ့်လူက မလျှော့။ ညနက်သည်နှင့် ဟေးချစ်သူလေးအသံ ကြားနေရမြဲ။ ဤသို့ဖြင့် တစ်ညမှာတော့ကိုယ့်လူအိမ်ကိုရောက်လာပြီး. . .

"ကိုယ့်ဆရာ ဒီညတော့ ကျွန်တော်နဲ့ဂစ်တာလိုက်ပြီးတီးပေးစမ်းပါ. . . "

ဟုဆိုလာသည်။ ကျွန်တော်ကလည်း မခေါ်စဖူးအခေါ်ထူးလှသောငတိကိုကြည့်၍

"ဘာလုပ်ဖို့လဲကွာ . . . မင်းဟာကထူးထူးဆန်းဆန်း . . . "

ငတိက ညတုတုပြုံးလိုက်ပြီး. . .

"မနေ့ညက သူ့ကိုကျွန်တော်ဖွင့်ပြောလိုက်ပြီ. . ."

"ဟေ"

"အဲဒါ . . . ဒီညသူအဖြေပေးမယ်တဲ့ . . ."

"ဟ . . . အဟုတ်လား . . ."

သူ့စကားကြောင့် ကျွန်တော်အံ့သြဝမ်းသာသွားသည်။ ဂစ်တာကောဒ်သုံးကော့နှင့် ပေးချစ်သူလေးအစချီသီချင်းတစ်ပုဒ်ရရုံနှင့် ရည်းစားသနာတစ်ယောက်ရမည်ဖြစ်သောသူ့ကိုလည်း. . . ကျွန်တော်လေးစားအားကျသွားသည်။

"ကျွန်တော်အဖြေတောင်းနေတုန်း သီချင်းရပ်သွားရင် သူ့မိဘတွေရိပ်မိသွားမှာစိုးလို့ ပေးချစ်သူလေးရေကို နှစ်ကျော့သုံးကျော့ လောက်ဖမ်းဝိုင်းထားပေးဖို့ပါကိုယ့်ဆရာ. . ."

"အေးလေ . . . ကောင်းပြီ ဒီညဒတို့တွေ မင်းရည်းစားလောင်းလေးအိမ်ရှေ့ ဂစ်တာသွားတီးကြတာပေါ့ . . ."

ကျွန်တော့်စကားကြောင့် ငတိဝမ်းသာသွား၏။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်ကသူ့ထက်ကိုသီချင်းခုနစ်ပုဒ်တိတိပိုရ၍ဖြစ်သည်။

ထိုညကလွန်စွာပျော်စရာကောင်းပါသည်။ ကျွန်တော်တို့အဖွဲ့အတွက်၊ ကျော်ဇော ယူလာပေးသောအရက်ကလေးသောက်လိုက်၊ ဂစ်တာလေးတီးလိုက်နှင့် လွန်စွာစည်းစိမ်ယစ်မူးနေဖြစ်သည်။

ဤသို့ဖြင့်ညကလည်း တဖြည်းဖြည်းနက်လာပြီ၊ လူကလည်းတော်တော်မူးနေသည့်အပြင် ရသောသီချင်းများကလည်းကုန်နေပြီ၊ သူပြောသောသူ့ကောင်မလေး၏အရိပ်အယောင်မျှပင်မမြင်ရသေး . . .။

ဟော့ကောင် . . . ဘယ့်နှယ်လဲ . . . မင်းကိုအဖြေပေးမယ်ဆိုတဲ့ စနိုးပိုက်ဆိုတဲ့ ကောင်မလေးရဲ့အရိပ်အယောင်တောင်မမြင်ရသေးပါလား။

ငတိကခေါင်းကုပ်၍

"အေး ဟုတ်တယ်ဗျ . . . ဘာဖြစ်လို့လဲမသိဘူး . . ."

ဟုဆို၍တောင်ကြည့်မြောက်ကြည့်ကြည့်သည်။ နောက်မှသတိရပြီး . . .



www.foreverspace.com.mm

www.foreverspace.com.mm



"ဟာ. . . ဟုတ်ပြီ . . . သူကျွန်တော့်သီချင်းမကြားရသေးလို့ဖြစ်မယ်. . . ကျွန်တော့်ထရိမ်းမန့်သီချင်းဆိုလိုက်ရင် သူထွက်လာမယ်ထင်တယ်. . ."

ဟုဆို၍ ဂစ်တာကိုကိုင်ကာ သီချင်းကိုစဆိုလိုက်သည်။

"ဟေး . . . ချစ်သူလေးရေ . . . ဘယ်မှာမင်းအချစ်တွေသိမ်း ထား . . ."

"ဒါအောင်မြင်မှုလား၊ ဒါရှုံးနိမ့်တာလား၊ ဘာဆုံးဖြတ်မလဲကွာ၊ ငါကြေကွဲပြီ . . ."



သီချင်းတစ်ဝက်ခန့် မှာပင် ကောင်မလေး၏ အိမ်တံခါး မှ ချောက်ခနဲအသံကြား၏။

"ဟော . . . ဟော . . . အသံကြားတယ်။ ဆင်းလာပြီထင်တယ်အဟိ . . ."

"ဟေ့ကောင်ဆက်ဆိုကွာ၊ လူကြီးတွေရိပ်မိသွားလိမ့်မယ်. . ."

"အေး. . . ဟုတ်တယ်. . ."

"ဟေး. . . အားလုံးပဲမှားတဲ့လောကလယ်မှာ ခံစားမှုသားကောင်အားလုံးမှားယွင်းခဲ့ပြီ . . ."

"အခုတော့ဝေးကြပြီအချစ်ရေ . . . ဘဝအဓိပ္ပာယ်ခြားနား . . ."

သီချင်းသာဆိုနေရသည်။ ကောင်မလေး၏အသံဆက်မကြားရ။

"အမှန်တရားဟာ. . . အဖိုးထိုက်တန်လို့ ကိုယ်မဝယ်နိုင်ဘူးလေ ဟေ့ . . . ငွေဟာအဆိပ်တွေ . . . အမှန်တရားဟာ . . . အဖိုးထိုက်တန်လို့ ခံစားမှုသားကောင်၊ အားလုံးလွဲမှားကြပြီ . . ."

သီချင်းဆုံးသွားပြီ၊ တစ်သက်နှင့်တစ်ကိုယ် ထိုသီချင်းကိုဆိုရသည်မှာ ဤတစ်ကြိမ်အကောင်းဆုံးဖြစ်ပေလိမ့်မည်။ ဟာမိုနီရော၊ အသံဌာန်ရော

ပြည့်စုံကောင်းမွန်သည်မှာ သည်တစ်ကြိမ်လောက်နောင်ဘယ်သောအခါမှ မီလိမ့်မည်မထင် . . .။

"ဟော့ကောင် . . . ကောင်မလေးလည်းမဆင်းလာပါလား . . ."

ကျွန်တော့်ရဲ့စကားကိုငတိက လေသံပျော့လေးဖြင့် . . .

"အေးဗျာ . . . . သူ့အဖေတွေနိုးသွားလို့ဆင်းမရတာဖြစ်မယ်။

စကားသံများတိတ်ဆိတ်သွားပြန်သည်။ ညကားလွန်စွာနက်နေ ပြီ၊ ဖြတ်သွားဖြတ်လာလည်း တစ်ကောင်တမြီးမှမရှိတော့ . . . လမ်းထဲမှခွေး လေခွေးလွင့်များပင်အိပ်ပျော်နေလေကြပြီ . . ."

"ကဲ . . . ဒီညမတွေ့ရတော့လလည်း. . . နောက်ညပေါ့ကွာ၊ နောင် လဲမတွေ့ရမှာမှမဟုတ်တာ . . ."

ကျွန်တော့်စကားကို ငတိကသက်ပြင်းချပြီး

"အေးလေ . . . ဘာတတ်နိုင်တော့မှာလဲ . . . လမ်းခွဲကြရုံပေါ့"

"အင်း . . . နောက်မှဆုံကြတာပေါ့၊ ဂွဒ်နိုက်ချစ်သူလေး . . ."

ကျွန်တော့်နှုတ်ဆက်စကားကြောင့်ငတိပြုံးသွားသည်။ပြီးမှ. . .

"ဂွဒ်နိုက်ကိုကို . . ."

တဲ့။ နောက်ပြီးနှုတ်ဆက်တာဖြစ်မည်။ ပုံကကန္တဲ့ကလျှနှင့်. . .

နောက်တစ်နေ့နံနက်စောစောမှာပင်၊ သတင်းတစ်ခုပျံ့လွင့်လာ သည်၊ ကျော်ဇောကောင်မလေး ညကလင်နောက်လိုက်သွားလို့တဲ့ . . .။

ကြားကြားချင်းကိုယ့်နားပင်ကိုယ်မယုံ။ ဒါနဲ့ ကျော်ဇောထံကမန်း ကတန်းသွားမေးကြည့်တော့ . . .

"အေးဗျာ . . . ညကကျုပ်တို့ဟေးချစ်သူလေးရေ အော်နေတဲ့အ ချိန်မှာ ချောက်ခနဲတံခါးသံကြားတယ်မဟုတ်လား . . .။ အေးအဲဒီအ ချိန်မှာ၊ အိမ်နောက်ဖေးပေါက်ကဆင်းပြီးလိုက်သွားတာတဲ့ဗျာ . . . ဟင်း တောက် . . . ကျုပ်ကိုကကံဆိုးတာပါဗျာ . . . တဲ့ . . ."

ကျွန်တော်လည်းသူ့ကိုဘယ်လိုပြောလို့ပြောရမှန်းလည်းမသိတော့။ ရှင်းလဲရှင်းမပြတတ်တော့၊ ရှင်းပြစရာစကားလည်းမရှိ။ ခေါင်းငိုက်စိုက်ချ၍ သာ ဟေးချစ်သူလေးအကြောင်းစဉ်းစားရင်း အိမ်ပြန်ခဲ့မိတော့၏။



www.foreverspace.com.mm

www.foreverspace.com.mm

ယခုဆို ကောင်မလေးလည်း လင်နောက်လိုက်သွားသည်မှာ ခြောက်လခန့်ရှိပြီ၊ ခြောက်လဟူသောကာလအတွင်း အရာရာပြောင်းလဲခဲ့ကုန်ပြီ။ သူလည်းဂစ်တာမတီးတော့။သို့သော်လူတိုင်းကသူ့ကို ဟေးချစ်သူလေးဆိုသော နာမည်ပင်အတွင်သားခေါ်နေကြသည်။ တချို့ရပ်ကွက်တွင်းအသစ်ပြောင်းလာသောသူများဆိုလျှင်ပင် သူ့နာမည်ရင်းကိုမသိကြတော့၊ ဟေးချစ်သူလေးဆိုသည်ကိုပင် သူ့အမည်ရင်းထင်နေကြ၏။ သူကလည်းဟေးချစ်သူလေးဟုခေါ်လျှင် ပြုံးပြုံး ပြုံးပြုံးနှင့်တုံ့ ပြန်မြဲ။

ဤသို့နှင့် ခြောက်လစွန်းစွန်းတစ်ရက်မှာတော့၊ ဟေးချစ်သူလေးရပ်ကွက်အတွင်းမှ ပျောက်ခြင်းမလှပျောက်သွားတော့၏။ ဘယ်ကဘယ်လိုပျောက်သွားမှန်းဘယ်သူမှမသိ သူ့မိဘများကလည်း ထိုကိစ္စကိုလုံးဝဖွင့်မပြော။ နောက်မှတစ်ဆင့်စကားတစ်ဆင့်နားနှင့်ကြားရသည်မှာ

"သူ့ကိုလူတိုင်းကဟေးချစ်သူလေး၊ ဟေးချစ်သူလေးခေါ်နေကြတာကိုး။ စဉ်းစားကြည့်လေ မိန်းကလေးတွေဆိုတာက ခေါ်ရမှာရှက်စရာမိုလို့ ဘယ်ခေါ်မှာလဲ. . . အဲ. . . ယောကျ်ားချင်းကတော့ လူကြီးရော လူငယ်ပါမကျန် သူ့ကိုဟေးချစ်သူလေးပဲခေါ်ကြတာ။ ဘာစိတ်ကူးပေါက်သွားတယ်မသိဘူး။ တချို့ဆိုမုတ်ဆိတ်မွေး နှုတ်ခမ်းမွေးကြီးတွေနဲ့ ဟေးချစ်သူလေးဆိုပြီး တယုတယခေါ်နေတော့ သူ့ခမျာစိတ်ပြောင်းသွားရှာတယ်ထင်တယ်။ ရှိသမျှပိုက်ဆံတွေအားလုံးစုပြီး အခုတော့ နိုင်ငံခြားထွက်သွားရှာပြီ . . ."

"ဘာသွားလုပ်တာလဲ . . ."

"လိင်သွားပြောင်းတာတဲ့လေ . . ."

ဟုတ်ကဲ့ . . . . ။ မိန်းမပိုးနည်းတွေထဲမှာ ဂစ်တာတီးနည်းတစ်နည်းပါပါသည်။ သို့သော်ရမ်းသန်းပြီးစွပ်စက်မတီးပါနှင့်၊ ရန်လည်းများတတ်သည်။ ဂဲနှင့်လဲအပစ်ခံရတတ်သည်၊ ရပ်ကွက်ရုံးသို့လည်း အတိုင်ခံရတတ်သည်။ ချစ်သူလည်း လင်နောက်လိုက်တတ်သည်။ နောက်ဆုံးအဆင့် . . .

ထိုသို့လည်းဖြစ်တတ်ပါသည် ♂ ♂ ♂

အမည် - မျိုးထူးထက်
ပိုးကောင်အမှတ် - ပ ◦ က ၀၀၆
အမည်ပေါက်ပိုးနည်း - ကိုယ်ပိုင်နည်း



www.foreverspace.com.mm

www.foreverspace.com.mm

**ဒီပိုးကောင်** တွေအကြောင်းရေးတော့ သူ့ကိုချစ်ထားလို့မဖြစ်ဘူး။

မျိုးထူးထက်လေ. . . ။

သူ့ပိုးနည်းကဘာပိုးနည်းမှန်းမသိဘူး။ ဒါကြောင့် မျိုးထူးထက်ပိုးနည်းလို့ပဲခေါ်ကြပါစို့။

ကိုင်းဒါဆိုမျိုးထူးထက်ပိုးနည်းလို့ အမည်ပေါက်ရလောက်အောင် စာတစ်တန်ပေတစ်ဖွဲ့ မှတ်တမ်းတင်ရလောက်အောင် သူ့ပိုးနည်းကဘာများ ပိုထူးဆန်းလို့လဲ။



www.foreverspace.com.mm

**ဟုတ်ကဲ့**တော်တော်လေးကိုထူးဆန်းပါတယ်၊ တော်တော်လေးဆိုတော်တော်လေးကိုထူးဆန်းပါပေတယ်။ ဘယ်လောက်ထိထူးဆန်းသလဲဆိုရင် ကျွန်တော်လည်း မပြောပြတတ်ဘူး။ အနီးစပ်ဆုံးပြောရရင်တော့ ခြံထဲရောက်နေတဲ့မျောက်ကို အပြင်ကင့်ဂျက်ပျောခိုင်ပြထားတဲ့အတိုင်းဆတ်ဆလူးကိုထနေတာ။ ယောက်ျားဆတ်ဆလူးမြင်ဖူးလား။ မမြင်ဖူးရင်သူ့ကို သွားကြည့် တကယ့်ယောက်ျားဆတ်ဆလူးစစ်စစ်။ ဖျပ်ဖျပ်ကိုလူး. . . လက်လက်ကိုစိန်နေတာ။ ထားပါတော့. . .။

သူ့အကြောင်းဆက်ပြောနေရင် ကုန်မှာမဟုတ်တော့ဘူး။ ဒါကြောင့်သူ့ဆတ်ဆလူးအပြုအမူပုံလေးပဲဆက်ပြောကြတာပေါ့. . . နော. . .။

သူကကောင်မလေးတွေကိုကြိုက်တဲ့နေရာမှာ ဆိုဒ်မရှိဘူး၊ လူမျိုးရေးခွဲခြားမှုမရှိဘူး၊ အသားအရောင်ကန့်သတ်မှုမရှိဘူး၊ အသက်အရွယ်လည်းမရွေးဘူး၊ ချောသည်မချောသည်လည်းမကြည့်ဘူး။ ကုန်ကုန်ပြော ရရင် ‘မ’ မှန်ရင် ထိရာအကုန်ဒိုးပဲ။ အားလုံးခံစားလို့ရတယ်။ သူ့ကိုကြိုက်လို့ ကတော့ ဘယ်သူ့မဆိုပြန်ကြိုက်ပစ်မယ်ဆိုတဲ့အစားထဲကပဲ။

အချစ်မှာမျက်စိ မပါဘူးဆိုတာ သူ့ကိုရည်ညွှန်းထားသလားမသိဘူး။ တကယ် မျက်စိ စုံမှိတ်ပြီးတော့ကို ချစ်ချင်နေတာ။

ကံကဆိုးချင်တော့သူ့ပြန်ကြိုက်မယ့်မိန်းကလေးက တစ်ယောက် တစ်လေမှကို မတစ်ယောက်မတလေဘူး။

ပြန်မချစ်နိုင်တာလည်းအကြောင်းမဟုတ်ဘူးလေ။ သူကိုယ်တိုင်ကို ကအကျင့်နဲ့ရုပ်ရည်ကလွဲရင် ဘာမှပြောစရာမရှိဘူးဆိုတဲ့ အစားထဲ ကဖြစ်နေတာ။ ဒါကြောင့် ကျွန်တော်တို့က သူ့ကိုအကျင့်နဲ့ရုပ်ရည်ကလွဲရင် ဘာအပြစ်မှပြောစရာမရှိဘူး။ ဆဲစရာပဲကျန်တယ်ဆိုပြီး ပြောနေကျ။

စဉ်းစားကြည့်လေ၊အကျင့်လည်းမကောင်းဘူး ရုပ်လည်းမချောဘူး ဆိုတော့ဘာကျန်သေးလဲ. . . အဲ. . . အသား. . အသားကတော့လှ သလားဆိုတော့ မည်းသမှ မှောင်လို့။ နေ့ခင်းကြောင်တောင်မှာတောင် တစ် ယောက်တည်းကွက်ပြီး မိုးစုန်းစုန်းချုပ်နေတာ။ အဟုတ်. . . ဘတ်စ် ကားစီးလို့ကတော့ အချိန်တိုင်း ညကြီးပိုင်းခပဲပေးစီးနေရမယ့်ကောင်။ အဲဒါဆိုဘာကျန်သေးသနည်း. . .။ ကျန်တာတောင်ဆဲစရာပဲကျန်တယ် ဆိုတော့ ကုန်ပြီ. . .။

ဒီကြားထဲ ဝတ်လိုက်မှဖြင့် မကိုးမကားချည်းပဲ။ ဘောင်းဘီ ရှည်အပွကို အပေါ်ကစွပ်ကျယ်အင်္ကျီအကျပ်နဲ့တွဲဝတ်လိုဝတ်။ နားမှာ လည်းနားကပ်အတွဲတစ်ခု အကွဲတစ်ခုကပ်လိုကပ် ဒီကြားထဲ မထင်ရင် မထင်သလို အင်္ကျီကိုပြောင်းပြန်ဝတ်တတ်သေးတာ။ ဆဲစရာကျန်တယ်ဆို တာ အဲဒါတွေကိုပြောတာ။ ဒီကြားထဲဆတ်ဆလူးက ထတာကလည်း ငါးပုတ်ခြောက်ပြား မီးပြင်းတိုက်တာကမှ ငြိမ်ဦးမယ်ဆိုတော့စဉ်းစား သာကြည့် မြင်ရင်ကို တော်ရုံတန်ရုံသမာဓိနဲ့က မဆဲမဖြစ် ဆဲချင်စရာဖြစ် နေတော့တာ. . .။

အဲ. . . ဒါပေမယ့်သူကငွေပေါတော့ အပေါင်းအသင်းတော့ များသဗျ။ ညနေစောင်းပြီဆိုမှဖြင့် သူ့အနားသောက်ဖို့စားဖို့လူဝိုင်း နေတော့တာလေ။ သူအရက်ကြိုက်ပုံကလည်းထူးဆန်းတယ်၊ ရပ်ကွက် ထဲဆိုင်အသစ်ပေါ်လို့ကတော့ သွားမသောက်နဲ့ မျိုးထူးထက်တို့က အ

ကြွေးတောင်မှတ်ပြီးပြီ. . . အဲဒီလို။

ဒါတောင်သူပြောသေးတယ်။ အရှေ့တောင်အာရှမှာ အငယ်ဆုံး အရက်သမားဆုပေးရင် သူရမှာတဲ့။ ဟုတ်လည်းဟုတ်လောက်တယ်၊ သူကငယ်ငယ်ကတည်းကအရက်ကြိုက်တာ။ မူးလာရင်လည်းဖောင်း တွေချည်း ပဲလုပ်တာ။ စကားပြောရင်ဖောင်းမယ်၊ အပြုအမူမှာဖောင်းမယ်။ ဒါ့အပြင် အဝတ်စားအသုံးအဆောင် ပကတိဖောင်းတွေကလည်း ပွံ့ပိုးမယ်။ ဒါကြောင့် ပြောတာရုပ်ရည်နဲ့အကျင့်ကလွဲရင် ဘာမှပြောစရာမရှိဘူး လို့. . .။

အဲ. . . တစ်နေ့ကျတော့သူ့ကောင်မလေးတစ်ယောက်ကိုကြိုက် ပါလေရော. . .။ ဒီတစ်ယောက်က သူ့ရဲ့ဘယ်နှယောက်မြောက်မှန်းကို မသိဘူး။ သူလည်း မှတ်မိမှာမဟုတ်ဘူး။ ဒါပေမယ့် သူ့ထုံးစံအတိုင်း အသည်း အသန်ဖြစ်နေတာ၊ ဖျပ်ဖျပ်ကိုလူးနေတာ၊ ဖလမ်းဖလမ်း ကိုထနေတာ။ ဆတ်ဆလူးကိုခါတော့တာ။

သူကြိုက်တဲ့ကောင်မလေးနာမည်က သီသီလွင်တဲ့။

ခင်တယ်။သူနဲ့လည်းခင်တယ်။ဒါပေမယ့် ဒါပေမယ့် အဲဒီကောင် မလေးကိုသူစကြိုက်တဲ့နေ့ကစပြီး ခပ်စိမ်းစိမ်းပဲနေလိုက်တော့တာ။ ပထမ အားလုံးကအံ့အားသင့်သွားတယ်။ အတူတူနေနေလျက်ကဘာလို့ခွဲထွက် သွားလဲပေါ့။ နောက်မှ သူ့အကြံကိုရိပ်မိကြတာ။ အဲဒီအချိန်ကျတော့ငတိက ကောင်မလေးနဲ့ ခတ်တိုင်နှစ်တိုင်အကွာလောက်ကနေ ဆတ်ဆလူးထပြ နေပြီ။

သီသီလွင်ဆိုတာ စိတ်ဆိုးတာပြောမနေနဲ့။ ကျောင်းမှာလည်း ဒီကောင် ဖန်ပြီဆို တန်းမရှိတော့သလောက်ခံစားရတာကိုး. . .။

'ဟာ. . . အဲဒီကောင်မလေးလား မျိုးထူးထက်တောင် လိုက်ဖူး တယ်' ဆိုသွားပြီ။ မျိုးထူးထက်တောင်လိုက်ဖူးမှတော့ ဆိုက္ကားသမားလည်း လိုက်နိုင်တယ်အဲဒီလိုမျိုး။ဆိုတော့ ကောင်မလေး ခမျာတင်းတာ ပြောမနေနဲ့။

"ဘာလဲ ဒီကောင်ဘာလုပ်တာလဲ. . . ငါ့ကိုများရာရာစစ။ ဒေါက်ဖိနပ်မှာခွေးချေးသုပ်ပြီး အခွက်ကိုခုတ်ပစ်မယ်။ သူ့ကြိုက်မယ့်အစား

www.foreverspace.com.mm

ချန်ပန်ဇီအမွေးကို မီးမြှိုက်ပြီးလဗိုက်ဝမ်းဆက်ဝတ်ပေးပြီးတွဲပြလိုက်မယ်”

စသည်ဖြင့် ပွစိပွစိဖြစ်လာတယ်။

ပြောသာပြောတာ တကယ်တမ်းကျတော့ ဘာမှလုပ်လို့မရဘူး။ ဘာလို့လဲဆိုတော့ဟိုကောင်ကသူ့နဲ့ခုံတတ်တိုင်နှစ်တိုင် အကွာလောက်မှာအမြဲရှိနေတာကိုး။ ကျောင်းဖယ်ရီစီးရင်တောင် သီသီလွင်နဲ့နှစ်စီးအကွာမှာ စီးတာ။ အဲဒီလို. . .။

သူလမ်းလျှောက်သွား ဟိုကောင်လိုက်လျှောက်တယ်၊ သူရပ်နေရင် ဟိုကောင်မီးတိုင်နှစ်တိုင်အကွာမှာရပ်နေတယ်။ သူ့ကိုကြည့်ရင်လည်းရှူးချင်ယောင်ဆောင်ပြီးမိုးပေါ်ကိုလက်ညှိုးထိုးလို့ထိုး. . . လက်နှစ်ဖက်မြှောက်ပြီး. . .

“အကျွန့်ကိုအကြည့်တစ်ချက်ပေးသနားတဲ့အတွက် ကျေးဇူးပဲကမ္ဘာမြေကြီး”

ဆိုပြီး အော်လိုအော်လုပ်နေတော့ သီသီလွင်ခမျာ သိသိကြီးကို အောင့်သက်သက်နဲ့ခံနေရတော့တာပေါ့. . .။

အဆိုးဆုံးကတော့ သီသီလွင်ရဲ့အိမ်ပြန်ချိန်ပဲ။

သူတို့အိမ်ကမြောက်ဒဂုံရဲ့ အတွင်းလမ်းတစ်နေရာမှာ။ အမှန်အတိုင်းပြောရရင် ကားလမ်းမကနေ လယ်ကွက်ကြီးနှစ်ကွက်သုံးကွက်ဖြတ်ပြန်ရတာ။ အဲဒီဖြတ်ပြန်ချိန်ဆို ငတိက လယ်ကွက်ထဲက ကြိုစောင့်နေပြီး အင်္ကျီကိုပြောင်းပြန်ဝတ် ဘောင်းဘီကိုပြောင်းပြန်ဝတ်ပြီး သီသီလွင်နဲ့ လယ်ကွက်တစ်ကွက်အကွာကနေဟိုဘက်လမ်းရောက်တဲ့အထိ သီသီလွင်ကို စေ့စေ့ကြည့်ပြီး နောက်ပြန်လျှောက်တော့တာ။မတော်တဆများ ခလုပ်တိုက်ပြီးသူလဲသွားလို့ သီသီလွင်ရယ်ရင် ကျောင်းမှာပြန်ပြောလို့မဆုံးဘူး။

“သီသီလွင်က ကျောင်းမှာသာခပ်တည်တည်နေတာ လူရှင်းတော့ရယ်ပြသဗျ. . .”

ဆိုပြီး. . .။

ဒါကြောင့် သီသီလွင်ခမျာ ဟိုကောင်ချော်လဲရင်တောင် မရယ်ရဲဘူး။

ဟိုဘက်လမ်းကိုသီသီလွင်ရောက်သွားတော့မှ သီသီလွင်တို့ အိမ်ကို မျက်နှာမူပြီး နောက်ပြန်ကြီးပြန်တာ။

ကြာတော့ ဟိုကဘယ်သည်းခံနိုင်တော့မှာလည်း၊ တွေကရာလူကို ဒီကောင်ဘာလုပ်တာလဲပေါ့။ သတ္တိရှိရင် ဒွဲဒွဲချင်းလာတွေ့ မျက်နှာချင်း ဆိုင်ရှင်းမယ်ဆိုပြီး လိုက်ကျေငြာတော့တယ်။

ဒါတောင်ငတိကအေးဆေးပဲ။ သူ့သူငယ်ချင်းတွေကို ကြွားကောင်းတုန်း။ အခြေအနေရိပ်မိတဲ့လူတွေကလည်း. . .

“ဟော့ကောင်. . . မင်းကို သီသီလွင်ကတင်းနေပြီနော် တွေ့တဲ့နေရာမှာ ရိုက်မယ်လို့ပြောနေတာ. . .”

ငတိက ထောင်ထွက်နေတဲ့သူ့အနောက်ကဆံပင်မွေးကိုသပ်ပြီး ပခုံးလေးတွန့်ခါတွန့်ခါနဲ့ ထွက်သွားတတ်တယ်။ သဘောက ဂရုမစိုက်ဘူးဆိုတဲ့ အထာမျိုးပေါ့။

ဒီလိုနဲ့သိပ်မကြာဘူး၊ သီသီလွင်ကျောင်းကို ကောင်လေးတစ်ယောက်နဲ့တွဲလာတယ်။ ပြီးတော့သူငယ်ချင်းတွေ အားလုံးကိုမိတ်ဆက်ပေးတယ်။

“ဒါ. . . သူ့ရည်းစားလေ. . .”

တဲ့. . .။

အဲဒီသတင်းကျောင်းထဲမှာ ချက်ချင်းပျံ့နှံ့သွားတယ်။ သီသီလွင်ရည်းစားရသွားပြီပေါ့။ ဒါနဲ့ သူငယ်ချင်းတွေက မျက်လုံးပြူးမျက်ဆံပြူးနဲ့ရောက်လာပြီး မျိုးထူးထက်ကိုသတင်းပေးတယ်။

“ဟော့ကောင် မင်းသီသီလွင်ရည်းစားရသွားပြီကွ. . .”

ငတိက မြန်မာဇာတ်ပို့လူရွှင်တော် ပြုံးပြုံးတယ်။

“အဟုတ်ပြောတာကွ အဲဒီကောင်နဲ့ကျောင်းထဲခေါ်လာပြီးတွဲခုတ်နေပြီ. . .”

“အဟာတ်ဟာတ်. . .”

ငတိကဖွဖွရယ်တယ်။ နောက်အားလုံးကို တစ်ယောက်ချင်းကြည့်ပြီး. . .



www.foreverspace.com.mm

www.foreverspace.com.mm



"မသိရင်မှတ်ထား အဲဒီသူခေါ်လာတဲ့ကောင်က. . . "

ငတိစကားကိုထပ်မဆက်သေးဘဲ တစ်ဖက်လှည့်လိုက်တယ်။ ပြီးတော့ လက်ဝါးနှစ်ဖက်ကို အကျယ်ကြီးဖြန့်ပြီး. . .

"သူတို့လမ်းထိပ်ကဆိုက္ကားသမားကွ . . . ဟားဟား ဟား. . . သူတို့လမ်းထိပ်ကဆိုက္ကားသမား. . . ဟားဟားဟား. . . "

ဆိုပြီးတဟီးဟီးတဟားဟားနဲ့ ခုန်ပေါက်ပြီးထွက်ပြေးသွားတော့တယ်။ အားလုံးက ဒီကောင့်ကိုအံ့အားသင့်တဲ့မျက်လုံးတွေနဲ့ကြည့်ကြတယ်။

သီသီလွင်ကျောင်းကိုဆိုက္ကားသမားတစ်ယောက်ခေါ်လာ တယ်ဆိုတဲ့သတင်း ကျောင်းထဲမှာထပ်ပြီးပျံ့လွင့်သွားတယ်။ ဒီကြားထဲ စကားစကားပြောပါများတော့ ကားထွက်လာပြီ။

သီသီလွင်က သူငယ်ချင်းတွေကိုကြွားချင်လို့ လမ်းထိပ်က ဆိုက္ကားသမားကို ငွေဆယ့်ငါးကျပ်ပေးပြီး ငှားလာတာတဲ့။

"အေးဟယ်ကြွားချင်တာများ နောက်ငွေနှစ်ဆယ်လောက်အကုန်ခံပြီး ကားစပါယ်ယာခေါ်လာတော်သေး။ ငါထင်တော့ထင်ပါတယ် သူ့ခြေသလုံးကြီး ကြီးနေကတည်းက မသင်္ကာဖြစ်နေတာ. . . "

"ဟဲ့. . အဲဒီဆိုက္ကားသမားနဲ့သီသီလွင်က တကယ်လဲမရှင်းမရှင်းတဲ့. . "

စသည်ဖြင့်စကားသံတွေပျံ့လာတယ်။ အဲဒီစကားတွေလည်း ပျံ့ရောသီသီလွင်ခမျာဆွေ့ဆွေ့ကိုခုန်သွားရောပဲ။ အမှန်တော့ သူခေါ်လာတာဘယ်ဆိုက္ကားသမားဟုတ်ရမှာလဲ။ သူတို့ရပ်ကွက်ထဲက သင်္ဘောသား။ အဲဒီသင်္ဘောသားကလည်း သူ့ကို ကြိုက်တိုက်တိုက်ဖြစ်နေတာ။ သူကလည်း ငြိတိတိနဲ့။ ဒါကြောင့် သူ့ကိုရည်းစားလိုလိုဘာလိုလိုနဲ့ခေါ်လာတာပေါ့။

ဆိုပါတော့ သင်္ဘောသားစစ်စစ်ကြီးက ဆိုက္ကားသမားဖြစ်နေတော့ သင်္ဘောသားကမကြည်ဘူးပေါ့။ သီသီလွင်ကလည်း သူ့ရည်းစားလောင်းကို နှိမ်ရမလားဆိုပြီး စိတ်ဆိုးတာပဲ။

"တောက်. . . ငါ့လိုသင်္ဘောသားကို ဆိုက္ကားသမားလို့ပြောရ

www.foreverspace.com.mm

အောင် အဲဒီကောင်ဘာကောင်မို့လဲ. . . ”

နှစ်ယောက်လုံးတစ်ယောက်တစ်နည်းနဲ့ မျိုးထူးထက်ကိုလှည့်ပတ်ရှာနေတော့တာ။ အဲဒီတစ်ပတ်လုံး မျိုးထူးထက်ကျောင်း မတက်ဘူး။ ခြေရာဖျောက်နေတဲ့သဘောပေါ့။ ဒါနဲ့ မတွေ့ဘူးလား ဆိုတော့တွေ့တယ်။ တွေ့တာမှလှလှပပကိုတွေ့တာ။ ကျောင်းထိပ်လက် ဖက်ရည်ဆိုင်မှာ မျိုးထူးထက် လက်ဖက်ရည်သောက်နေတုန်း ဒီလူဒေါကြီး မောကြီးနဲ့ရောက်လာပြီး လက်ဖက်ရည်ဆိုင်မှာ ဟေးလားဝါးလားလုပ်နေတဲ့ မျိုးထူးထက်ရဲ့ကုတ်ကို ကွိခနဲဆွဲလို့. . .

“ဟေ့လူ. . . ခင်ဗျားမဟုတ်လား ကျုပ်ကိုဆိုက္ကားသမားလို့ ပြောတာ ကျုပ်ဆိုက္ကားသမားမဟုတ်ဘူးဗျ သင်္ဘောသားဗျ သင်္ဘောသား လက်မှတ်တောင်ပါသေးတယ် ဒီမှာကြည့်. . . ဟွင်း. . . ”

မျိုးထူးထက က လက်ဖက်ရည်အသောက်မပျက်ဘဲ လက်ကာပြပြီး. . .

‘အေးအေးဆေးဆေးထိုင်ပါဦးအစ်ကိုရာ. . . ”

ဆိုတော့ဟိုလူကအူကြောင်ကြောင်နဲ့ သူ့စားပွဲမှာဝင်ထိုင်လိုက်ရတယ်။ အဲဒီတော့မှငတိက. . .

“အစ်ကိုဘာလုပ်လဲကျွန်တော်မသိဘူး. . . ”

“ဒါဆိုဘာလို့ဆိုက္ကားသမားလို့ပြောတာလဲကွ. . . ဟေ”

သူ့ဒေါသတကြီးစကားကို မျိုးထူးထက်ကသက်ပြင်း တစ်ချက်ချလိုက်ပြီး. . .

“သီသီလွင်ကပြောတယ်. . . ”

“အင်”

သီသီလွင်ကပြောတယ်ဆိုတော့ ဟိုလူမျက်လုံးပြူးပြီးကြောင်တောင်တောင်ဖြစ်သွားတယ်။ ဒါကိုမျိုးထူးထက်ကသက်ပြင်းထပ် ချလိုက်ပြီး. . .

“ပြောလို့မကောင်းပါဘူးအစ်ကိုရာ. . . ”

ဆိုပြီး စကားစဖြတ်လိုက်တော့ ဟိုလူမရိုးမရွဖြစ်သွားပြီး. . .

"ပြောပါကွာညီလေးရာ ဒင်းကဘာပြောသလဲဆိုတာ. . ."

"ဘာပြောလို့လဲ. . . ပြောလိုက်စမ်းပါ သီသီလွင်ကဘာပြောလဲဆိုတာ"

မျိုးထူးထက်ကဟိုလူ့ကို မျက်စောင်းထိုးကြည့်တယ်ဆိုရုံလေးကြည့်ပြီး

"စိတ်ခိုင်ခိုင်ထားပါ. . နော်. . အစ်ကို. ."

"ထားပါတယ် ထားပါတယ်. . . သူဘာပြောလိုက်လဲပြောစမ်းပါ. . . ပြောလိုက်စမ်းပါ. . ."

သူ့အမေးကို မျိုးထူးထက်ကမျက်မှောင်ကြုတ်လိုက်တယ်။ ပြီးတော့ အေးအေးဆေးဆေးဘဲ စားပွဲကိုလက်နဲ့ခေါက်ပြီး. . .

"အင်း. . . ဘာပြောလဲဆိုတော့. . ."

စကားကိုထပ်မဆက်ဘဲ ဟိုလူကိုမျက်စောင်း ထိုးကြည့်ပြန်တယ်. . .။ ပြီးမှ ဟိုလူကိုလက်ညှိုးမခို့တရို့ထိုးပြီး. . . တိုးတိုးလေး. . .

"စိတ်ခိုင်ခိုင်ထားနော်. . ."

"ထားပါတယ်ဆို. . ."

ဟိုလူကသိချင်နေပြီဆိုတော့ ခေါင်းကိုကမန်းကတမ်းငြိမ့်ပြီးပြောတယ်။

မျိုးထူးထက်ကသူများတွေမကြားစေချင်တဲ့ပုံစံမျိုးနဲ့ ဘေးဘီကိုဝေ့ကြည့်တယ်။ ပြီးမှ သဘော်သားနားခေါင်းတိုးကပ်ပြီး လက်ယပ်ခေါ်တယ်။ ဟိုလူကလည်း ဘုမသိဘမသိနဲ့ သူ့နောက်ကိုကျောမလုံသလိုနဲ့ကြည့်ပြီး မျိုးထူးထက်နားကပ်သွားတယ်။ မျိုးထူးထက်က လေသံနှိမ့်ချပြီး . . .

"ကျွန်တော်သူ့ကို ရည်းစားစကားပြောဖူးတယ်. . ."

"အဲဒီတော့. . ."

သူကတိုးတိုးလေးပြန်ပြောတယ်။

"အင်း. . . နင့်ကိုပြန်ကြိုက်မယ့်အစား. . ."

မျိုးထူးထက်က ဘေးဘီကိုဝေ့ကြည့်ပြီး ဆတ်ခနဲနောက်ဆုတ်လို့ရင်ခေါင်းသံကြီးနဲ့. . .



www.foreverspace.com.mm

www.foreverspace.com.mm


"ဆိုက္ကားသမားပဲပြန်ကြိုက်မယ်တဲ့. . ."

"အယ်. . ."

"အဲဒီတော့ ကျွန်တော့်ကိုမကြိုက်ဘဲ အစ်ကို့ကိုကြိုက်လိုက်တော့ သူ့စကားအတိုင်း အစ်ကို့ကိုဆိုက္ကားသမားပဲထင်တာပေါ့ မဟုတ်ဘူးလား၊ ကျွန်တော့်ကို ကြိုက်မယ့်အစား ဆိုက္ကားသမားပဲကြိုက်မယ်ဆိုတာကိုး. . ."

"ဟမ်. . ."

ဟိုလူဘာပြောလို့ပြောရမှန်းမသိဖြစ်သွားတယ်။ မျိုးထူးထက်ပြောတော့လည်းသူ့မှာအပြစ်မရှိသလို၊ ဟိုလူပါကြောင်သွားပြီး . . .

"ဟင်. . . သူအဲဒီလိုပြောလား. . ."

ဆိုပြီးမေးတယ်။ ဒါကိုငတိကရင်ကော့ပြီး စားပွဲခုံကိုလက်နဲ့ပုတ်ပြီး အားတက်သရောနဲ့. . .

"ဒါတင်ဘယ်ကမှာလည်းအစ်ကိုရာကျွန်တော် အစ်ကို့ဘက်ကနာလို့ပြောတာ. . . သူပြောတာရှိသေးတယ်. . ."

မျိုးထူးထက်စကားကြောင့် ဟိုလူကြောင်ပြီး သူ့ခေါင်းကိုသူကုပ်ကာ. . .

"ဘာပြောသေးလဲလို့. . . ဟင်"

မျိုးထူးထက်အရေးကြီးတဲ့ပုံစံမျိုးနဲ့ ဘေးဘီကိုဝေ့ကြည့်တယ်။ ပြီးတော့ သူ့ခေါင်းကို ဟိုလူနားနားကပ်ပြီး လေသံတိုးတိုးနဲ့. . .။

"သူကပြောထားသေးတယ်. . . နင့်ကိုယူမယ့်အစားတဲ့. . ."

"အင်း. . ."

"ချန်ပန်ဇီအမွေးကို မီးမြိုက်ပြီး လဗိုက်ဝမ်းဆက်ဝတ်ပေးပြီး ယူပစ်မယ်တဲ့. . ."

"ဟား. . ."

"အဲဒီတော့ အစ်ကိုသူ့ကိုယူရင်ဘာဖြစ်သွားမလဲ. . ."

"ချန်ပန်ဇီ. . . ဟင်. . . ချန်ပန်ဇီမီးမြိုက်ကြီး. . အီး. . ."

"ဒါပဲပေါ့အစ်ကိုရာ မီးမြိုက်ခံထားရတဲ့ ချန်ပန်ဇီကြီးပေါ့. . . မဟုတ်ဘူးလား. . ."

www.foreverspace.com.mm

"အင်. . . အင်း. . ."

ဟိုလူကြောင်တောင်တောင်နဲ့ခေါင်းညိတ်တယ်။ နောက်မျက်မှောင်ကြုတ် လက်ညှိုးတစ်ချောင်းတည်းလေထဲဝေ့ပြီး. . .

"သူ့ကိုကြိုက်ရင်ဆိုက္ကားသမား. . . သူ့ကိုယူရင်ချန်ပန်ဇီ. . . သူ့ကိုကြိုက်ရင်ဆိုက္ကားသမား. . . သူ့ကိုယူရင် ချန်ပန်ဇီ. . ."

ပတွတ်ပတွတ်နဲ့ရေရွတ်ပြီး သူ့တင်ပါးသူပြန်စမ်းကြည့်တယ်။ သူ့စိတ်ထဲ အမြီးထွက်လာသလိုခံစားရလို့နဲ့တူတယ်။ နောက်သူ့ရှေ့ကမျိုးထူးထက်ကိုပြန်ကြည့်တယ်။ ဒါကို မျိုးထူးထက်ကမြိန်မြိန်ကြီးပြုံးပြီး. . .

"ကဲ. . . အစ်ကိုဘယ်လမ်းရွေးမလဲ. . ."

ဟိုလူခေါင်းကုပ်တယ်. . .။

"အစ်ကို သူ့ကိုယူရဲယူကြည့်. . . ယူတာနဲ့အစ်ကို့ကိုကျွန်တော်ချန်ပန်ဇီမီးမြှိုက်လို့ပဲခေါ်မှာ. . . လမ်းမှတွေ့ရင်တောင် ကိုချန်ပန်ဇီမီးမြှိုက်ဘယ်သွားမလို့လဲဗျ ဆိုပြီးတော့ နှုတ်ဆက်တော့မှာ. . . ဟုတ်တယ်နော် "

ဆိုတော့ ဟိုလူဘယ်လိုနေရမှန်းမသိတော့။

"ဟာဗျာ. . . ခင်ဗျားကလည်းဗျာ. . ."

ဆိုပြီးထထွက်ပြေးသွားတော့တာ။ မျိုးထူးထက်ကတော့ အေးဆေးပဲ တဟီးဟီးတဟားဟားနဲ့ ဆိုင်မှာခန့်ခန့်ကြီးနဲ့နန့်နန့်ကြီးကျန်ခဲ့တယ်။

အဲဒီသတင်းလည်းကြားရော သီသီလွင်သည်းမခံနိုင်တော့ဘဲ မျိုးထူး ထက်ရှိရာသို့ ဒုန်ဆိုင်းချပြီးလိုက်လာတာ။ တွေ့တယ် မျိုးထူးထက်ကိုတွေ့တယ်။ ဒါပေမယ့် မီးတိုင်နှစ်တိုင်ကွာလောက်မှာ တွေ့တာ။

"ဟဲ့. . မသာ. . ."

မျိုးထူးထက်ကိုတွေ့တာနဲ့ သီသီလွင်အော်ပြီး အရှေ့ကမီးတစ်တိုင်နားတိုးသွားတယ်။ ဟိုကောင်ကလည်း နောက်မီးတိုင်တစ်နားကိုပြေးကပ်တယ်။

"နင်. . နင်. . . ကိုဗေဒါ့ကိုဘာပြောလိုက်လဲ. . ."

သီသီလွင်ရဲ့အော်သံကြောင့် ဖြတ်သွားဖြတ်လာလူတွေ ဝေ့ကြည့်

ကြတယ်။ ဟိုကောင်ကတော့ ဘာမှမသိသလိုနဲ့ ခေါင်မိုးပေါ်ကြည့်လိုက် အဝေးကြီးကို တွေတာပြလိုက်လုပ်နေတယ်။

"နင်အဲဒီမှာရပ်နေစမ်း. . ."

ဆိုပြီး သီသီလွင်ဟိုကောင်ရပ်နေရာကိုပြေးသွားတယ်။ ဒါပေမယ့် မျိုးထူထက်ပဲသိတယ်မဟုတ်လား။ ဘတ်ခနဲနောက်မီးတိုင်တစ်တိုင် နောက်ပြေးသွားပြီး မီးတိုင်ကိုဖက်ထားလိုက်တယ်။ ကရော်ကရော်လုပ် လိုက်သေးတယ်။

"ဟဲ့ ရပ်နေလို့ပြောနေတာမရပ်ဘူးလား. . ."

သီသီလွင်ထပ်တိုးသွားတယ်ဟိုကောင်ကလည်း ထပ်ဆုပ်သွား တယ်။ သူတို့ပုံက မသိရင်ကလေးတွေ တိုင်ဖက်တန်းကစားနေသလို ဖြစ်နေတယ်။

ကြာလာတော့ သီသီလွင်ရှက်လာတယ်။ ဟုတ်တယ်လေ သူက မိန်းကလေးကိုး။ လူတွေကသူ့ကိုဝိုင်းကြည့်နေကြတာပေါ့။ မျိုးထူးထက် ကိုလည်းဘယ်လိုမှမမီဘူး။အော်ပြောရမှာကလည်းရှက်စရာကြီး။ ယောကျ်ား ခြေလှမ်းနဲ့မိန်းမ ခြေလှမ်းကွာတာကိုး။ နောက်ဆုံးဘယ်လိုမှ မမီတော့တဲ့ အဆုံး. . .

"နင်. . . နင်တစ်နေ့ငါနဲ့တွေ့မယ်. . ."

ဆိုပြီး ဇောက်ဇောက်ဇောက်ဇောက်နဲ့ ထွက်ချသွားတယ်။ မျိုးထူးထက်ကတော့သိတယ်မဟုတ်လား. . . သီသီလွင်သွားရာနောက်ကို နှစ်တိုင်အကွာက နေလိုက်လာတုန်း. . .။

ဒီလိုနဲ့အဲဒီအဖြစ်အပျက်တွေဖြစ်ပြီး လေးငါးရက်လောက် ကြာတော့ သူငယ်ချင်းတွေက သီသီလွင်ကိုဖျောင်းဖျတာပေါ့။

"နင်ကလည်းဟယ် မျိုးထူးထက်က နင့်ကိုတကယ်ချစ်လို့နေ မှာပေါ့ဟာ. . ."

"ဟုတ်ပါတယ်ဟယ်. . . သူတကယ်ချစ်လို့ ပြောမိပြောရာပြော လိုက်တာနေမှာပေါ. . ."

"သူ့ခမျာသနားပါတယ်ဟာ. . . နင်သွားရာတကောက်ကောက်နဲ့



www.foreverspace.com.mm

www.foreverspace.com.mm



လိုက်နေရှာတာ. . .”

စသည့်ဖြင့်ဝိုင်းပြောကြတော့ သီသီလွင်နည်းနည်းပျော့လာတယ်။ မပျော့လို့လည်းမဖြစ်ဘူးလေ ဟိုသင်္ဘောသား ကိုဗေဒါနဲ့ကပြတ်ပြီးပြီကိုး။ သင်္ဘောသားကလည်းမျိုးထူးထက်ရန်ကြောက်တာနဲ့ပဲ မကြိုက်ရဲမယူရဲဖြစ်သွားလေရဲ့။

ဒါကြောင့် ဘာမှပြန်မပြောဘဲနေလိုက်တော့တာ။ ဒီလိုနဲ့သီသီလွင်ရဲ့အနေအထားကမရမဲ့အတူတူ မျိုးထူးထက်ပဲ မျက်နှာသာပေးရမဲ့အနေအထားရောက်လာတယ်။ မျိုးထူးထက်လည်း အခြေအနေကောင်းနေပြီမို့ နှစ်တိုင်ကွာကနေ တစ်တိုင်ကွာကိုတိုးလာတယ်။ သီသီလွင်က ဘာမှမပြောဘူး၊ မျက်နှာပေါ်မှာလည်း ကြည်ဖြူတဲ့အရိပ်အယောင်တွေမြင်ရတယ်။ တစ်ခါတလေ တခြားသူငယ်ချင်းတွေနဲ့ စကားပြောနေရင်း မျိုးထူးထက်ဘက်လှည့်ကြည့်တတ်နေပြီ။ မျိုးထူးထက်ပျောက်နေရင်လည်း လိုက်ရှာတတ်နေပြီ။ ဟိုကောင်ကလည်းသိတယ်မဟုတ်လား။ အခြေအနေကောင်းမှန်းသိတော့ ပိုလို့တောင် ဆတ်ဆလူးထပြနေသေးတယ်။ အင်္ကျီဘောင်းဘီပြောင်းပြန်ဝတ်ပြီး သီသီလွင်ရှေ့ဖြတ်လျှောက်ပြတာမျိုး ‘ချွတ်ချွတ်’ ဆိုအသံပြုပြီး မသိချင်ယောင်ဆောင်နေတာမျိုးတွေပေါ့။ အဲဒီအချိန်အခါမျိုးတွေဆို သီသီလွင်က ပြုံးနေတတ်သေးတယ်။

ဒီလိုနဲ့နောက်တစ်ဆင့်တိုးလို့ မျိုးထူးထက်အနားကပ်လာတယ်။ အဲဒီနေ့ သီသီလွင်အပြုံးပန်းတွေအပွင့်ဆုံးနေ့လို့တောင်ပြောလို့ရသေးတယ်။ တစ်နေကုန်ကြည်နူးပြီးကိုနေတော့တာ။ သူတို့နှစ်ယောက်ဘာစကားမှ တော့မပြောသေးဘူး။ သူငယ်ချင်းတွေအားလုံးလည်း သူတို့အတွဲကိုကြည့်ပြီး ကျေနပ်နေကြတယ်။ ညနေကျောင်းဆင်းလို့အိမ်ပြန်တော့လည်း မျိုးထူးထက်က ဘာမဆိုင်ညာမဆိုင်နဲ့ သီသီလွင်တို့ ဖယ်ရီကြီးတက်စီးသွားတယ်။ တချို့ကလည်း သူတို့နှစ်ယောက်ချစ်သူဖြစ်သွားကြပြီလို့သတ်မှတ်ကြတယ်။

သီသီလွင်တို့အိမ် လယ်ကွင်းနားရောက်တော့ ကားရပ်ပေးလိုက်တယ်။ နှစ်ယောက်လုံးပခုံးချင်းယှဉ်ပြီး ကားပေါ်ကဆင်းသွားကြတယ်။ နှစ်ယောက်လုံး ပြိုင်တူဆင်းမိတော့ ကားတံခါးပေါက်မှာ ညပ်နေတယ်။

www.foreverspace.com.mm



သီသီလွင်ကလက်မှာကိုင်ထားတဲ့ထမင်းချိုင့်ကိုတောင် ပြောင်းကိုင်လိုက်သေးတယ်။ ဒါတောင်နှစ်ယောက်လုံးပုခုံးချင်းအတော်ထိပြီးမှဆင်းလို့ရတာ။

သူတို့နှစ်ယောက်အောက်ရောက်တော့ ကားက 'ဝူး' ခနဲမောင်းထွက်သွားတယ်။ ကားပေါ်ကသူငယ်ချင်းတွေအားလုံးက သံပြိုင်နဲ့. . .။

"အောင်မြင်ပါစေ. . ."

နှစ်ယောက်လုံးပြုံးပြီးလက်ပြကြတယ်။ ပြီးတော့သီသီလွင်အိမ်သွားဖို့ ဖြတ်ရတဲ့လယ်ကွင်းဆီ။

နှစ်ယောက်လုံးဘာစကားမှမပြောကြဘူး။ တစ်ယောက်ကို တစ်ယောက်ခိုးကြည့်ပြီး ပြုံးကြတယ်။ ဟိုကောင်ကလည်း ဘယ်အချိန် ဘာစကားပြောရမယ်ဆိုတာ ရင်တုန်ပန်းတုန်နဲ့ စဉ်းစားလာပုံရတယ်။ အသံကိုတိတ်အံကိုကြိတ်လို့။

ကွင်းအလယ်လည်းရောက်ရောသီသီလွင်က ဟိုဘက်ကိုမရောက်စေချင်တဲ့သဘောနဲ့ ခြေလှမ်းအရှိန်လျှော့လိုက်တယ်။ ဟိုကောင်က လည်းလိုက်လျှော့တယ်။ လယ်ကွင်းအလယ်ရောက်တော့ သီသီလွင်ခြေလှမ်းကိုရပ်လိုက်တယ်။ ပြီးတော့ တစ်ယောက်ကိုတစ်ယောက်မျက်နှာချင်းဆိုင်လိုက်တယ်။ လယ်ကွင်းက လေတဖြူးဖြူးတိုက်နေတယ်။ လယ်ကွင်းအလယ်မှာရပ်နေတဲ့ သူတို့နှစ်ယောက် ကိုကြည့်ရတာ ဂျပန် Love seen ကိုကြည့်နေရသလိုပဲ။ အဝတ်အစားတွေကလေတိုက်တိုင်း လိုက်လွင့်နေတော့လွတ်ကြည့်ကောင်းပေါ့။ သူတို့နှစ်ယောက်ရဲ့ကြားထဲမှာမှ ဝင်ခါနီးနေလုံးကြီးက လိမ္မော်ရောင်လိမ်းကျံထားတာတွေ့ရမယ်။

"နင်ဟိုလူကြီးကိုပြောလိုက်တဲ့စကားတွေကို ငါသိပ်သဘောကျတယ် မျိုးထူးထက်. . ."

သီသီလွင်က ပြုံးပြီးပြောတယ်။ မျိုးထူးထက်ကရှက်ကိုးရှက်ကန်းအမူအရာနဲ့ လက်နှစ်ဖက်ယှက်လိုက်ပြီး. . .

"ဒါတောင်ဖြစ်သလိုပဲပြောလိုက်တာပါ. . . အချစ်စိတ်ကသင်ပေးတာပေါ့ဟာ. . ."

သူ့စကားကြားတော့ သီသီလွင်ရယ်တယ်။

www.foreverspace.com.mm

"နင်အဲဒီလိုပြောလိုက်မှ ငါလည်းဘယ်ဘဝရောက်သွားတယ် ဆိုတာသိလိုက်ရတယ်. . ."

"ထားလိုက်ပါဟာ အခုမှ အချိန်တွေက ရုပ်ရှင်ဇာတ်ကားတစ်ကား ရဲ့ စာတန်းထိုးရမယ့်အချိန်လောက်ပဲရှိသေးတယ်. . ."

မျိုးထူးထက်စကားပြောလိုက်တိုင်း သီသီလွင်တခစ်ခစ်နဲ့ရယ် တယ်။ နှစ်ယောက်လုံးကတော့ မလှုပ်ကြသေးဘူး။

"အေးလေ. . . ဟုတ်ပါပြီး ငါကသိပ်ဉာဏ်ကောင်းတဲ့နင့်ခေါင်း



ကိုဂုဏ်ပြုချင်လို့. . ."

သီသီလွင့်စကားကြောင့် မျိုးထူးထက်ကြောင်သွားတယ်။ နောက်မှ မဝံ့မရဲနဲ့. . .

"ဘယ်လိုပြုမှာလဲဟင်. . ."

"ဟောဒီလိုပြုမှာ. . . ဟောဒီလို. . ."

စကားသံနဲ့အတူ သီသီလွင်လက်ထဲကထမင်းချိုင့်ကြီး လေထဲ မြောက်တက်လာတာတွေ့ရတယ်။

"ကဲဟာ. . ."

"ခွမ်း. . ."

သူ့ထမင်းချိုင့်က ဥဂဏ်ကောင်းတဲ့ မျိုးထူးထက်ခေါင်းပေါ် တည့်တည့်ကျသွားတယ်။ ထိချက်ကလည်းမှန် အားကလည်းသန်တော့ မျိုးထူးထက်ဦးထုပ်တောင် လွင့်ကျသွားတယ်။ဟိုကောင်ဦးထုပ်ကိုကြည့်လိုက် သီသီလွင့်ကိုကြည့်လိုက်နဲ့ ကြောင်တောင်တောင်ဖြစ်နေတယ်။

ဒါကိုသီသီလွင်က အံကြိတ်ပြီး. . .

"ငါ့ကိုအရှက်ကွဲအောင်လုပ်တဲ့ကောင် ဒါမျိုးဖြစ်အောင်စောင့် နေတာကြာပြီ. . . ကဲဟာ. . ."

"ခွမ်း. . ."

သုံးဆင့်စတီးချိုင့်ကြီးမျိုးထူးထက်ရဲ့ခေါင်းပေါ် ထပ်ကျလာတယ်။ ဒီတော့မှ မျိုးထူးထက်လည်း သီသီလွင်ရဲ့ အကြံကိုသိသွားပြီးလှည့်ထွက် ပြေးသွားတယ်။

"ဟိတ်. . . မပြေးနဲ့. . ."

သီသီလွင်က မျိုးထူးထက်အင်္ကျီကိုဆတ်ခနဲ ဆွဲထားလိုက်ပြီး .

"ဒီလိုပြေးမယ်ဆိုတာငါသိလို့ ဒီလယ်ကွင်းထဲကိုခေါ်လာတာ ကဲဟာ"

"ခွမ်း. . ."

"ခွမ်း. . ."

"အောင်မလေးသေပါပြီ အမေရဲ့. . ."

စတီးချိုင့်ကြီး မျိုးထူးထက်ခေါင်းပေါ် ဆက်တိုက်ချနေတယ်။ ဟိုကောင် သီသီလွင်လက်ထဲက လွတ်အောင်ရုန်းပြီးပြေးတယ်။ သီသီလွင် ကလည်း မိအောင်ဆွဲထားပြီး ဆော်တယ်။ နှစ်ယောက်သား လယ်ကွင်း အလယ်မှာ ရုန်းရင်းဆန်ခတ်နဲ့ ဖုန်တွေတောင် တထောင်းထောင်းထနေ တယ်။ ကြာတော့ဟိုကောင် မျိုးထူးထက်လည်းမခံနိုင်တော့ဘူး။ သီသီ လွင်ဆွဲထားတဲ့အင်္ကျီကို ချွတ်ပြီးကိုပြေးရတော့တာ။

"ဟေ့ကောင်မပြေးနဲ့. . ."

www.foreverspace.com.mm

သီသီလွင်ကရင်ခေါင်းသံကြီးနဲ့အော်လို့ လုံချည်မပြီးပြေးလိုက်တယ်။

"ပြေးမှာပဲ. . . ပြေးမှာပဲ. . ဟင့်. . ရိုက်တုန်းကရိုက်ပြီး ပြေးမှာပဲ. . . ပြေးမှာ. . ."

ဆိုပြီးဟိုကောင်မှုန်နေအောင်သုတ်တော့တာ။ ဟိုကောင့်ကို မမီနိုင်မှန်းလည်းသိရော သီသီလွင်လက်ထဲကထမင်းချိုင့်ကို လွှတ်ချလိုက်ပြီး. . .

"ဩော်. . . နင်က. . မပြေးနဲ့ဆိုတာကိုပြေးတာပေါ့လေ. . . တွေ့ကြသေးတာပေါ့ နင်ဒီလိုလုပ်မယ်မှန်းသိလို့ ဒါဆောင်လာတာ. . ."

ဆိုပြီး လွယ်အိတ်ထဲကိုလက်နှိုက်ပြီးထုတ်လိုက်တယ်။

"လေးခွ. . ."

ပြောင်လက်နေတဲ့ကျွဲချိုလေးခွ။ သီသီလွင်လေးခွထဲလေးသီးထည့်လိုက်ပြီး. . .

"ဟဲ့ မသာ ပြေးနိုင်မှလွတ်မယ်မှတ်. . . ကဲဟာ. . ."

လေးသီးကဝှီးခနဲနေတာ။ ထိချက်ကလည်းကွက်တိပဲ။ ဟိုကောင့်ခေါင်းကို 'ကတောင်' ခနဲမှန်တာ။

"အောင်မလေး သေပါပြီးအမေရဲ့. . ."

"ဟော့ကောင်မသေနဲ့ဦး. . . ဒီမှာနောက်တစ်လုံးလာပြီ. . . ကဲဟာ"

"ဝှီး. . ."

"ကတောင်"

"အမေရဲ့ကွဲပါပြီဗျ. . ."

"မကွဲနဲ့ဦး. . . နောက်တစ်လုံးလာပြီ. . ."

"ကတောင်"

"အောင်မလေးအမေရဲ့ ဖြောင့်လိုက်တဲ့လက်ဗျာ ရော်ဗင်ဟုထက်တောင်ဖြောင့်သေးတယ်သဗျ. . ."

ကြာတော့ မျိုးထူထက်အဖြောင့်ပြေးလို့မရတော့ဘူး။ မြွေလိမ်မြွေကောက်ပြေးရင်း လယ်ကွင်းအစပ်ရောက်အောင်သွန်ရတော့တာ။ အဲ

လယ်ကွင်း အစပ်တောင်မဟုတ်ပါဘူး သူ့အိမ်အထိ မြွေလိမ်မြွေကောက်။ သူ့အိမ်ရောက်တော့ မနည်းနှာနပ်ယူရတယ်။ ဖုတ်လိုက်ဖုတ်လိုက်ဖြစ်နေလို့ လေ. . .။

အဲဒီကတည်းကကိုယ့်လူမျိုးထူးထက် ဆတ်ဆလူးမထရဲတော့ဘူး။ နောက်မှသိရတာက. . .။

သီသီလွင်သူ့ကိုဆုံးမချင်လို့ အချိုသပ်ပြီးပြန်ပေါင်းလိုက်တယ် ဆိုတာပဲ။ ဒီအတိုင်းမျက်နှာမာကြီးနဲ့နေရင် ဟိုကောင်ကမီးတိုင်နှစ်တိုင် အကွာကနေ အနားမကပ်လို့တဲ့လေ။ ဒါကြောင့် ကြည်ဖြူဟန်နဲ့ ရယ်ပြပြီး ဟိုကောင်အနားကပ်အောင်လုပ်ခဲ့တာ။ အနားလည်းကပ်ရော လယ်ကွင်းထဲ ခေါ်ပြီး ဆော်တော့တာ။ ပြေးလို့လည်း မလွတ်တဲ့နေရာ။ ပုန်းလို့လည်းမ ရတဲ့နေရာကို အကြံကြီးကြီးနဲ့ကိုရွေးချယ်ခဲ့တာ။ ပိုပြီးအကြံကြီးတာက သီသီလွင် အဲဒီအတောအတွင်း လေးခွပစ်ကျင့်ခဲ့တယ်ဆိုတာပါပဲ. . .။

ဝ ဝ ဝ



www.foreverspace.com.mm

www.foreverspace.com.mm



**လက်ဆောင်** ပေးတယ်ဆိုတာ၊ ဘယ်နိုင်ငံ၊ ဘယ်လူမျိုး၊ ဘယ်ဒေသမှာပဲဖြစ်ဖြစ်၊ မရှိမဖြစ်လိုအပ်ပါတယ်။ တချို့ကလည်း၊ ဆရာသမားကို တချို့ကလည်း မိဘကို တစ်ချို့ကလည်းချစ်သူကို၊ တစ်ချို့ကလည်း သူငယ်ချင်း ကိုစသည်ဖြင့်ပေါ့။

လက်ဆောင်ပေးတယ်ဆိုတဲ့ အဓိပ္ပါယ်ကတော့ ရှင်းရှင်းလေးပါ။ ကိုယ့်ရဲ့ရှိသေလေးစားချစ်ခင်မှုကို ပုံစံတစ်မျိုးနဲ့ဖေါ်ပြလိုက်တာပါပဲ . . . ။ အဲ. . . တချို့ကတော့ အဲလိုမဟုတ်ပေါင် လက်ဆောင်ကိုဗန်းပြပြီး တစ်ခြားတစ်နည်းနဲ့အသုံးချတာ . . . ။ အထက်လမ်းတို့၊ အောက်လမ်းတို့၊ အရှေ့ပေါက်တို့၊ အနောက်ပေါက်တို့ စသည်ဖြင့်ပေါ့။

ကျွန်တော်တို့တော့မသိပေါင်၊ ကြားဖူးတာ ပြောရတာပါ။

www.foreverspace.com.mm



www.foreverspace.com.mm




အမည် - မိုးထဝဏ်နှင့် အခြား

ပိုးကောင်အမှတ် - ပ • က ၀၀၇

အမည်ပေါက်ပိုးနည်း - လက်ဆောင်ပေးနည်း

www.foreverspace.com.mm

**ကျွန်တော့်**သူငယ်ချင်းစာရေးဆရာတစ်ယောက်လည်းရှိတယ်။ သူကရပ်ကွက်ထဲ ကွမ်းယာရောင်းတဲ့ကောင်မလေးတစ်ယောက်ကိုကြိုက်တာ၊ ကွမ်းယာရောင်းတယ်ဆိုပေမယ့်အထင်မသေးနဲ့ဗျ။ ရပ်ကွက်ထဲမှာ အဲဒီကောင်မလေးက အချောဆုံးရယ်။ အဲဒါကိုကိုယ့်ဆရာက သူ့ဝတ္ထုပါတဲ့ဂျာနယ်လေးကိုလက်ဆောင်သွားပေးတယ်။ ဟုတ်တယ်လေ . . . စာရေးဆရာဆိုတော့ ဂုဏ်ယူပြီး ပေးစရာဆိုလို့ကိုယ်ရေးထားတာလေးပဲရှိတာ။

အဲသည်လိုပေးပြီးနောက်နေ့ကျတော့သွားမေးတယ် . . .။

"ဘယ်လိုနေလဲအစ်မကောင်းလား. . ."

ပေါ့ . . .။

ဟိုကဘာပြန်ပြောတယ်မှတ်သတုံး

"အင်းမောင်လေးရယ် . . . ကောင်းတော့ကောင်းပါတယ် . . . ဒါပေမယ့်လေ . . . အတွင်းစာရွက်တွေက စာရွက်သားမကောင်းဘူးလေ ထုပ်လိုက်ရင်ရေပေါက်တော့ ကွမ်းထုပ်ရတာသိပ်အဆင်မပြေဘူး။ အဲ. . ဒါပေမယ့်မျက်နှာဖုံးကတော့ စာရွက်ထူတော့သိပ်ထုပ်လို့ကောင်းတာမောင်လေးရဲ့ . . . အဟဲ . . . နောက်မောင်လေးကြုံရင်လည်းများများယူခဲ့ပေး

www.foreverspace.com.mm

ဦးနော် မမကွမ်းထုပ်ချင်လို့ . . . ”

တဲ့ . . . ။ကဲ . . . ။

စာမဖတ်တတ်တဲ့သူကိုမှ စာသွားပေးတော့၊ ဟိုကကွမ်းထုပ်ပစ်တာပေါ့။ အခုကျုပ်တို့လည်းကွမ်းဝယ်စားရင်း ကွမ်းထုပ်တဲ့စာရွက်နဲ့ စာမျက်နှာကြည့် ကြည့်နေရတယ်။ ဘယ်အချိန်ကိုယ့်လက်ရာကြီး တနင့်တပိုးနဲ့ပါလာမလဲလို့။ အိုး . . . ပါပြီးမှဘာလုပ်လို့ရတော့မှာတုန်း၊ ကွမ်းတောင်ကိုင်ကဖြစ်ပြီးနေပြီ။ ဘာတတ်နိုင်တော့မှာတုံး . . . နေ့ . . . ။ ထားပါတော့ အဲဒီကွမ်းတောင်ကိုင်ကိစ္စပြောနေရင် ဆုံးတော့မှာမဟုတ်ဘူး။ ကိုယ့်အရင် ကွမ်းတောင်ကိုင်ဖြစ်ဖူးသူတွေလည်း နည်းမှမနည်းကိုး . . ။

အခု ကျွန်တော်ပြောပြမှာက လက်ဆောင်တွေအများကြီးပေးတတ်တဲ့ သူငယ်ချင်းတစ်ယောက်အကြောင်း။ သူ့နာမည်ကမိုးထဝဏ်တဲ့။

နာမည်ကခေတ်ဆန်သလောက် လူကလည်းခေတ်ဆန်တယ်။ ဂျင်းဘောင်းဘီအကြော့နဲ့ မော့တော့မော့တော့နေတာ။ နောက်ပြီး လောကမှာ အထိမ်းအမှတ်နေ့ဘယ်လောက်ရှိတယ်ဆိုတာ သူ့လောက်သိတဲ့လူရှိမယ်မထင်တော့ဘူး။ ပြက္ခဒိန်ကိုလှန်လိုက် ပြီးတော့ကြိုက်ရာဂဏန်းကိုလက်နဲ့ထောက်. . .

“ဒါ. . ဒိုင်ယာနာသေဆုံးတဲ့နေ့ အဲဒီနေ့မှာ အင်္ဂလန်တစ်နိုင်ငံလုံးက ဝမ်းနည်းခြင်းအထိမ်းအမှတ်နဲ့ ပန်းစည်းတွေကို ဒိုင်ယာနာအုတ်ဂူမှာ သွားထားပေးကြတာ။ သူတို့အသုံးပြုတဲ့ပန်းစည်းတွေမှာ နှင်းဆီအနီရောင်သုံးပွင့်သုံးပြီး သစ်ခွပန်းနှစ်စည်းကိုပူးချည်ထားတာ”

အဲဒီလို ဘယ်နေ့မှာဘာဖြစ်ပြီး ဘယ်လိုအမှတ်တရပစ္စည်းတွေအသုံးပြုတာကအစ အကုန်သိတယ်။ ဟုတ်မဟုတ်တော့မပြောတတ်ဘူး ကိုယ်မှမသိဘဲကိုး။ သူပြောတော့လည်းဟုတ်တုတ်တုတ်ပေါ့။

နောက်ပြီး သူကအဲဒီလိုလက်ဆောင်ပေးရတာကိုလည်း ဝါသနာပါတယ်။ ဘယ်လောက်ထိလည်းဆို သူကောင်မလေးတစ်ယောက်ကိုမကြိုက်ခင်ကာလထိ ဗယ်လင်တိုင်းဒေးဆိုရင် ကျုပ်တို့တောင်သူ့ဆီက လက် ဆောင်ရတတ်တယ်။ ပေးစရာကောင်မလေးမရှိတော့

ကျားအချင်းချင်း ကို ပတ်ပေးနေတော့တာ. . . အဲဒီလို. . . ။

တစ်နေ့ကျတော့ကိုယ့်လူက ကောင်မလေးတစ်ယောက်ကို ကြိုက်ပါလေရော။ သူကြိုက်တဲ့ကောင်မလေးကလည်း ရပ်ကွက်ထဲမှာနာမည်ကြီး။ တခြားတော့ဘာမှုပုတ်ဘူး။ ရုပ်ချောတယ်ဆိုပြီး နာမည်ကြီးတာ။ အဲ. . ဒါပေမယ့် မြုံစိစိနဲ့ဆိုတော့ ခန့်မှန်းရခက်တယ်။ သူများတွေပြောကြတာတော့ အေးတယ်ပေါ့။ အားလုံးကလည်း အေးတယ်လို့ပဲသိကြတာ။

ထားပါတော့။

ကိုယ့်လူက အဲဒီကောင်မလေးကိုစကြိုက်တဲ့နေ့ကစပြီး လက်ဆောင်တွေစပေးတော့တယ်ဆိုပါတော့ဗျာ။ တရုတ်နှစ်ကူးဆိုလည်း နှစ်ကူးမို့ ကုလားနှစ်ကူးဆိုလည်းနှစ်ကူးမို့ ကရင်နှစ်ကူးဆိုလည်းနှစ်ကူးမို့ တစ်ကမ္ဘာလုံးနှစ်ကူးရင်လည်း နှစ်ကူးမို့။ နေ့တွေကိုစေ့ရော။ နေ့စေ့လစေ့ဆိုရင်တောင် ဗိုက်ကြီးသည်မထင်နဲ့ သူပဲ။ ဘယ့်နှယ်ဗျာပေးပဲပေးနိုင်လွန်းတယ်။ နဂါးခေါင်းတောင်ဘက်လှည့်ရင်တောင် လိမ္မော်သီးသုံးလုံးသွားပေးတာမျိုး. . . နဂါးကိုအနေခက်ရော။ ကိုယ်တွေ့။

ကောင်မလေးကလည်း ပထမတော့ငြင်းရှာပါသေးတယ်။ အဲ. . နောက်ပိုင်းကျတော့ မငြင်းရက်တော့ဘူး၊ ပေးတာအကုန်ယူတယ်။ အင်္ကျီလေးဆိုရင်လည်းယူလိုက်တာပဲ၊ ဖိနပ်လေးဆိုလည်းလက်ခံလိုက်တယ်၊ ယုတ်စွအဆုံးနို့မှုန့်ဘူးလာပေးရင်တောင် ချိုလိမ်လုပ်ပြီးစို့တော့တာ။ သူ့ခမျာအေးရှာတယ်လေ။ စကားနည်းရှာတယ်။ မြုံစိစိနဲ့. . . မျက်လုံးလေးပေကလပ်ပေကလပ်နဲ့ ချိုလိမ်လေးကိုကိုက်လို့။ သိပ်ကလေးဆန်တာ. . . ။

အဲဒီလိုပေးသမျှသာလက်ခံနေတာ အဖြေတော့ပြန်မပေးဘူးဗျ။ ဟိုကောင်မေးလိုက်ရင် အီးလေးအဲလေးနဲ့ငြင်းလိုက်တာပဲ။ ကြာလာတော့ ဘေးနားကသူငယ်ချင်းတွေကမခံနိုင်တော့ဘူး။

"ဟေ့ကောင်. . . မင်းပေးသမျှလည်းယူတယ် အဖြေကျတော့ပြန်မပေးဘူးဆိုတော့ ဘာသဘောလဲ. . . မရိုးဘူးထင်တယ်နော်. . အသေအချာမေးကြည့်ပါလား. . ."

စသည်ဖြင့်ဝိုင်းကြပ်ကြတော့ ကိုယ့်လူလည်းမနေနိုင်တော့ဘူး။



www.foreverspace.com.mm

အတင်းအကျပ်မေးတော့မှ . . .

အလုပ်မှမရှိသေးတာတဲ့။

ကောင်မလေးအဖြေစကားကြားတော့ ဟိုကောင်ပြာတောက်သွားတယ်။ သူ့မှာဘာအလုပ်မှမရှိဘဲ။ မိဘပိုက်ဆံထိုင်သုံးဖြုန်းနေပြီး မိဘပိုက် ဆံနဲ့ပဲ သူများကိုလက်ဆောင်ပေးနေရတာကိုး။

ဒါနဲ့အလုပ်ရှိရင်လက်ခံမှာလားဆိုတော့ ကောင်မလေးကခေါင်းညိတ်ပြတယ်။ အဲဒီနေ့ကစပြီး ကိုယ့်လူအလုပ်စရှာတော့တာ။

အလုပ်ရှာတယ်ဆိုတာလည်း ပေါ့သေးသေးအလုပ်မဟုတ်ဘူးဗျ။ မိဘကလည်းပိုက်ဆံရှိခဲ့ဖူးတဲ့ အထည်ကြီးပျက် အငြိမ်းစားတွေဆိုတော့ ဒင်းက တော်ရုံတန်ရုံတန်ဒီကအလုပ်တွေကိုဝင်စားတာမဟုတ်ဘူး။ နိုင်ငံခြား မှနိုင်ငံခြား၊ နိုင်ငံခြား သွားမယ်ဆိုတာချည်းပဲ။ ငတိကလူသာရူးတာ ဘုန်းမရူးဘူးဆိုတဲ့အစားထဲကနဲ့တူတယ်။ ရလည်းရတယ်။ သူအလုပ်လျှောက်ပြီး တစ်လလောက်အတွင်းမှာပဲ နိုင်ငံခြားသွားဖို့ ဗီဇာရလာတယ်။ နိုင်ငံခြားတကယ်သွားရတော့မယ်ဆိုတော့ ကိုယ့်လူကကောင်မလေးနဲ့ စေ့စပ်သွားချင်တယ်။ စေ့စပ်ထားဖို့လည်း သွားပြောတယ်။ ဒါပေမယ့် ကောင်မလေးဘက်က လက်ဆောင်ပစ္စည်းမဟုတ်တော့ လက်မခံဘူး။

ဘာစေ့စပ်စရာလိုလဲ။ တစ်ယောက်ကိုတစ်ယောက် သစ္စာရှိရင်ပြီးတာပဲ။ သူကရော နိုင်ငံခြားမှာ နောက်တစ်ယောက်တွေ့ပြီး စိတ်မပြောင်းနိုင်ဘူးလားပေါ့။

အဲဒီလိုနဲ့ပဲ နိုင်ငံခြားထွက်တဲ့ထိကို မစေ့စပ်ဖြစ်ဘူး။ ကိုယ့်လူနိုင်ငံခြားရောက်ပြီး တစ်လလောက်မှာတင် ကောင်မလေးရပ်ကွက်ထဲမှာဆိုင်ကယ်တစီးစီနဲ့ဖြစ်သွားတယ်။ နောက်တစ်လမှာအိမ်ပြင်တယ်။ ခြောက်လလောက်အတွင်းမှာ စတိုးဆိုင်ကြီးတစ်ဆိုင်ဖွင့်လိုက်တယ်။ စတိုးဆိုင်ကြီးမှ အတော်ကြီးတယ်။ ပစ္စည်းဆိုတာများ စုံသလားတော့မမေးနဲ့ သံပစ္စည်းဆိုအပ်က အစ ကျောက်ဆူးထိရှိတယ်။ တခြားကော်တို့ စတီးတို့ အစုံအစုံပဲ။ စတိုးဆိုင်ဖွင့်ပြီ ဆိုတာနဲ့ကိုသိတယ်မဟုတ်လား။ ယောကျ်ားတစ်ရှုန်းရှုန်းနဲ့ဖြစ်လာတယ်။ တစ်ရပ်ကွက်လုံးကလည်း ဒါ ဘယ်သူ့ကောင်းမှုဆိုတာ



www.foreverspace.com.mm

အားလုံးသိကြတယ်။ ဒီကောင်ရဲ့မိဘတွေလည်း သိကြတယ်။ ဒါပေမယ့် ဘာသွားပြောလို့ရမှာတုံး။ ကိုယ့်သားကိုယ်မှ ကိုယ်ပြောမနိုင်တာ။ ဒီကနေပြီးတော့ပဲ ကိုယ့်ဖာသာကိုယ်ငွေရအောင်စုလို့သာ သတိပေးရတော့တာပေါ့။ ကိုယ်မြင်ရတာမှမဟုတ်တာ။

ဒီလို့နဲ့တစ်နှစ်လောက်ကြာသွားတော့ ကိုယ့်လူမနေနိုင်တော့ဘူး။ ဒီကိုပြန်လာချင်တယ်ဖြစ်ရော။ မိဘတွေကတော့ ရောက်တုန်းရောက်ခိုက် ဟိုမှာပဲ အလုပ်ဆက်လုပ်စေချင်တယ်။ သူတို့အမြင်က သူတို့ဆီကယူသွားတဲ့စရိတ်တောင်မှမကျေသေးဘဲကိုး။ ဒါပေမယ့် ကိုယ့်လူကမရတော့ဘူး။ ရောဂါကတက်နေပြီ။ ဒါကြောင့်ဒီကိုပြန်ဖို့ပဲ အသည်းအသန်လုပ်နေတော့တာ။

ပြန်ရောက်လာပါတယ်။ ရောက်ရောက်ချင်းအထုပ်အပိုးတွေပစ်ချပြီး ကောင်မလေးအိမ်လိုက်သွားတယ်။ ကောင်မလေးကရှိမနေဘူး။ ဒါနဲ့ စတိုးဆိုင်ဆက်လိုက်သွားတော့ စတိုးဆိုင်မှာလည်း မရှိတော့ဘူး။ လင်နောက်လိုက်သွားပြီတဲ့။ ကိုယ့်လူဆိုတာရူးမတတ်ပဲ။ သူ့မှာအသည်းအသက်မကချစ်လို့ လက်ဆောင်ပစ္စည်းတွေပေး နိုင်ငံခြားသွား အလုပ်ကြမ်းသမားလို ကုန်းရုန်းလုပ်၊ ရသမျှငွေတွေစုပြီး ချစ်သူဆီပို့နဲ့ လုပ်ရတာလုပ်ရတာ။ အခုတော့အားလုံးအလကားဖြစ်သွားပြီလေ။ ဟိုကလင် နောက်လိုက်သွားပြီးဆိုတော့ ဘာလုပ်လို့ရတော့မှာတုံး။

ဒါနဲ့ပဲ လင်နောက်လိုက်တာလည်းလိုက်ပါစေတော့ သူပေးထားသမျှပစ္စည်းတွေပြန်ပေးပါဆိုတော့ ဟိုကသူတို့ဘာမှမရပါဘူးတဲ့။ ဘာတွေပေးခဲ့တယ်ဆိုတာသက်သေအထောက်အထားနဲ့ပြပါတဲ့။ ပေးတုန်းကတော့လွယ်လွယ်ကူကူရက်ရက်ရောရောပေးခဲ့တာဆိုတော့ ပြစရာကဘာအထောက်အထားမှမရှိဘူး။ ဘယ်သူကမှလည်း ခေါင်းဝင်မခံနိုင်ဘူး။ ဒီလိုနဲ့ပဲ. . .။

. . . . . .

သတင်းစဉ်. . .။

ရပ်ကွက်အတွင်း မီးလောက်မှုတစ်ခုဖြစ်ပွားခဲ့ပါသည်။ မီးလောင်

www.foreverspace.com.mm

သောနေရာမှာ ရပ်ကွက်လမ်းထိပ်ရှိ စတိုးဆိုင်တစ်ခုဖြစ်ပါသည်။ သို့သော် ထိုမီးမှာ မတော်တဆလောင်သောမီးမျိုးမဟုတ်ဘဲ တစ်စုံတစ်ယောက်က မကျေနပ်၍ ရှို့သောရှို့မီးဖြစ်ပါသည်။ ထိုမီးရှို့သောသူမှာ အဘ. . . ၏ သားမောင်. . . ဖြစ်ပြီး နိုင်ငံခြားမှပြန်လာသည်မှာ. . .

ဥပဒေပုဒ်မအရတရားစွဲတင်ပို့ထားပါကြောင်း. . . စသည့်ဖြင့်. . .။

နိုင်ငံခြားမှ ချစ်သူထံ လက်ဆောင်ပစ္စည်းများပို့တတ်သော ညီငယ်များသို့. . .။


ဝ ဝ ဝ

www.foreverspace.com.mm

မြန်မာ ပိုးနည်းမှာ လက်ဖဝါးစာရေးနည်းတစ်နည်းပါ ပါတယ်။ ကိုယ့်လူတို့လည်း ကိုယ့်ချစ်သူရဲ့ လက်ဖဝါးကို တယုတယကိုင်ပြီး လက်ဖဝါးပေါ်မှာ ရင်ခုန်ကြည်နူးစရာကောင်းတဲ့ စာကြောင်းလေးတစ်ကြောင်း နှစ်ကြောင်းရေးဖူးမှာပါ။ မရေးဖူးရင်လည်းရေးကြည့်ပါ။ အင် မတန်ကြည်နူးစရာ ကောင်းတယ်လို့. . . ရှေးလူကြီးတွေက ဆိုပါတယ်။

အဲ ကျွန်တော့်သူငယ်ချင်းတစ်ယောက်လည်း အဲဒီလိုပဲ။ သူ့ချစ်သူရဲ့ လက်ဖဝါးပေါ် စာရေးပြီးကြည်နူးခဲ့ဖူးပါတယ်။ သူ့နာမည်က





အမည် - ညီညီလွင်
ပိုးကောင်အမှတ် - ပ ◦ က ၀၀၈
အမည်ပေါက်ပိုးနည်း - လက်ဖဝါးစာရေးနည်း

www.foreverspace.com.mm

www.foreverspace.com.mm



ညီညီလွင်တဲ့ . . ။

**လူ**က အညာသားပါ။ ဒါပေမယ့် သူ့မိဘတွေက တာဝန်နဲ့၊ အောက်ပြည်ဘက်မှာတာဝန်ထမ်းဆောင်တော့ အောက်ပြည်မှာကြီး ခဲ့ရတာဆိုတော့ သူ့ရုပ်ဘယ်လိုဖြစ်နေမယ်ဆိုတာ စဉ်းစားသာကြည့်။ အညာသားဆိုရင် အသားညိုရမယ့်ဟာကို အောက်ပြည်မှာသွားကြီးတော့ မညိုသင့်တဲ့နေရာတွေညိုပြီး မဖြူသင့်တဲ့နေရာတွေမှာ ဖြူနေတာ။ ကျွန်တော်ဆိုလိုတာ ဒီလိုပါ။ ဟိုလေ မျက်ကွင်းတို့ဘာတို့ပေါ့။ မညိုသင့်ဘဲ ညိုနေတာ။ မဖြူသင့်ဘဲဖြူနေတယ်ဆိုတာက နှုတ်ခမ်းပါ။ နှုတ်ခမ်းက ဖြူဖတ်ဖြူရော်နဲ့ကြည့်ရတာ ဝက်ခေါက်ကိုဆေးချွတ်ထားသလို ထွတ်တွတ်တွတ်ကြီး . . ။

ထားပါတော့ အဲဒီမျက်ကွင်းညိုနဲ့ နှုတ်ခမ်းဖြူကိုပိုင်ဆိုင်ပြီး ခန္ဓာကိုယ်က အထက်မရောက်အောက်မရောက် ဘတ်လဘိုင်လိုက်နေတဲ့ဆရာ သမားတစ်ယောက်က တစ်နေ့ ကောင်မလေးတစ်ယောက်နဲ့ကြည်ပါလေရော။ သူ့ကောင်မလေးနာမည်က မိစံတဲ့။ ရောဝတီတိုင်းသူလေး။ အသားလေးကမဲတဲတဲလေး။(မည်းတဲတဲလေးဆိုတာ အမည်းအစစ်ကြီးမဟုတ်ဘူးလို့

ဆိုလိုတာပါ။ ဒါပေမယ့် ညှိုတာလည်းမဟုတ်ဘူး။ အလွယ်ဆုံးပြောရရင် အနက်နုနုပေါ့(ဆရာဒဂုန်တာရာလိုပြောရရင် နော့နော့ကလေးနက်လို့ပေါ့)

အဲ. . . သူက ကဗျာလေး စာတိုပေစလေးနည်းနည်းရေးတော့ ကလောင်နာမည်ကို နာမည်ရင်းကိုပဲ ပြောင်းပြန်လှန်ထားလိုက်တယ်။

မန်စိတဲ့။ မန်ကျည်းစေ့လိုလိုဘာလိုလိုနဲ့။ ခေါ်လို့တော့အကောင်းသား။ သူ့အသားအရောင်နဲ့လည်းလိုက်တယ်။ ထားလိုက်ပါတော့ အဲဒီဘတ်လ ဘိုင်နဲ့မန်စိတို့တွေ့ကြပါလေရော။ တွေ့ပြီး ချစ်သူဖြစ်လုဖြစ်ခင်အနေအထား ရောက်လာကြရောဆိုပါတော့။

နှစ်ယောက်လုံးကလည်း တက္ကသိုလ်ကျောင်းသူကျောင်းသား တွေ။ တက္ကသိုလ်မှာမေဂျာတူ၊ သူငယ်ချင်းကလည်းသူငယ်ချင်းတွေဆိုတော့ ရုပ်ရည်ကမရှိပေမယ့် အရွယ်ကရှိနေတော့ တစ်ယောက်ကိုတစ်ယောက် မျက်စိမှောက်မိကြတာပေါ့။ အဲဒီမှာ တောကစလည်တော့တာပဲ။

ညီညီလွင်ဆိုတဲ့ကောင်ကလည်း သူမတော်ရသေးတဲ့ရည်းစားက ကဗျာရှူးစာရှူးလေးဆိုတော့ သူလည်းမရှူးချင်ဘဲလိုက်ရှူးရတာပေါ့။ ရှူးပုံကလည်းယဉ်ယဉ်လေးရယ်. . . ။

"ဟောဒီကောင်းကင်ကြီးအောက်မှာ ငါရပ်တည်နိုင်သရွေ့ ရှိရှိသမျှအရာအားလုံးပုံပေးပြီး မင်းရှေ့မှောက်ဒူးထောက်လိုက်ချင်ပါတော့တယ်. . . သစ္စာရှင်. . . "

ညီညီလွင်က အဲဒီလိုဘွင်းဘွင်းကြီးမိန့်တော့. . .

"ဒါက အရောင်ပြောင်းလဲတတ်တဲ့သဘောတွေပါ အမှန်တော့ ပင်လယ်ရဲ့ရေမျက်နှာပြင်လို ဆူလွယ်နပ်လွယ်စကားမျိုး ငါမပြောချင်ဘူး ပကတိအမှန်တရားနဲ့သာ ကောင်းကင်မှာပျံသန်းနေချင်သူပါ "

မိစံခေါ်မန်စိကလည်း ဘယ်ခံလိမ့်မတုံး။ ဘတ်ခနဲပြန်ပက်တာ။

သူတို့နှစ်ယောက်ဆုံတဲ့အခါ ပြောတတ်တဲ့ဘာသာစကားတွေပါ။ ဘာတွေမှန်းသူတို့ဖာသာသူတို့ နားလည်လားမလည်လားတော့မသိဘူး။ ဒါပေမယ့် အဲဒီလိုပြောနေရင်လည်း မရယ်ကြဘူး။ ခပ်တည်တည်ပဲ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ဝမ်းခေါင်းသံကြီးတွေနဲ့ မိန့်မိန့်



www.foreverspace.com.mm

ကြီးကစ်တာ။ ကြာလာတော့လည်း ဟုတ်သည်ရှိမဟုတ်သည်ရှိ၊ တစ်ယောက်ကိုတစ်ယောက် မော်ဒန်ကဗျာဖတ်ရသလို ယောင်တောင်ပေါင်တောင်နဲ့ နားလည်ခဲ့ကြတာပေါ့။

ဒီလိုနဲ့ပဲ. . နေသာတဲ့နေ့တစ်နေ့မှာ. . .။

ဝ ဝ ဝ



www.foreverspace.com.mm

www.foreverspace.com.mm

"**ဖြူဖွေး**နေတဲ့မနက်ခင်းတစ်ခုမှာ မင်းရဲ့အပြုံးတွေကိုသန့်စင်ဖို့ အလဟသဆုံးရှုံးခဲ့တဲ့နေ့တွေကို နှမြောမိတယ် မန်စိ။ ဒါကြောင့် ဘယ်သော အခါမှ မပျောက်ဆုံးနိုင်တဲ့ ရာစုနှစ်ပေါင်းမြောက်မြားစွာတိုင် ကမ္ဘည်းထိုး နိုင်ဖို့ အရိုင်းပန်းလေးတစ်ပွင့်ဆီက နှလုံးသားစကားတစ်ခွန်း အတောင်အ လက်စုံစွာနဲ့မင်းဆီကို ပျံသန်းခွင့်ပြုပါ. . ."

ညီညီလွင်ဒီလိုဟလိုက်တာနဲ့ ဘယ်လိုပါရမယ်ဆိုတာသိတဲ့မိစံက ပြုံးပြုံးနဲ့ ရှက်ချင်ယောင်ဆောင်ပြီး ခေါင်းပေါ်ကသစ်ခက်တစ်ခုကို ချိုးလိုက် သေးတယ်။ ပြီးတော့မှ မရှက်စကောင်းရှက်စကောင်းအမူအယာနဲ့ သူ့ရဲ့ ကြည်လဲ့ရွှန်းစိုမျက်ကွင်းညိုကြီးကို ပုတ်ခပ်ပုတ်ခပ်လုပ်လိုက်ပြီး. . .

"ရင်တွင်းအတွင်းအဖျွတ္တမှာ ပုန်းအောင်းနေတဲ့ပန်းဥယျာဉ်ကြီးအ ကြောင်းလား။ အဲဒါဆိုရင်တော့ နားမထောင်ရဲဘူးကွယ်။ တော်ကြာ မဖိတ် ပဲအလည်လာတဲ့ ငါ့ရဲ့ဝေဒနာတွေ ရယ်သံတွေနဲ့ဆူညံသွားမှာစိုးလို့ပါ. . ."

မန်စိရဲ့စကားကို ငတိကနားလည်လားမလည်လားတော့မသိဘူး ခေါင်းကိုတောင် ဘီအီးဒီအောင်သိုက်ခါ ခါတယ်။ ပြီးတော့ ကောလိပ်ဂျင် နေဝင်းလိုခါးပေါ်လက်တင်ပြီး မြတ်လေးလေးသံနဲ့. . .

"မဟုတ်သေးဘူးမိစံမဟုတ်သေးဘူး။ ပန်းဥယျာဉ်ကြီးတစ်ခုတည်ဆောက်ဖို့ဆိုတာ အစေ့ကိုအညှောင့်ပေါက်လာအောင် အညှောင့်လေးတွေကိုအပင်ပေါက်လာအောင်၊ အပင်လေးတွေက အဖူးအငုံဖြစ်လာအောင်၊ အဖူးအငုံလေးတွေကိုမှ အပွင့်ဖြစ်လာအောင် အများကြီးစောင့်ရဦးမှာမဟုတ်လား။ အခု ကိုယ်ပြောတာက နှစ်ကိုယ်တူပန်းဥယျာဉ်ကြီးတည်ဆောက်ဖို့ ကြိုတင်ပန္နက်ရိုက်ထားချင်တာရယ်ပါ. . ."

ကြိုတင်ပန္နက်ရိုက်ထားချင်တာတဲ့ ကြည့်စမ်း။ တော်ရုံတန်ရုံကောင်မဆို ပါးချလောက်တယ်။ ဒါပေမယ့် ပို့စ်မော်ဒန်ပါး၀နေတဲ့မိစံက အေးရာအေးကြောင်းသူဌေးလောင်းပဲ။ မူမလိုပြုံးမလိုမျက်နှာနဲ့ အေးအေးလေးပဲပြန်ပြောလိုက်တယ်။

"မင်းရဲ့ပန်းဥယျာဉ်ပိုင်နက်အတွင်းက ပန်းတစ်ပွင့်ကိုမှ ကိုယ်မခူးခဲ့ပါနော်။ ငါ့ရဲ့နှလုံးသားလည်တိုင်မှာ ဆင်မြန်းထားတာက ကိုယ်တိုင်ပေါ့စတစ်ပါ။ တစ်ဖက်လူ ရှက်သွေးဆူစေမယ့် အပြုအမူတော့မလုပ်ပါနဲ့။ တောင်းပန်ပါတယ်. . . ရှင်. . ."

နှလုံးသားမှာတောင် လည်တိုင်ရှိသေးသတဲ့။ ဒီလောက်အလုံးကြီးမှာ အိုဘယ့်မော်ဒန်။ အေး အဲဒီလိုပဲအော်လိုက်ချင်တယ်။ အဟုတ်။ အခုလိုဒန်သမားချင်းကျတော့ တောင်တောင်ကိုမြည်ရော။ ငတိက ပြာသိုကြောင်ထီးပြုံးလို့ပြောလို့ရတဲ့ နှုတ်ခမ်းမွေးနံဘေးထောင်ရှုံ့ပြုံးတဲ့ အပြုံးတစ်မျိုးနဲ့ပြုံးပြီး. . .

"ဒါ. . . ရှက်သွေးဖြာစရာမဟုတ်ဘူးမန်စိ။ မင်းကို ကိုယ့်ဘ၀ထဲပုံသွင်းပြီး တမြတ်တနိုးကိုးကွယ်ဖို့ အရောင်စုံတဲ့ နှလုံးသားနဲ့ ဆစ်ထုချင်တာပါ. . ."

"ဘယ်လိုများလဲကွယ်. . ."

သူအိုးနဲ့သူဆန်က ကွက်တိပဲ။ ဟိုကဘာပြောမှန်းမသိပေမယ့် မိစံက မျက်လုံးလေး ပြာကညို့ပြာကညို့လုပ်ပြီးပြန်မေးတယ်။

"သိပ်ခက်ခဲလှတဲ့အလုပ်တော့မဟုတ်ပါဘူး။ မန်စိရဲ့လှပတဲ့မျက်လုံးလေးခဏပိတ်ပြီး၊ မန်စိရဲ့လက်ဖ၀ါးလေး အသာတကြည်ဖြန့်ထားရုံနဲ့



www.foreverspace.com.mm

www.foreverspace.com.mm



ဘုရားပေးတဲ့ကံစမ်းဆုလာဘ် ရရစေမယ်. . . ”

“သွား. . . လူဆိုး ရင်ခုန်စရာတွေရေးပေးမလို့မဟုတ်လား. . . ”

“အနာဂတ်မှာခုတ်မောင်းသွားမယ့် နှလုံးသားရထားတစ်စင်း အတွက် ပြည်ဝင်ခွင့်လက်မှတ်တစ်ခုပါ။ ခဏတာရင်တုန်ဖို့အတွက်မဟုတ်ဘဲ တစ်ဘဝစာရင်ခုန်ဖို့အတွက်ပါကွယ်. . . ”

မန်စိနဂိုတိုနေတဲ့ဇက်ကိုပုလိုက်တယ်။ နောက်ပြုံးစေ့စေ့လုပ်ပြီး သူ့လက်မည်းမည်းလေးကို သစ်ကိုင်းခြောက်သဖွယ်ထိုးထည့်ပေးလိုက်တယ်. . .။

“ရော့. . . ”



ညီညီလွင်က ကလောက်ခနဲ ကျခဲ့တဲ့ မန်စိရဲ့သစ်ကိုင်းခြောက်ကို ကြည့်ပြီး. . .။

“ စက္ကူကိုပါ ခဝါချထားလိုက်လေ. . . ”

မန်စိကသဘောပေါက်စွာ သူ့ဇိကို ဆွဲပိတ်လိုက်တယ်။ အဲဒီတော့မှ လူဘတ်လဘိုင်က သူ့အိတ်ထဲက ဘောပင်ကိုဆွဲထုတ်ပြီး မန်စိရဲ့ လက်ဖဝါးပေါ် စာရေးလိုက်တယ်။

မထင်ဘူး။ လက်ဖဝါးပေါ်သူ့စာလုံးကမထင်ဘူး။ နည်းနည်း ထပ်ဖိရေးကြည့်တယ်။ မထင်ဘူး။ မှင်များမထွက်လို့များလားဆိုပြီး သူ့လက်ဖဝါး ပေါ်ရေးကြည့်တယ်။ မှင်ကသူ့လက်ဖဝါးပေါ်မှာထင်တယ်။ ဒါဆို ဘာလို့ မန်စိလက်ဖဝါးပေါ်မထင်တာလဲ. . .။

နောက်မှ သူသတိရသွားတယ်။ သူရေးတဲ့မှင်အရောင်က အမည်း ကြီးဖြစ်နေတာကိုး။ ကျောက်သင်ပုန်းပေါ် မှင်အနက်နဲ့ရေးတာ ဘယ်ထင် ပါ့မလဲ။ ဒါကြောင့် ကမန်းကတန်းနောက်ဘောပင်တစ်ချောင်းကို သူ့အိတ်ထဲ ကဆွဲထုတ်လိုက်တယ်။

"ဟာ. . မပြီးသေးဘူးလားကွာ ဒီမှာလက်ညောင်းနေပြီ. . ."

မန်စိကဖနောင့်ဆောင့်ပြီးပြောတယ်။ သူ့သစ်ကိုင်းခြောက်ကြီးကိုတော့ မရုပ်သေးဘူး။ ဇိကိုလည်းမဖွင့်သေးဘူး။ နှုတ်ခမ်းကိုတော့ မူပြီးထော်ထားတယ်။ ဒီတော့မှ ညီညီလွင်လည်း ကမန်းကတန်းသူ့အိတ်ထဲက ကော်ရရှင် ပင်(န်)ကိုထုတ်ပြီး. . .

"ပြီးပါပြီးဟ ပြီးပါပြီ. . . နင်ကလည်း တစ်ဘဝလုံးစာအတွက်အရေးပါမယ့်စာကိုရေးနေတာ ခဏလေးတော့သည်းခံပါဟ. . ."

ဆိုပြီး မန်စိရဲ့လက်ဖဝါးမည်းမည်းမှာ ကော်ရရှင်ပင်(န်) အဖြူကြီးနဲ့ ချစ်တယ်ဆိုတဲ့စာလုံးကို ခပ်ကြီးကြီးရေးချလိုက်တယ်။

"ကဲ. . . ပြီးပြီ မျက်လုံးလေးဖွင့်ကြည့်တော့. . ."

မန်စိကပြုံးစိစိနဲ့မျက်လုံးဖွင့်ကြည့်တယ်။ သူ့လက်ဖဝါးကစာကိုလည်းမြင်ရော. . .

"ဟင်. . . ဘာမှန်းလဲမသိဘူး. . . သူများကအကောင်းရေးနေတယ်မှတ်တာ. . သွားလူဆိုး. . ရေလည်းမချိုးဘဲနဲ့. . ."

ဆိုပြီး ရှက်ချင်ယောင်ဆောင်ပြီး လှည့်ပြေးသွားတယ်။ အမှန်တော့ ဒီလက်ဖဝါးပေါ် ဒီစာပဲရေးမယ်ဆိုတာသိနေပြီးသားပဲ။ ဘာမှရှက်နေစရာကိုမလိုဘူး။ ဒါပေမယ့်မိန်းမသားမဟုတ်လား. . . အခွင့်အရေးရတာနဲ့အဲဒီလို ပြောင်းဒိုင်းဆွဲကိုမူပစ်တာ။

ထားပါတော့။ ဒီလိုနဲ့ပဲ အဲဒီလူ့ဘတ်လဘိုင်က မန်ကျည်းစေ့ကိုအဖြေတောင်းပါလေရော။ ဘယ်သူမဆို ပန္နက်ရိုက်ပြီးပြီဆို တိုင်လေးတော့ထူချင်ကြတာပါပဲလေ။ ဒါကြောင့် ကိုယ့်လူ လူ့ဘတ်လဘိုင်ကလည်းသူ့ကြည် လဲ့ရွှန်းစိုမျက်ကွင်းညိုမလေး မန်ကျည်းစေ့ဆီက အဖြေပြန်တောင်းတာပေါ့။ အဖြေကလည်း မတောင်းလို့မဖြစ်တော့ဘူးလေ။ အတန်းတင်စာမေးပွဲ ကလည်း မနက်ဖြန်ဆို အားလုံးဖြေပြီးကြပြီဆိုတော့ ငတိအတွက်က တကယ့် မိုးထဲရေထဲရောက်နေပြီကိုး. . .။

"သစ်ရွက်ကလေးတွေရဲ့လှုပ်ရှားသံဟာ အေးမြတဲ့မင်းအကြည့်ရဲ့အောက်မှာ ချိုးငှက်ကလေးတွေအူသံလိုများ ကြားနေရလေရဲ့မန်စိ။ ကိုယ်သိ



www.foreverspace.com.mm

www.foreverspace.com.mm

တဲ့အမည်နာမတစ်ခုကို ရွတ်ဆိုမိမယ်ဆိုရင် အဲဒီအမည်ကအချစ်ပဲဖြစ်ပါလိမ့်မယ်။ မင်းနှုတ်ဖျားကဖွင့်ဟလာမယ့်ချစ်အဖြေက အပျင်းထူတဲ့တိမ်တိုက်တွေလို ဒီလိုပဲငြိမ်သက်နေတော့မှာလားကွယ်. . . ”

ငတိရဲ့စကားကို ကြည်လဲ့ရွှန်းစိုမျက်ကွင်းညိုကြီးက လက်နှစ်ဖက်ယှက်၊ ခါးကိုယမ်းလိုက်သေးတာ. . . သဘောကတော့ ရှက်တယ်ပေါ့။

“ကျောင်းတံခါးပိတ်လို့ အိမ်ပြန်ချိန်မှာ ကိုယ့်ရဲ့နူနယ်တဲ့နှလုံးသားကို လက်လွတ်စပယ် ပစ်မထားရက်ဘူးကွယ်. . . မင်းနှလုံးသားကိုပါရင်ထဲ အလည်ခေါ်ပြီး အဖော်အဖြစ် ထားပါရစေ. . . ”



သူ့စကားဆုံးတာနဲ့ မန်ကျည်းစေ့က သူ့လက်မည်းမည်းကြီးကို တပြုံးလုံးကိုက်ပြီး. . .

“သွားလူဆိုး. . . သူပြောလိုက်မှ နှလုံးသားကိစ္စချည်းပဲ. . .။ ယမန်ကြီးယူပါရစေဦးလို့ ပြောထားရဲ့သားနဲ့. . . ”

ငတိဥပတိ ချက်ချင်းမှုန်သွားတယ်။ တည်တယ်ဆိုမှ ဆွတ်ခနဲဆွဲမှုန်ပစ်တာ။ ပြီးမှ ဩဩနက်နက်ကြီး ပြောချလိုက်တယ်။

“မနက်ဖြန်ဆိုရင်ဘဲ စာမေးပွဲနောက်ဆုံးရက်ကိုရောက်နေပြီလေ မန်စိ။ သန်ဘက်ခါမနက်မှာ တို့တွေမခွဲချင်ဘဲခွဲရဦး မယ်. . . ကိုယ့်အတွက်ကိုလည်း သာသနာပြုပြီး စာနာမှုလေးပေးပါဦးလို့ ပြောချင်တယ်. . . ”

အသံက ဘိုက်ဘရေးရှင်းနည်းနည်းပါတယ်။ ကတုန်ကရင်နဲ့။ ဒါပေမယ့် သိတယ်မဟုတ်လား အထာသိတဲ့မန်စိရဲ့မျက်လုံးက ဘယ်ထောင့်ကပ်တယ်၊ ညာထောင့်ကပ်တယ်. . . နောက်မှ ဘယ်တောင်ပံကို ခုတ်တင်လိုက်တယ်ခင်ဗျား. . . ရောက်ပါတယ်ခင်ဗျာ တော်တော်လေးကိုရောက်ပါ

www.foreverspace.com.mm

တယ်။ ရောက်တာမှ သူတို့ထိုင်နေတဲ့ပိတောက်ပင်ထိပ်ဖျား နားဆီကို ရောက်ပါတယ်ခင်ဗျာ အကြည့်ကိုပြောတာနော်. . .။

"ဒါဆိုလည်း သူ့အတိုင်း စက္ကူကို ပဓာနခဝါချလိုက်. . ."

ငတိဝမ်းသာအားရ မျက်စိကို'အင်'ခနဲမြည်အောင်ဆွဲပိတ်လိုက်တယ်။ ပြီးတော့ မန်စိဘာမှပြန်မပြောခင် မာလကာကိုင်းနဲ့တူတဲ့ သူ့လက်အရိုးပြိုင်းပြိုင်းကို 'ခွပ်' ဆိုထိုးပေးလိုက်တယ်။ မန်စိကသူ့လက်ကိုကိုင်ပြီး. . .

"စက္ကူနှစ်ကွင်း အန်အိုးပင်းနော်. . ."

"အင်းပါဆို. . ."

ငတိ နှုတ်ခမ်းကထော်ပြီး အသံကိုနွဲ့တယ်။ မန်စိက သူ့လွယ်အိတ်ထဲကဘောပင်ကိုထုတ်ပြီး ငတိမာလကာကိုင်းပေါ် စာတစ်လုံးနှစ်လုံးရေးချလိုက်တယ်။

"ပြီးပြီလား. . ."

"အင်း ပြီးပြီ. . . ဒါပေမယ့် ဖွင့်မကြည့်ရဘူးနော်. . ."

"ဘယ်လို. ."

"မျက်စိမှိတ်ထား. . . နောက်သုံးမိနစ်နေမှ ကြည့်ပါလို့. . ."

"အင်းအင်း. . ."

ငတိရင်တွေက တဒိတ်ဒိတ်ခုန်နေတယ်။ ဘာရေးထားတယ်ဆိုတာသိချင်နေပြီ။ ဒါပေမယ့် သုံးမိနစ်မပြည့်သေးတော့ ဖွင့်မကြည့်သေးဘူး။ အဲ သုံးမိနစ်ပြည့်လောက်ပြီဆိုမှ ဖွင့်ကြည့်လိုက်တော့. . .

"ဟာ. . ."

သူ့နားမှာ သူချစ်ရတဲ့ မန်စိမရှိတော့ဘူး။ ဒါနဲ့ လက်ဖဝါးကို ကမန်းကတန်းဖွင့်ကြည့်လိုက်တော့. . .

"ဟာ. . ."

"ချစ်တယ်တဲ့. . ."

သူ့လက်ဖဝါးပေါ် မှင်အပြာနဲ့ ထင်ထင်ရှားရှားရေးထားတဲ့စကားလုံး။

"ရဟူး. . ."

ငတိပျော်ပြီး သစ်ကိုင်းကိုလှမ်းခိုလိုက်တယ်။ လုံချည်တောင်ကျွတ်ကျမတတ်ဖြစ်သွားတယ်။ ဒါပေမယ့် မကျွတ်ဘူး။ ခါးပုံစကိုလက်တစ်ဖက်က ကိုင်ပြီး ဒီအတိုင်းတွဲလဲခိုနေတာ။ သစ်ပင်အစစ်မမြင်ဖူးတဲ့ တိရစ္ဆာန်ရုံက ရုတ်တရက်လွတ်လာတဲ့မျောက်အိုကြီးလိုပဲ . . . တောင်တောင်အီအီနဲ့ ပျော်နေတာ. . ပျော်နေတာ. . . လူဆိုတာ မျောက်ကဆင်းသက်လာတာမဟုတ်ဘူးလို့ ငြင်းကြတဲ့ပုဂ္ဂိုလ်တွေကို သက်သေပြချင်လိုက်တာ. . . မျောက်မှ တကယ့်ပီဘိမျောက်. . .။

ဝ ဝ ဝ



www.foreverspace.com.mm

www.foreverspace.com.mm



**အဲဒီ**တစ်နေ့လုံး ငတိလက်ဝါးကိုမဖြန့်တော့ဘူး။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုတ်ထားတော့တယ်။ ဘယ်သူဘာပြောပြောဖွင့်မပြဘူး။ ရေချိုးတာတောင် အဲဒီလက်ကို မိုးပေါ်ထောင်ပြီးချိုးတာ။ သူငယ်ချင်းတွေက လက်ကြောကပ်နေတယ်ထင်ပြီး အတင်းဆွဲဖြန့်တာတောင်မဖြန့်ဘူး။ ဟော့ကောင်တွေနော် ဘာညာနဲ့အော်ပြီး ခြေကုန်ကန်ပြီးတော့ကိုရုန်းတာ။ အဲဒီလို။

ညစာစုကျက်တော့လည်းအဲဒီလိုပဲ။စာဖတ်လိုက် အဲဒီလက်ဖဝါးကစာလေးကိုဖွင့်ဖတ်လိုက်နဲ့ ပီတိတွေဖြာနေတာ။ မျက်လုံးကလည်း အရောင်တွေဖလပ်ဖလပ်နဲ့ထွက်လို့ ဘယ်လောက်ထိလဲဆို နောက်တစ်နေ့ဖြေရမယ့်စာမေးပွဲကစာတွေတောင် ချစ်သူရေးပေးထားတဲ့ ချစ်တယ်ဆိုတဲ့စာလုံးနဲ့ ရောကျက်တော့တာ။

ဥပမာ။

ကမ္ဘာမြေပြင်ဟာ လနဲ့မိုင်ပေါင်း ချစ်တယ်ကွာဝေးပါတယ်။ ကမ္ဘာမြေပြင်ရဲ့ဆွဲငင်အားကို နယူတန်ကတွေ့ရှိခဲ့ပါတယ်။ ချစ်တယ်။

ရိုက်ညီနောင်သည် လေယာဉ်ပျံကိုစတင်တီထွင်ခဲ့ပြီး မြေပြင်မှ

www.foreverspace.com.mm

ဝေဟင်မှပေပေါင်း ချစ်တယ်အမြင့်ကို စတင်ပျံသန်းနိုင်ခဲ့ပါသည်။ ချစ်တယ်။

စသည်ဖြင့်ဗျာ. . . စာတိုင်းမှာ ချစ်တယ်ဆိုတာချည်းမိုးမွှန်နေတော့တာ။ သူ့လက်ဖဝါးက ချစ်သူရေးပေးထားတဲ့ ချစ်တယ်စာလုံးနဲ့ပေါင်းဖတ်တာပြောပါတယ်။

ဒီလိုနဲ့ပဲ . . .

ő ő ő

www.foreverspace.com.mm

**စာမေးပွဲ** အခန်းစောင့်ကျသူကတော့ သိပ်မကြာသေးခင်က မန္တလေးကပြောင်းလာတဲ့ ဒေါ်မို့မို့မြင့်၊ ရုပ်ရည်လေးက ဆရာမပီပီ တင့်တင့်တယ်တယ်ရှိပေမယ့် ဘာလို့အပျိုကြီးဖြစ်နေတယ်ဆိုတာ ဘယ်သူမှမသိဘူး။ သူ့ရုပ်သူ့ရည်နဲ့ဆို ဘယ်သူ့ကိုမဆို ခေါင်းခေါက်ယူလို့ရတဲ့အနေအထားရှိတယ်။ သူကဘယ်သူ့ကိုမှ ခေါင်းမခေါက်ခဲ့လို့ဖြစ်မယ်။ အခုချိန်ထိအပျိုကြီးပဲ။ ထားပါတော့ သူအပျိုကြီးဖြစ်တာနဲ့ စာမေးပွဲစစ်တာနဲ့တော့ ဘာမှမဆိုင်ဘူး။ ဆိုင်နေတာကဟိုငတိ။ စာမေးပွဲခန်းထဲကို လက်သီးကျစ်ကျစ်ပါအောင်ဆုပ်ပြီး ခပ်တင်းတင်းဝင်သွားတော့တယ်။ ပြီးတော့ မေးခွန်းမဝေသေးခင်အချိန်ထိ မျက်စိကိုမှိတ်ပြီးအံကြိတ်နေတယ်။ သူ့အတွေးထဲမှာတော့ဒီနေ့စာမေးပွဲပြီးသွားရင် လတ်လတ်ဆတ်ဆတ် ရည်းစားငုတ်တုတ်ကိုနယ်မပြန်ခင်ဘယ်လိုအလွမ်းသယ် ဧယင်ကျူးရမယ်ဆိုတာ ။ လက်ဖဝါးကစာနှစ်လုံးကိုပဲ ဘယ်လောက်တန်ဖိုးထားကြောင်းသက်သေပြမယ်ပေါ့ . . ။

ဒေါင်ခနဲ ခေါင်းလောင်းသံကြားတယ်။

ဆရာမဒေါ်မို့မို့မြင့်က ထုံးစံအတိုင်း မေးခွန်းစဝေတယ်။

www.foreverspace.com.mm



ငေတိက မျက်လုံးမဖွင့်သေးဘူး။ သူ့မျက်လုံးထဲမှာ သူနဲ့သူ့ချစ်သူ မခွဲခွာခင် သင်္ဘောဆိပ်မှာ တစ်ယောက်ကိုတစ်ယောက်ဖက်ပြီး ကကျွတ်ကကြက်နဲ့ ဇယင်ကျူးနေတာတွေမြင်ယောင်နေတယ်။

အတော်ကလေးကြာမှာ စိတ်ကိုဒုန်းဒုန်းချပြီး မျက်လုံးကိုဖွင့် မေးခွန်းကိုကြည့်လိုက်တယ်။

"ဟာ. . ."

မေးခွန်းတွေကြည့်ပြီး ငေတိပျော်သွားတယ်။

မေးခွန်းတွေက သူရပြီးသားမေးခွန်းတွေပဲ။ ငေတိပျော်သွားတယ်။ ဒါကြောင့် မေးခွန်းစာရွက်ကို ဘောက်ဘက်ဘောက်ဘက်နဲ့ ဆွဲပြီး စဖြေတော့တာ။

မေးခွန်းတွေက သူ့အတွက်လွယ်ကူနေတာကိုလည်း ချစ်သူကောင်းမှုလို့ သူထင်နေတယ်။ ဟုတ်တယ်လေ ချစ်သူအဖြေပေးလိုက်တော့မှ ရင်တုန်ပန်းတုန်နဲ့ တစ်ညလုံးအိပ်မရတဲ့အဆုံး စာတွေချည်း ကုန်းရုန်းကျက်ခဲ့တာ။ ငေတိဝမ်းသာအားရပဲ ချစ်သူရေးခဲ့ပေးတဲ့ ချစ်တယ်ဆိုတဲ့စကားကို ကျေးဇူးတင်စွာနဲ့ဖွင့်ကြည့်လိုက်တယ်။ ပြီးတော့ အဖြေစာရွက်ပေါ် အဖြေတွေချရေးလိုက်တယ်။ ပြီးတော့ ကျေးဇူးတင်လွန်းလို့ လက်ဖဝါးကစာကို ဖွင့်ကြည့်ပြန်တယ်။ ပြီးတော့ အဖြေစာရွက်ပေါ် အဖြေတွေချရေးပြန်တယ်။

ဆရာမက သူ့ကိုဖျတ်ခနဲလှည့်ကြည့်တယ်။ ငေတိကချစ်သူလက်ရေးကိုမမြင်စေချင်တဲ့သဘောနဲ့ သူ့လက်ကိုဖတ်ခနဲ ပြန်ဆုပ်လိုက်တယ်။ ပြီးတော့ အဖြေတွေပဲဆက်ရေးနေတယ်။ ဆရာမလစ်တာနဲ့ သူ့လက်ဖဝါးကစာကို ပျောက်သွားမှာစိုးရိမ်လို့ အသာလေးပြန်ဖွင့်ကြည့်တယ်။ ဆရာမပြန်လှည့်လာတာနဲ့ လက်ကိုဖျတ်ခနဲပြန်ဆုပ်ပြီး စာမေးပွဲပဲ ဆက်ဖြေနေတယ်။ ဆရာမ သူ့အနားလျှောက်လာတယ်။ ပြီးတော့ သူ့အဖြေစာရွက်ကို လာကြည့်တယ်။ ငေတိက ခပ်တည်တည်ပဲဆရာမကို စောင်းငန်းငန်းကြည့်ပြီး နှုတ်ခမ်းတစ်ဖက်တွန့်ပြီး ကြက်နာပြုံးပြုံးပြသေးတယ်။ ပြီးမှ စာမေးပွဲကိုပဲ ဆက်ဖြေတယ်။ ပြီးတော့ ဘောပင်လေးကိုက်လို့ ဆရာမကို တွေတွေကြီး စိုက်ကြည့်ကာ စဉ်းစားချင်ယောင်ဆောင်တယ်။ ပြီးတော့ အဖြေတွေကို

www.foreverspace.com.mm

ပြန်ဆက်ရေးတယ်။

ဆရာမဟိုဘက်လှည့်တာနဲ့ လက်ဖဝါးကိုဖျတ်ခနဲပြန်ဖွင့်ကြည့်တယ်။

"ချစ်တယ်တဲ့. . . ဟီး. . ."

ဆရာမက ဆတ်ခနဲပြန်လှည့်လာပြီး. . .

"မင်းလက်ဖဝါးကို ဖွင့်ပြစမ်း. . ."

ဆရာမရဲ့စကားကြောင့် ငတိထူပူသွားတယ်။ ပြီးတော့ လက်ဖဝါးကိုကျစ်ကျစ်ပါအောင်ဆုပ်ပြီး ခေါင်းကို ခပ်သွက်သွက်ခါတယ်။ မပြဘူးဆိုတဲ့သဘော။ သူ့အပြုအမူကြောင့် ဆရာမပိုတင်းသွားပြီး. . .

"ဟဲ့. . . မင်းလက်ဖဝါးကို ဖွင့်ပြစမ်းလို့ပြောနေတယ်လေ. . ."

ဆရာမရဲ့အော်သံကြောင့် စာမေးပွဲဖြေနေတဲ့သူအားလုံး သူတို့ကိုခေါင်းထောင်ကြည့်ကြတယ်။ ငတိက အားလုံးကိုမျက်လုံးကလယ်ကလယ်နဲ့လျှောက်ကြည့်ပြီး ခေါင်းကိုခပ်သွက်သွက်ထပ်ခါပြတယ်။ သူ့ကိုကြည့်ပြီး ဆရာမ ဒေါသပိုထွက်သွားလို့ထင့်။ ခါးကိုထောက်ပြီး လက်ညှိုးအပေါ်အောက်ထိုးကာ. . .

"မင်း. . . ငါပြောနေတာမရဘူးလား. . . စာမေးပွဲခန်းထဲကထွက်သွားချင်လို့လား. . ."

ဆရာမရဲ့အော်သံကြောင့် သကောင့်သားတွန့်ခနဲဖြစ်သွားတယ်။ ပြီးတော့ ဇောချွေးတွေ စိမ့်ခနဲထွက်လာတယ်။ ပြီးတော့ မျက်စိကိုစုံမှိတ်လို့ခေါင်းကိုခပ်သွက်သွက်ထပ်ခါတယ်။ သူ့အပြုအမူကိုကြည့်ပြီး ဆရာမမျက်နှာကြီးနီတက်သွားတယ်။ မလေးစားရကောင်းလားပေါ့။ နောက်သူ့စားပွဲခုံကို လက်နဲ့ခပ်ကြမ်းကြမ်းပုတ်ကာ. . .

"ဟဲ့. . . ပြောနေတယ်လေ. . . စာမေးပွဲခန်းကထွက်သွားမလား. . . နင့်လက်ဖဝါးကို ဖွင့်မလားလို့. . ."

ငတိရဲ့ဖြူဖတ်ဖြူရော်နှုတ်ခမ်းပါ ပြာနှမ်းသွားတယ်။ ပြီးတော့နှုတ်ခမ်းသားတစ်ဝိုက် စိမ့်ထွက်လာတဲ့ ဇောချွေးတွေကို သူ့လျှာကြမ်းကြီးနဲ့ပင့်သပ်ပြီး ကတုန်ကရင်အသံကြီးနဲ့. . .

www.foreverspace.com.mm



"မ. . မပြုပါရစေနဲ့ ဆရာမ. . . ဟို. . ဟိုမသင့်. . မသင့်တော်လို့ပါ. . . နော်. . . နော်. . . နောက်ပြီး ဆရာမလည်း ဘာမှမဆိုင်. . . "

"ဘာမဆိုင်ရမှာလဲ. . . ဒါ. . ငါစောင့်နေတဲ့စာမေးပွဲခန်း. . . စာတွေလက်ဖဝါးမှာရေးပြီး လာခိုးချနေတာမဟုတ်လား. . ."

ဆရာမရဲ့စကားကို ငတိကခေါင်းကိုခပ်သွက်သွက်ရမ်းခါပြီး. . .

"မ. . . မဟုတ်ရပါဘူးဆရာမရယ်. . . လက်ဖဝါးမှာရေးထားတာက. . . ဟို. . . ဟိုလေ. . . ဟို ရင်တွင်းဖြစ်မို့လို့ပါ. . ကျွန်တော့်ရင်ထဲမှာ မခံစားနိုင်လို့ . . ."



"နင့်ဖာသာနင် ရင်တွင်းမှာပဲခံစားခံစား. . . တခြားနာမည်တူတဲ့ အထဲကပဲခံစားခံစား ငါပြဆိုပြပေးစမ်း. . . ဒီမှာပြမှာလား ပါမောက္ခရှေ့မှာ သက်သေသက္ကာယနဲ့ပြမှာလား. . ."

ဆရာမရဲ့စကားကြောင့် ငတိပျာပျာသလဲဖြစ်သွားတယ်။ အားလုံး ကလည်း စာမေးပွဲကိုတောင်ဆက်မဖြေနိုင်ဘဲသူတို့ကိုပဲ ငေးကြည့်နေကြတာကို။ ဒါကြောင့်. . .

"မ. . မလုပ်ပါနဲ့ဆရာမရယ်. . . မလုပ်ပါနဲ့. . . ပြဆိုပြပါ့မယ် ဒါပေမယ့်. . ."

ငတိကစကားကိုထပ်မဆက်ဘဲ မျက်နှာကိုကလေးအို အိုချလိုက်တယ်။ ပြီးမှသက်ပြင်းကိုချပြီး. . .

"ဒါပေမယ့် ကျွန်တော့်ရင်တွင်းခံစားချက်လေးမို့ ဆရာမ ခံစားနားလည်ပေးပါလို့. . . ဒီလက်ဖဝါးကိုကြည့်ပြီး ပြက်ရယ်မပြုလိုက်ပါနဲ့ လူငယ်တစ်ယောက်ရဲ့ နှလုံးသားကို ခံစားနားလည်ပေးပါလို့. . ."

"လျှာမရှည်နဲ့. . . ပြမယ်ဖြင့်ပြစမ်း. . နင်ယောက်ျားမဟုတ်ဘူးလား. . ."

ဆရာမက ဒေါသတကြီးအော်တယ်. . .။ ဒီတော့မှငတိက. . .

"ဟုတ်ကဲ့ကျွန်တော်ယောက်ျားပါ. . ဆရာမဒီလောက်မှကြည့်ချင်ရင် ရှိစုမဲ့စုသတ္တိတွေစုပြီး ပြပါ့မယ်ဟောဒီမှာကြည့်. . ."

ဆိုပြီး မျက်လုံးကိုစုံမှိတ်ပြီး လက်ဖဝါးကိုဖွင့်ပြလိုက်တော့ ဆရာမသူ့လက်ဖဝါးမှာ ထင်ထင်ရှားရှားရေးထားတဲ့ ချစ်တယ်ဆိုတဲ့ စကားလုံးကိုမြင်သွားပြီး. . .

"ဟင်. . . ဟင်. . . ဒါက. . . ဒါက. . ."

ဆရာမသူ့လက်ဖဝါးကို ကြည့်ပြီးအံ့အားသင့်သွားတယ်. . .။

ဒါကိုငတိက အလစ်အငိုက်ဖမ်းပြီး. . .

"ချစ်တယ်လေဆရာမ. . . ချစ်တယ်. . ."

သူ့စကားကြောင့် ဆရာမတုန်တက်သွားတယ်. . .။

"ဟင်. . . ဟင် နင်ဘာပြောတယ်. . . ပါးကျိုးသွားချင်လို့လား စကားကိုပြန်ပြင်ပြောစမ်း. . ."

"ဟင့်အင်း. . . ဟင့်အင်း. . . ပြင်ချင်ဘူး. . . ပြင်ချင်ဘူး. . မဟုတ်တာလည်းမပြောဘူး ချစ်တယ်ပဲ မယုံရင် ဟောဒီမှာကြည့်ကြ ဒါဘာလဲ. . ."

ဆိုပြီးတစ်ခန်းလုံးမြင်ရအောင် လက်ဖဝါးကိုထောင်ပြလိုက်တယ်။ အားလုံးကလည်း ကျောင်းသားတွေမဟုတ်လား။ စာသင်သလိုပဲ ချစ်တယ်ဆိုတဲ့အသံကြီးကို ရင်ခေါင်းသံကြီးနဲ့ သံပြိုင်ထွက်လာကြတယ်။ အဲဒီအသံလည်းကြားရော ဆရာမမျက်နှာကြီးနီ အသားတွေတုန်တက်သွားပြီး . . .

"ဟင် . . . နင်က လူရှေ့သူရှေ့ အရှက်ခွဲတယ်ဟုတ်လား. . နင်. . နင်. . ."

ဆရာမရဲ့စကားကို ငတိကအပြင်းအထန်ခေါင်းခါပြီး. . .

"အရှက်ခွဲတာမဟုတ်ပါဘူးဆရာမရယ်. . . ကျွန်တော်အမှန်အတိုင်းပြောတာပါ. . . ဟောဒီမှာကြည့်လူတိုင်းမြင်တယ်. . ဒါဘာလဲ. ."



www.foreverspace.com.mm

www.foreverspace.com.mm



"ချစ်တယ်. . ."

သူ့စကားကို ကျန်တဲ့ကျောင်းသူကျောင်းသားအားလုံးက သံပြိုင်အော်တယ်။ အဲဒီအသံကြားလေ ဆရာမကအသားတုန်လေ။ အခြေအနေကို ဘယ်လိုမှထိမ်းမရတဲ့အဆုံး ဆရာမက. . .

"အေး. . ဒီလောက်ချစ်ချင်တဲ့ကောင်. . ကိုင်း. . . လိုက်ခဲ့. . ဌာနမှူးရုံးခန်းကို. . ."

ဆိုပြီး ငတိကိုကုတ်ဆွဲခေါ်သွားတော့တယ်။ စာမေးပွဲတောင်ဖြေလို့မပြီးသေးဘူး ညီညီလွင်က ဆရာမကိုကျောင်းခန်းထဲမှာ ရည်းစားစကားပြောတယ်ဆိုတဲ့သတင်း ကျောင်းထဲရုတ်ခြည်းပျံ့နှံ့သွားတော့တယ်. . .။

အဲဒီသတင်းလည်းကြားရော မနေ့ကမှလတ်လတ်ဆတ်ဆတ်အဖြေပေးထားတဲ့ ချစ်သူအမှုတုံးကြီးမန်စိဆို ကြက်သေ၊ ဘဲသေ၊ ငန်းသေတင်မက မန်ဒါလီသေ၊ ငှက်ကုလားအုပ်သေပါ သေသွားတော့တယ်။

နောက်သတင်းတစ်ခုက ထပ်ပြီးထွက်လာသေးတယ်. . .။

ဒါက ညီညီလွင်ကဆရာမကို ရည်းစားစကားပြောဖို့ သူ့လက်ရေးမလှလို့တဲ့. . . မန်စိကိုချစ်ချင်ယောင်ဆောင်ပြီးတစ်ဖက်လှည့်နဲ့ လက်ဖဝါးမှာဉာဏ်ဆင်ပြီးစာရေးခိုင်းခဲ့သတဲ့. . .။ အဲဒီသတင်းကလည်း လူပြောသူပြောများလာတော့ မန်စိခမျာမခံနိုင်တော့တဲ့အဆုံး စာမေးပွဲဖြေပြီးတဲ့ညနေမှာပဲသူ့နယ်ကို ရရာကားစီးပြီးအပြီးပြန်သွားတော့တယ်။

နောက်ဆက်တွဲအဖြစ်အပျက်တွေက အများကြီးပဲ။ ညီညီလွင်မန်စိနဲ့ပြတ်သွားတာရယ်၊ ညီညီလွင်စာမေးပွဲကျသွားတာတွေရယ်ပေါ့။

အဲ. . . အဆန်းဆုံးသတင်းကတော့ ညီညီလွင်အိမ်ထောင်ကျသွားပြီဆိုတာပါပဲ. . .။

အဲဒီထက်ဆန်းတာက သူနဲ့လက်ထပ်လိုက်သူက သူ့လက်ဖဝါးမှာစာရေးပြီး ပထမဆုံးပြမိတဲ့ ဆရာမဒေါ်မို့မို့မြင့်ပါပဲ. . .။

အခုဆိုရင် သူတို့နှစ်ယောက်ရဲ့ကလေးတောင် နှစ်ခါလည်လောက်ရှိပြီ။ ငတိဆရာမအပျိုကြီးကို ပြောလက်စနဲ့ ဘယ်လို ရောချလိုက်လည်းမသိဘူး။ အခုတော့ သူတို့မိသားစုတွေ ပျော်လို့ရွှင်လို့ပါပဲ . . .။

အဲဒါကြောင့်လည်းကျွန်တော်ပြောတာပေါ့။ ပိုးကောင်များရဲ့ ပိုးနည်းမှာ လက်ဖဝါးစာရေးနည်း တစ်နည်းပါတယ်လို့. . .။

ငတိကတစ်ခါတလေ ငူငူငိုင်ငိုင် ထိုင်နေတတ်တာကလွဲလို့ပေါ့။

လေးစားစွာကြိုးစားလျက်

အကြည်တော်



www.foreverspace.com.mm

www.foreverspace.com.mm

